MINISTRY OF
Sports and Youth Affairs
အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန
သတင်းလွှာ
Monthly Newsletter
Volume 2, No. 8, August 2023

# နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဧရာဝတီတိုင်းဒေသကြီးအတွင်း အားကစားကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်နေမှုများအား သွားရောက်ကြည့်ရှုစစ်ဆေး

## အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ခြင်းသည် မိမိတို့နိုင်ငံနှင့် လူမျိုး၏ဂုဏ်ကို မြှင့်တင်ပေးခြင်းပင်ဖြစ်ပြီး တိုင်းချစ် ပြည်ချစ်စိတ်များနှင့် အမျိုးသားရေး စိတ်ဓာတ်များကိုလည်း နိုးကြားတက်ကြွလာစေမည်





● နေပြည်တော်၊ ဩဂုတ်လ(၁၁)ရက်။

နိုင်ငံတော် စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့ မွန်းလွဲပိုင်းတွင် ကောင်စီ တွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ပြည်ထောင်စု ဝန်ကြီးများ၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ)နှင့် အဆင့်မြင့် တပ်မတော်အရာရှိကြီးများ၊ ဧရာဝတီ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်း၊ အနောက်တောင်တိုင်း စစ်ဌာနချုပ်တိုင်းမှူးနှင့် တာဝန်ရှိသူများလိုက်ပါ၍ ဧရာဝတီတိုင်းဒေသကြီး အတွင်း အားကစားကဏ္ဍမြှင့်တင်ရေး ဆောင်ရွက်နေမှုများနှင့် ပုသိမ်မြို့ ရေပေးဝေရေးလုပ်ငန်းသို့ သွားရောက် ကြည့်ရှုစစ်ဆေးသည့် ခရီးစဉ်တွင် ပုသိမ်မြို့ ကိုးသိန်းအားကစားပြိုင်ကွင်းသို့ရောက်ရှိကြပြီး ရှင်းလင်းဆောင်တွင် အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးထွန်းမြင့်ဦးက တိုင်းဒေသကြီးအတွင်း အားကစားကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး အတွက် ဆောင်ရွက်လျက်ရှိမှု၊ အားကစားကွင်းများ၊ အားကစားရုံများ၊ ရေကူးကန် တည်ဆောက်ထားရှိမှုနှင့် အဆင့်မြှင့်တင် ဆောင်ရွက်လျက်ရှိမှု၊ အားကစားနှင့် ကာယပညာ သိပ္ပံ(ပုသိမ်) တည်ဆောက်ဖွင့်လှစ်နိုင်ရေး စီမံဆောင်ရွက်လျက်ရှိမှုတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ရှင်းလင်း တင်ပြမှုများအပေါ် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က နိုင်ငံတော် ရေရှည်ဆက်ဆောင်ရွက်သွားမည့်ဦးတည်ချက်များတွင် အားကစားကဏ္ဍ မြှင့်တင်နိုင်ရေး အချက်တစ်ချက်အနေဖြင့် ထည့်သွင်းချမှတ်ထား

စာမျက်နှာ(၂)သို့ ▶









မျက်နှာဖုံးသတင်း • • • မှအဆက်









ရှိပြီးဖြစ်ပြီး အားကစားကို အလေးထား ဆောင်ရွက်လျက်ရှိကြောင်း၊ အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ခြင်းသည် မိမိတို့နိုင်ငံနှင့် လူမျိုး၏ဂုဏ်ကို မြှင့်တင်ပေးခြင်းပင်ဖြစ်ပြီး တိုင်းချစ်ပြည်ချစ်စိတ်များနှင့် အမျိုးသားရေး စိတ်ဓာတ်များကိုလည်း နိုးကြားတက်ကြွလာစေမည် ဖြစ်ကြောင်း၊ အားကစားသည် အမျိုးသားရေးပင်ဖြစ်သဖြင့် အလေးထားဆောင်ရွက်ရမည်ဖြစ်ကြောင်း အားကစားကွင်းများကို အဆင့်မြှင့်တင်ဆောင်ရွက်ရာတွင် လာရောက်ကြည့်ရှုနိုင်မည့်ပွဲကြည့်ပရိသတ်အင်အား ပမာဏကိုလည်း ထည့်သွင်းစဉ်းစားရန်လိုကြောင်း၊ နောင်တစ်ချိန်တွင် ဖြစ်ပေါ်လာနိုင်သည့် အခြေအနေများကို ကြည့်၍ ရေရှည်မျှော်တွေး ဆောင်ရွက်ရန်နှင့် အဆင့်မီပြီး ခေတ်နှင့်လျော်ညီသည့် စံချိန်မီ အားကစားရုံ၊ အားကစားကွင်းများ ဖြစ်ရန်လိုကြောင်း၊ ကားရပ်နားရန် နေရာများ၊ အရေးပေါ် အခြေအနေတွင် အဝင်၊ အထွက် လွယ်ကူအဆင်ပြေစေမည့် လူထွက်ပေါက်များကိုလည်း ထည့်သွင်းစဉ်းစား အဆင့်မြှင့်တင်သွားရန်လိုကြောင်း၊ အားကစားနှင့် ကာယပညာသိပ္ပံ(ပုသိမ်) တည်ဆောက်ရာတွင် ခွင့်ပြုပေးထားသည့် မြေနေရာများကို စနစ်တကျဖြင့် တွက်ချက်ဆောင်ရွက်ရန်လိုကြောင်း၊အဆောက်အအုံများ ဆောက်လုပ်ရာတွင်လည်း မြေလပ်များ မရှိစေရေး သတ်မှတ်အကွာအဝေးနှင့်အညီ ဖြစ်ရန်လိုကြောင်း၊ အားကစားအဆင့်အတန်းကောင်းမွန် အဆင့်မြင့်လာစေရေးအတွက် အားကစားကွင်းများ၊ အားကစားရုံများသည် သတ်မှတ်ထားသည့် အဆင့်အတန်းမီရန် လိုကြောင်း၊ ထိုသို့ ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်မှသာလျှင် အားကစား တိုးတက်ကောင်းမွန်လာမည် ဖြစ်ကြောင်း၊ နည်းပြများသည်လည်း အရည်အချင်းပြည့်မီစေရေး ဆောင်ရွက်ပေးရန်လိုကြောင်း မှာကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ကိုးသိန်း အားကစားပြိုင်ကွင်းအတွင်း လှည့်လည်ကြည့်ရှု၍ တာဝန်ရှိသူများ၏တင်ပြချက်များအပေါ် လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ကျောက်တိုင် အားကစားကွင်းသို့ ရောက်ရှိစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ မှာကြားသည်။

ဆက်လက်ပြီးနိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ပုသိမ်မြို့ ပွဲကြည့်စင်ပါ မိုးလုံလေလုံ အဆင့်မြင့် ရေကူးကန်တည်ဆောက်နေမှု အခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးရာ အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။ ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ပွဲကြည့်စင် တည်ဆောက်ရာတွင် ပရိသတ်အရေအတွက်များများ ဝင်ဆံ့နိုင်အောင် တွက်ချက်ဆောင်ရွက်ရန်၊ ရာသီဥတုဒဏ် အထူးသဖြင့် လေပြင်းတိုက်ခတ်မှုဒဏ် ခံနိုင်အောင် တွက်ချက်ဆောင်ရွက်ရန် လိုကြောင်း မှာကြားပြီး လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ လမ်းညွှန်မှာကြားခဲ့ကြောင်း သိရှိရသည်။





# မြန်မာနိုင်ငံအိုလံပစ်ကော်မတီ ဥက္ကဋ္ဌ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်း၏ မြင်းစီးအားကစားနည်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် တွေ့ဆုံလမ်းညွှန်















● ရန်ကုန်၊ ဩဂုတ်လ(၅)ရက်။

မြင်းစီးအားကစားနည်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် တွေ့ဆုံလမ်းညွှန်ဆွေးနွေးသည့်အခမ်းအနားကို ယနေ့နေ့လယ် (၁၃း၃၀) နာရီအချိန်တွင် ရန်ကုန်တိုင်းဒေသကြီး သဃ်န်းကျွန်းမြို့နယ်ရှိ အမျိုးသားအားကစားပြိုင်ပွဲရုံ(၁)သုဝဏ္ဏ ပတ္တမြားခန်းမ၌ကျင်းပပြုလုပ်ရာ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်း၏၊ အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးထွန်းမြင့်ဦးနှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ မြန်မာနိုင်ငံမြင်းစီးအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌနှင့် အမှုဆောင်များ၊ ရန်ကုန်မြင်းစီးအသင်း(YECC)ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ မြင်းစီးကလပ်အသီးသီးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ပထမဦးစွာ အစည်းအဝေးတက်ရောက်လာသူများက တစ်ဦးချင်းစီ ပြည်ထောင်စုဝန်ကြီးအား မိတ်ဆက်ဂါရဝပြုပြီးနောက် ပြည်ထောင်စုဝန်ကြီးမှအဖွင့်အမှာစကား ပြောကြားရာတွင် အားကစားနှင့်လူငယ်ကဏ္ဍဘက်စုံဖွံ့ဖြိုးတိုးတက်အောင်ဦးဆောင်၍ တာဝန်ယူ ဆောင်ရွက်လျက်ရှိပါကြောင်း၊ မြန်မာ့အားကစားလောက တိုးတက်အောင်မြင်ရေးကို ဆောင်ရွက်ရခြင်းဖြစ်တဲ့အတွက် အားကစားနည်းပေါင်းစုံ စဉ်ဆက်မပြတ် ဆောင်ရွက်နိုင်ရေးကို ဦးတည်ဆောင်ရွက်လျက်ရှိပါကြောင်း၊ အားကစားကျဆင်းရခြင်းမှာ မျိုးဆက်သစ် ခါးပြတ်မှုကြောင့်ဖြစ်ပါကြောင်း၊ အဖွဲ့ချုပ်များသည် နိုင်ငံတကာ အားကစားပြိုင်ပွဲများတွင် နိုင်ငံ့ဂုဏ်ဆောင်နိုင်ရေးအတွက် ဆောင်ရွက်ပေးနေတာဖြစ်သည့်အတွက် အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန၏ လုပ်ဖော်ကိုင်ဖက်များအဖြစ် ခံယူထားပါကြောင်း၊ အောင်မြင်မှုရရှိဖို့ဆိုလျှင် အကောင်းမြင် ဝါဒနှင့် ကြည့်ရှုဆောင်ရွက်မှသာ ခရီးပေါက်မည်ဖြစ်ကြောင်း၊ စည်းလုံးညီညွတ်မှုအားနဲ့ ပေါင်းစပ်ဆောင်ရွက်ရန်လိုအပ်ပါကြောင်း၊ တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးတွင် အားကစားနည်းပေါင်းစုံ၌ ကလပ်အသင်းများဖွဲ့စည်းရေးကို ဆောင်ရွက်လျက်ရှိပြီး အားကစားကလပ်များသည် အဖွဲ့ချုပ်များတွင် မှတ်ပုံတင်၍ မိမိဝါသနာပါ ချစ်မြတ်နိုးသော အားကစားနည်း

စာမျက်နှာ(၄)သို့





စာမျက်နှာ(၃)···မှအဆက်

အောင်မြင်ရေးကို ပူးပေါင်းဆောင်ရွက်ရန် လိုအပ်ပါကြောင်း ပြောကြားခဲ့သည်။

ဆက်လက်၍ မြန်မာနိုင်ငံမြင်းစီးအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌနှင့် အဖွဲ့ချုပ်အကြံပေး၊ ရန်ကုန်မြင်းစီးအသင်း၊ (AAA)မြင်းစီးကလပ်၊ ကြည်သာအေးမြ မြင်းစီးကလပ်၊ Gallop Myanmar မြင်းစီးကလပ်အသင်းနှင့် ရှမ်းပြည်နယ်မြင်းစီးအသင်းတို့မှ တာဝန်ရှိသူများ၊ ကိုယ်စားလှယ်များက လက်ရှိဆောင်ရွက်နေမှုများနှင့် ဆက်လက် ဆောင်ရွက်လိုသော လုပ်ငန်းရပ်များကို ဆွေးနွေးတင်ပြကြ



ပါသည်။ ထိုသို့ဆွေးနွေးတင်ပြမှုအပေါ် ပြည်ထောင်စုဝန်ကြီးက ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်နိုင်ရေးနှင့် အဖွဲ့ချုပ်ကို မြင်းစီးအားကစားဝါသနာပါသော၊ အမှန်တကယ် ဆောင်ရွက်လိုသော၊ ပံ့ပိုးကူညီနိုင်သော၊ အတွေ့အကြုံရင့်ကျက်သော ပညာရှင်များ၊ မျိုးဆက်သစ်များဖြင့် ပြန်လည်ဖွဲ့စည်းရန် လိုအပ်ပါကြောင်း လမ်းညွှန်မှာကြားခဲ့ပါသည်။

ယနေ့ တွေ့ဆုံညှိနှိုင်းအစည်းအဝေး၌ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် မြင်းစီးကလပ်အသင်းများ တိုးပွားလာရေးနှင့် မျိုးဆက်သစ်အားကစားသမားထွက်ပေါ်ရေး၊ အဖွဲ့ချုပ်နှင့် ကလပ်အသင်းများ အပြန်အလှန်အမှီသဟဲပြု၍ အားကစားနည်း အောင်မြင်ရေးကို ပူးပေါင်းဆောင်ရွက်ပေးရေး၊ မြင်းစီးအားကစားနည်း ဖွံ့ဖြိုးတိုးတက်၍ နိုင်ငံတကာပြိုင်ပွဲများတွင် အောင်မြင်မှု ရရှိရေးကို ဆွေးနွေးခဲ့ကြောင်း သိရှိရသည်။













# မြန်မာနိုင်ငံအိုလံပစ်ကော်မတီ ဥက္ကဋ္ဌ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံ ဟန်ကျိုးအာရှအားကစားပြိုင်ပွဲကို ကြိုဆိုခြင်းအထိမ်းအမှတ် မြန်မာ-တရုတ် ချစ်ကြည်ရေး အားကစားဖလှယ်ခြင်းနှင့် လှူဒါန်းငွေပေးအပ်ခြင်းအခမ်းအနား တက်ရောက်









● ရန်ကုန်၊ ဩဂုတ်လ(၆)ရက်။

ဟန်ကျိုး အာရှအားကစားပြိုင်ပွဲကိုကြိုဆိုခြင်းအထိမ်းအမှတ် မြန်မာ-တရုတ် ချစ်ကြည်ရေး အားကစား ဖလှယ်ခြင်းနှင့် လှူဒါန်းငွေပေးအပ်ခြင်း အခမ်းအနားကို ယနေ့နံနက် (၉း၃၀)အချိန်တွင် ရန်ကုန်မြို့ အင်းလျားကန်ရှိ မြန်မာနိုင်ငံလှေလှော် အဖွဲ့ချုပ်၌ ကျင်းပရာ အားကစား နှင့် လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံ၊ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် အစိုးရ အဖွဲ့ဝင် ဝန်ကြီးများ၊ ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံဆိုင်ရာ တရုတ် ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr Chen Hai နှင့် သံရုံး မိသားစုဝင်များ၊ အားကစားနှင့်ကာယ



ပညာဦးစီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ မြန်မာနိုင်ငံလှေလှော်အဖွဲ့ချုပ်၊ မြန်မာ နိုင်ငံ ဝူရှူးအဖွဲ့ချုပ်မှ အားကစား သမားများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ခဲ့ကြ သည်။

အခမ်းအနားအစီအစဉ် ပထမ ပိုင်းအရ အားကစားနှင့် လူငယ်ရေးရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံက အဖွင့်အမှာစကား ပြောကြားရာတွင် ၂၀၂၃ ခုနှစ်၊ စက် တင်ဘာလ(၂၃)ရက်နေ့မှ အောက် တိုဘာလ(၈)ရက်နေ့အထိ တရုတ် ပြည်သူ့သမ္မတနိုင်ငံ၊ ဟန်ကျိုးမြို့၌ ကျင်းပပြုလုပ်မည့် (၁၉)ကြိမ်မြောက် အာရှအားကစား ပြိုင်ပွဲတွင် မြန်မာ နိုင်ငံအနေဖြင့် ဘောလုံး၊ ဝူရှူး၊ လှေလှော်၊ ပိုက်ကျော်ခြင်း၊ တိုက် ကွမ်ဒို၊ မြားပစ်၊ E-Sport (၇)နည်း ဝင်ရောက် ယှဉ်ပြိုင်သွားမှာဖြစ်ပြီး ၎င်းတို့အနက် ဘောလုံး၊ လှေလှော်၊ ဝူရှူးအားကစားအဖွဲ့(၃)ဖွဲ့ကို မြန်မာ နိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတ နိုင်ငံသံရုံးမှ အလှူငွေပေးအပ်ခြင်း နှင့် ချစ်ကြည်ရေးအားကစားဖလှယ်ပွဲ ကျင်းပပေးတဲ့အတွက် ကျေးဇူးအထူး တင်ရှိပါကြောင်း၊ တရုတ်ပြည်သူ့ သမ္မတနိုင်ငံအနေနဲ့ အရှေ့တောင် အာရှအားကစားပြိုင်ပွဲနှင့် ပတ်သက်

စာမျက်နှာ(၆)သို့

>>

ဆက်လက်၍ ပြည်ထောင်စု ဝန်ကြီးသည် တာဝန်ရှိသူများလိုက်ပါ လျက် အားကစားနှင့် ကာယပညာ သိပ္ပံ(ရန်ကုန်)ဝင်းအတွင်းရှိ အမျိုး သား/အမျိုးသမီး(၄)ထပ် အိပ်ဆောင် တည်ဆောက်ပြီးစီးမှု အခြေအနေ အား သွားရောက်ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များကို လမ်းညွှန်မှာကြား ခဲ့ပြီးနောက် မြန်မာ့အားကစားလက် ရွေးစင်ဟောင်းများအသင်းသို့ ရောက် ရှိ၍ အသင်းကြီးအတွက် အလှူငွေ ကျပ် (၁၀)သိန်းပေးအပ်ခဲ့ရာ ဥက္ကဋ္ဌ ဦးစိုးသိန်းက လက်ခံရယူခဲ့ပါသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး သည် ဂေါက်သီးလေ့ကျင့်ရေးကွင်း တည်ဆောက်နေမှုအား ကြည့်ရှုစစ် ဆေးပြီးနောက် မြန်မာနိုင်ငံကျွမ်းဘား အဖွဲ့ချုပ်၌ မျိုးဆက်သစ်လူငယ်များ လေ့ကျင့်နေမှုအား ဝင်ရောက်ကြည့်ရှု အားပေးခဲ့ပြီး မြန်မာနိုင်ငံ ကျွမ်းဘား အဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ ကလေး မိဘများနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံ အားပေးစကား ပြောကြားခဲ့ကြောင်း သိရှိရသည်။

■

















စာမျက်နှာ(၅)···မှအဆက်

ပြီး Government to Government Joint training အစီအစဉ်များကို ၂၀၁၃ခုနှစ်မှစတင်၍ နှစ်စဉ်ကူညီ ထောက်ပံ့ပေးသည့်အတွက် မြန်မာအသင်းအနေဖြင့် ပြိုင်ပွဲများမှာ အောင်မြင်မှုရရှိခဲ့တာဖြစ်ပြီး လာမည့် ၂၀၂၅ခုနှစ်၊ ထိုင်းနိုင်ငံမှာကျင်းပမည့် (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲမှာလည်း တရုတ်ပြည်သူ့သမ္မတနိုင်ငံအနေဖြင့် နှစ်ရှည်ပူးတွဲလေ့ကျင့်ခွင့်ရရှိရေး၊ နည်းပြများစေလွှတ်ပေးခြင်း၊ မြန်မာနိုင်ငံသို့ လာရောက်ပူးတွဲ လေ့ကျင့်ပေးခြင်း၊ အားကစားနည်းအလိုက် လိုအပ်လျက်ရှိသော ခေတ်မီအားကစားပစ္စည်းများ ထောက်ပံ့ပေးရေးတို့ကို ဆက်လက်ကူညီ ဆောင်ရွက်ပေးမည်ဟု ယုံကြည်ပါကြောင်း ပြောကြားခဲ့ပါသည်။

ဆက်လက်၍ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr Chen Hai ကမကြာမီ ဟန်ကျိုးမြို့မှာ ကျင်းပတော့မည့် (၁၉)ကြိမ်မြောက် အာရှအားကစားပြိုင်ပွဲကြီးဟာ အာရှတိုက်ရှိ နိုင်ငံပေါင်းစုံက အားကစားသမား ၁၉၀၀၀ ကျော်က ငြိမ်းချမ်းရေး၊ ချစ်ကြည်ရေး၊ တိုးတက်ရေးဆိုတဲ့ အာရှအားကစားသံစဉ်ကို အတူဖော်ဆောင်သွားကြမှာဖြစ်ပါကြောင်း၊ အာရှတိုက်စွမ်းရည်ကိုပြသ၍ Heart to Heart @ Future ဆိုတဲ့ဆောင်ပုဒ်လိုမျိုး နှလုံးသားခြင်းပေါင်းစပ်ပြီး အနာဂတ်ဆီချီတက်နိုင်မည်ဟု ယုံကြည်ပါကြောင်း၊ ကိုဗစ်(၁၉)ကာလအလွန်မှာ အားကစား ကူးလူးဖလှယ်မှုတွေကို အတူတကွဖော်ဆောင်ပြီး မြန်မာ့အားကစားဖွံ့ဖြိုးတိုးတက်ရေးကို ကူညီပေးသွားမှာဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။

ထို့နောက် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီးက မြန်မာနိုင်ငံ ဝူရှူးအဖွဲ့ချုပ်၊ မြန်မာနိုင်ငံလှေလှော်အဖွဲ့ချုပ်၊ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်များသို့ အမေရိကန်ဒေါ်လာ (၂၈၀၅ ) စီ ပေးအပ်လှူဒါန်းရာ တာဝန်ရှိပုဂ္ဂိုလ်များက လက်ခံရယူခဲ့ပါသည်။

ဆက်လက်၍ အားကစားအဖွဲ့ချုပ်များကိုယ်စား မြန်မာနိုင်ငံ လှေလှော်အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးသောင်းထိုက်မင်းကလည်းကောင်း၊ အားကစားသမားများကိုယ်စား မြန်မာ့လက်ရွေးစင်ဝူရှူးအားကစားမယ် စန္ဒီဦးကလည်းကောင်း ကျေးဇူးတင်စကားပြောကြားခဲ့ပြီး သံအမတ်ကြီးက အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်နှင့် အစိုးရအဖွဲ့ဝင်ဝန်ကြီးများအား အမှတ်တရ လက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့ပြီးနောက် အမှတ်တရ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကူးခဲ့ပါသည်။

















ထို့နောက် သံရုံးမိသားစုဝင်များနှင့် တရုတ်နိုင်ငံတွင် Joint training သွားရောက်ခဲ့သည့် မြန်မာ့လက်ရွေးစင် ဝူရှူးအားကစားသမားများ တွဲဖက်၍ သရုပ်ပြအစီအစဉ် ပြသခဲ့ပြီး အခမ်းအနား ပထမပိုင်းအစီအစဉ်အား ကျင်းပခဲ့ပါသည်။

အခမ်းအနားအစီအစဉ် ဒုတိယပိုင်းအဖြစ် သံရုံးမိသားစုဝင်များ၊ ဧည့်သည်တော်များနှင့် အားကစားသမားများ ပါဝင်သည့် ချစ်ကြည်ရေးလေ့လော့ အားကစားပြိုင်ပွဲ ကျင်းပခဲ့ပြီး ပထမပန်းဝင်လာသော အသင်းအား ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ဝန်ကြီးချုပ်က ဂုဏ်ပြုဆု ချီးမြှင့်ပေးခဲ့ကြောင်း သိရှိရပါသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် မြန်မာနိုင်ငံ ရွက်လှေအဖွဲ့ချုပ်သို့ ရောက်ရှိလာရာ မြန်မာနိုင်ငံ ရွက်လှေအဖွဲ့ချုပ်မှ တာဝန်ရှိသူများက ကြိုဆိုကြပြီးနောက် ပြည်ထောင်စုဝန်ကြီးသည် လေ့ကျင့်နေသော နည်းပြနှင့် အားကစားသမားများအား တစ်ဦးချင်းစီ ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်၍ မိမိဝါသနာပါသော အားကစားနည်းကို ဉာဏ်စွမ်းရှိသမျှ ဝီရိယစိုက်ထုတ်၍ နိုင်ငံ့ဂုဏ်ဆောင်နိုင်ရေးအတွက် ကြိုးစားလေ့ကျင့်ကြရန်နှင့် နည်းပြ/အုပ်ချုပ်သူများအနေဖြင့်လည်း နယ်မှလာသော အားကစားသမားလေးများအား အားကစားစွမ်းရည် တိုးတက်အောင် လေ့ကျင့်ပေးမှုအပြင် စိတ်အာဟာရ ပြည့်ဝစေရန် အုပ်ထိန်းသူမိဘများနှင့် အဆက်အသွယ် မပြတ်စေရေးကို တစ်လတစ်ကြိမ် ဆောင်ရွက်ပေးစေလိုကြောင်းမှာကြားခဲ့ပြီးနောက် မြန်မာနိုင်ငံရွက်လှေအဖွဲ့ချုပ်မှ တာဝန်ရှိသူများက လက်ရှိဆောင်ရွက်နေသော အားကစားကိစ္စရပ်များကို တင်ပြခဲ့ရာ ပြည်ထောင်စုဝန်ကြီးက အဖွဲ့ချုပ်အနေဖြင့် လာမည့် ၂၀၂၅ခုနှစ်တွင်

စာမျက်နှာ(၉)သို့

# အလေးမနည်းပြသင်တန်း (Level-2) ဖွင့်ပွဲအခမ်းအနားကျင်းပ












● နေပြည်တော်၊ ဩဂုတ်လ(၇)ရက်။

အပြည်ပြည်ဆိုင်ရာ အိုလံပစ်ကော်မတီ သွေးစည်းညီညွတ်မှု အစီအစဉ်ဖြင့် ဖွင့်လှစ်သည့် အလေးမနည်းပြသင်တန်း (Level-2) ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်(၉)နာရီတွင် နေပြည်တော် အားကစားလေ့ကျင့်ရေးစခန်း (Gold Camp)ရှိ Multipurpose Hall ၌ ကျင်းပခဲ့သည်။



ဦးစွာ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ ဥက္ကဋ္ဌ၊ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံက အဖွင့်အမှာစကား ပြောကြားရာတွင် နိုင်ငံတော်၏ အားကစားအဆင့်အတန်း တိုးတက်မြင့်မားလာစေရေးအတွက် ရေတို၊ ရေရှည်စီမံချက်များ ချမှတ်ပြီး အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ ပထမခြေလှမ်းအဖြစ် အရှေ့တောင်အာရှနိုင်ငံများအလယ်တွင် အနိုင်ရရှိရေးအတွက် ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားကြစေလိုကြောင်း၊ ထိုမှတစ်ဆင့် အာရှနိုင်ငံများနှင့် ကမ္ဘာ့နိုင်ငံများအထိ အောင်မြင်မှုများရရှိအောင် ကြိုးပမ်းသွားကြစေလိုကြောင်း၊ ၂၀၂၃ ခုနှစ်တွင် ကမ္ဘောဒီးယားနိုင်ငံ၌ ကျင်းပခဲ့သည့် (၃၂)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် အလေးမ အားကစားနည်းအနေဖြင့် ရွှေတံဆိပ်(၁)ခု၊ ကြေးတံဆိပ်(၂)ခုတို့ကို ထိုက်ထိုက်တန်တန် ဆွတ်ခူးနိုင်ခဲ့ကြောင်း၊ နိုင်ငံတကာ အားကစားပြိုင်ပွဲတိုင်းတွင် ရွှေတံဆိပ်များ ဆွတ်ခူးနိုင်ပြီး အောင်မြင်မှုရရှိစေရန် ထူးချွန်သည့် အားကစားသမားများရှိရုံသာမက ထူးချွန်သည့် နည်းပြဆရာကောင်းများ ရှိရန်လည်းလိုကြောင်း၊ နည်းပြများအနေဖြင့်လည်း မျိုးဆက်သစ် အားကစားသမားများအား အခြေခံနည်းစနစ်များကို စနစ်တကျ မှန်မှန်ကန်ကန် သင်ကြားလေ့ကျင့်ပေးစေလိုကြောင်း၊ မြန်မာ့အားကစား တိုးတက်စေရေးအတွက် နိုင်ငံတကာနှင့် ရင်ဘောင်တန်း၍ ခေတ်မီတိုးတက်ပြီးသိပ္ပံနည်းကျသည့် နည်းစနစ်များနှင့် နည်းဗျူဟာများကို မျက်ခြေမပြတ်စေရန် ပြည်တွင်းသင်တန်းများ ဖွင့်လှစ်ဆောင်ရွက်စေပြီး နိုင်ငံတကာ အားကစားအတွေ့အကြုံများ ရရှိစေရန်အတွက် ပြည်ပနိုင်ငံများသို့လည်း စေလွှတ်ပေးလျက်ရှိကြောင်း၊ ယခုဖွင့်လှစ်သော အလေးမနည်းပြသင်တန်းသည် အလေးမ အားကစားအဆင့်အတန်း တိုးတက်မြင့်မားစေရေးအတွက် များစွာအထောက်အကူပြုသည့်သင်တန်းဖြစ်ပြီး စာတွေ့၊ လက်တွေ့ သင်ကြားပို့ချပေးမည့် ခေတ်မီတိုးတက် ပြောင်းလဲနေသည့် အဆင့်မြင့်အသိပညာ၊ အတတ်ပညာများကို မိမိတို့၏ အတွေ့အကြုံများနှင့်ပေါင်းစပ်ပြီး အလေးမ အားကစား တိုးတက် မြင့်မားစေရေးအတွက် အကောင်အထည်ဖော် ဆောင်ရွက်သွားစေလိုကြောင်း တိုက်တွန်းမှာကြားခဲ့ပြီးနောက် အပြည်ပြည်ဆိုင်ရာ အလေးမအဖွဲ့ချုပ် (IWF)မှ တာဝန်ပေးအပ်သည့် နည်းစနစ် ကျွမ်းကျင်သူDr. Aphinya Dattuyawat က နှုတ်ခွန်းဆက် အမှာစကားပြောကြားခဲ့ပြီး စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကူး၍ အခမ်းအနားအားရုပ်သိမ်းခဲ့သည်။

အဆိုပါ သင်တန်းဖွင့်ပွဲအခမ်းအနားသို့ မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ၊ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံ၊ ဒုတိယဝန်ကြီးများဖြစ်ကြသည့် ဦးမျိုးလှိုင်၊ ဦးဇင်မင်းထက်၊ ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန် ရှိသူများ မြန်မာနိုင်ငံအလေးမအဖွဲ့ချုပ်မှ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ အပြည်ပြည်ဆိုင်ရာ အလေးမအဖွဲ့ချုပ် (IWF)မှ နည်းစနစ် ကျွမ်းကျင်သူ Dr. Aphinya Dattuyawat နှင့် သင်တန်းသား/ သင်တန်းသူများ တက်ရောက်ခဲ့ကြပြီး အလေးမနည်းပြသင်တန်း (Level-2) အား ဩဂုတ်လ(၇)ရက်နေ့မှ (၁၁)ရက်နေ့အထိ သင်တန်းသား/သင်တန်းသူ (၂၀)ဦးဖြင့် ဖွင့်လှစ်သင်ကြားသွားမည်ဖြစ်ကြောင်း သိရသည်။

■

# အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဝန်ထမ်းမိသားစုများ၏ ဒုတိယအကြိမ် ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားကျင်းပ













● နေပြည်တော်၊ ဩဂုတ်လ(၁၀)ရက်။

အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံနှင့်ဇနီး ဒေါ်မေသန်းကြိုင်တို့အား အမှူးထား၍ နှစ်စဉ်ကျင်းပလျက်ရှိသည့် အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဝန်ထမ်းမိသားစုများ၏ ဒုတိယအကြိမ် ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းခြင်း အခမ်းအနားကို ယနေ့နံနက် (၉)နာရီခွဲတွင် နေပြည်တော် အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ရုံးအမှတ်(၃၁)၊ စုပေါင်းခန်းမ၌ ကျင်းပခဲ့သည်။

ဦးစွာ ပျဉ်းမနားမြို့ မဟာဝိသုတာရာမ၊ ဥယျာဉ်စုသိမ်ကျောင်းတိုက် ပဓာနနာယကဆရာတော် ဘဒ္ဒန္တ အဂ္ဂဝံသ မဟာထေရ်မြတ်ကြီးထံမှ ငါးပါးသီလ ခံယူဆောက်တည်ခြင်း၊ သံဃာတော်အရှင်မြတ်တို့ ရွတ်ပွားသရဇ္ဈာယ်တော်မူသော ပရိတ်တရားတော်များကို နာယူခြင်း၊ ဆရာတော်ကြီးများအား ဝါဆိုသင်္ကန်းနှင့်လှူဖွယ်ဝတ္ထုပစ္စည်းများအား ဆက်ကပ်

စာမျက်နှာ(၁၀)သို့

စာမျက်နှာ(၇)・・・မှအဆက်

ထိုင်းနိုင်ငံ၌ ကျင်းပမည့် (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ၌ ကျင်းပရေးကော်မတီမှ သတ်မှတ်သည့် ပြိုင်ပွဲအမျိုးအစားတိုင်းကို ဝင်ရောက်ယှဉ်ပြိုင်စေလိုကြောင်းနှင့်အရှေ့တောင်အာရှ၊ အာရှ ရွှေကလေ့အဖွဲ့ချုပ်များနှင့် ဆက်သွယ်၍ မိမိအားကစားနည်း ဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်စေလိုကြောင်း၊ မိမိတို့ ဝန်ကြီးဌာနအနေဖြင့်လည်း အားကစားအဖွဲ့ချုပ်တိုင်း၏ လုပ်ဆောင်မှုကို အစဉ်အားပေးလျက်ရှိပြီး အဖွဲ့ချုပ်အနေဖြင့်လည်း ယခင်ရရှိခဲ့သည့် အောင်မြင်မှုများထက် မနိမ့်ကျသော အောင်မြင်မှုမျိုး ရရှိရေးကို အလေးထားဆောင်ရွက်၍ တိုးတက်မှုရှိအောင် ဖော်ဆောင်ပေးစေလိုကြောင်း လမ်းညွှန်မှုပြုခဲ့ကြောင်း သိရှိရသည်။

















စာမျက်နှာ(၉)...မှအဆက်

လှူဒါန်းခြင်းနှင့် ဆရာတော်မထေရ်မြတ်ကြီးထံမှ အနုမောဒနာတရားနာကြား၍ ရေစက်သွန်းလောင်း အမျှပေးဝေပြီး ဗုဒ္ဓသာသနံ စိရံ တိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ အခမ်းအနားအား ရုပ်သိမ်းခဲ့ပြီးနောက် မထေရ်မြတ်ကြီးတို့အား နေ့ဆွမ်းဆက်ကပ်လှူဒါန်းခြင်းများပြုလုပ်ခဲ့ပြီး တရားနာ လာရောက်ကြသူများအား



နေ့လယ်စာဖြင့် တည်ခင်းဧည့်ခံကျွေးမွေးခဲ့သည်။

အဆိုပါအခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံနှင့်ဇနီး၊ ဒုတိယဝန်ကြီး ဦးဇင်မင်းထက်နှင့်ဇနီး၊ အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် အရာထမ်းများ တက်ရောက်ခဲ့ကြောင်း သိရသည်။

# အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံ ကာယပညာနှင့် အားကစားအခြေခံ နည်းပြသင်တန်း အမှတ်စဉ်(၂၁) သင်တန်းသား/သင်တန်းသူများအား တွေ့ဆုံလမ်းညွှန်အမှာစကား ပြောကြား








● နေပြည်တော်၊ ဩဂုတ်လ(၁၅)ရက်။

အားကစားနှင့် လူငယ်ရေးရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံက ကာယပညာနှင့် အားကစားအခြေခံ နည်းပြသင်တန်း အမှတ်စဉ်(၂၁) သင်တန်းသား/သင်တန်းသူများအား တွေ့ဆုံအမှာစကား ပြောကြားခြင်းအခမ်းအနားကို ယနေ့ နံနက်(၁၀)နာရီတွင် နေပြည်တော်၊ ဝဏ္ဏသိဒ္ဓိအားကစားရုံ(B)၌ ကျင်းပခဲ့သည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံက တွေ့ဆုံအမှာစကား ပြောကြားရာတွင် အားကစားနှင့် လူငယ်ရေးရာ ဝန်ကြီးဌာနအနေဖြင့် အားကစားကဏ္ဍနှင့် လူငယ်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် တာဝန်ယူ ဆောင်ရွက်လျက်ရှိကြောင်း၊ စာသင်ကျောင်းများ၌ အားကစား အခြေခံပိုင်းအား တာဝန်ယူဆောင်ရွက်ကြမည့် ဆရာ/ဆရာမများအနေဖြင့် ကျောင်းသားလူငယ်များကို အနီးကပ် ပြုစုပျိုးထောင်ပေးရသော အရေးကြီးသည့် လက်ဦးဆရာများ ဖြစ်သည့်အတွက် "အစကောင်းမှ အနှောင်းသေချာမည်"ဆိုသည့်အတိုင်း ကျောင်းသားလူငယ်များအား အတွေးအခေါ်၊ အယူအဆ မှန်ကန်ပြီး စိတ်ဓာတ်ခံယူချက် ကောင်းမွန်သည့် အားကစားသမားကောင်းများဖြစ်လာစေရန်နှင့် ကိုယ်ကာယပိုင်းဆိုင်ရာ ကျန်းမာကြံ့ခိုင်မှုနှင့် စိတ်ဓာတ်ပိုင်းဆိုင်ရာ ကြံ့ခိုင်မှုများ ရှိစေရန်အတွက် ပြုစုပျိုးထောင် လေ့ကျင့်ပေးရန်လိုကြောင်း၊ လက်ရှိအချိန်တွင် နိုင်ငံတော်အနေဖြင့် အားကစားကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် အဘက်ဘက်မှ ပံ့ပိုးဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ကျန်းမာကြံ့ခိုင်ပြီး စိတ်ဓာတ်ကြံ့ခိုင်မှုရှိမှသာ ပညာရေးပိုင်းမှာသာမက အားကစားပိုင်းမှာပါ ထူးချွန်ထက်မြက် အောင်မြင်သူများ ဖြစ်လာနိုင်မည်ဖြစ်ကြောင်း၊ ယခင်က အားကစားတွင် "စည်းကမ်းသည် ပထမ၊ စံချိန်သည် ဒုတိယ" ဟူသည့်ဆောင်ပုဒ်အတိုင်း လေ့ကျင့်ဆောင်ရွက်ခဲ့ကြပြီး မိမိရောက်ရှိ တာဝန်ယူချိန်မှစ၍ ကျန်းမာရေးကောင်းမွန်မှသာ အရာအားလုံးကို ပြီးမြောက်အောင်မြင်အောင် ဆောင်ရွက်နိုင်မည်ဖြစ်သည့်အတွက် "ကျန်းမာရေးသည် ပထမ၊ စည်းကမ်းသည် ဒုတိယ၊ စံချိန်သည် တတိယ"ဟု ပြောင်းလဲပြင်ဆင် ဆောင်ရွက်ခဲ့ကြောင်း၊ ယခုသင်တန်းတက်ရောက်ခဲ့

စာမျက်နှာ(၁၂)သို့

စာမျက်နှာ(၁၁)...မှအဆက်





သည့် သင်တန်းသား/သင်တန်းသူများ၊ ဆရာ/ဆရာမများအနေဖြင့် အားကစားကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် အားကစားကွင်း/ အားကစားရုံများနှင့် အားကစားအထောက်အကူပြုပစ္စည်းများ အသုံးပြုရန်လိုအပ်ပါက အားကစားနှင့်ကာယပညာဦးစီးဌာနအောက်ရှိ တိုင်း/ခရိုင်/မြို့နယ်များမှ အားကစားမှူးများ၊ အားကစားမှတာဝန်ရှိသူများနှင့် ချိတ်ဆက်ပြီး ပေါင်းစပ်ညှိနှိုင်း၍ အသုံးပြုနိုင်ကြောင်း၊ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနအနေဖြင့် လိုအပ်သည့် အားကစားအထောက်အကူပြုပစ္စည်းများကိုလည်း ဖြည့်ဆည်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ဆက်လက်ပြီး ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်က ကျေးဇူးတင် စကားပြောကြားခဲ့ပြီး အခမ်းအနားအား ရုပ်သိမ်းခဲ့သည်။

အဆိုပါ အခမ်းအနားသို့ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်း၏၊ ဒုတိယဝန်ကြီးများ၊ အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ၊အုပ်ချုပ်/နည်းပြများနှင့် သင်တန်းသား/ သင်တန်းသူများ တက်ရောက်ခဲ့ကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ဝဏ္ဏသိဒ္ဓိ အားကစားကွင်းရှိ FRIENDSHIP POWER ကုမ္ပဏီမှ တာဝန်ယူဆောင်ရွက်လျက်ရှိသည့် ဘောလုံးအားကစားကွင်းအား မြက်အသစ်စိုက်ပျိုးနိုင်ရေးအတွက် မြေညှိခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေအား လိုက်လံကြည့်ရှုစစ်ဆေးခဲ့ပြီး သတ်မှတ်ကာလအတွင်း အချိန်မီ ပြီးစီးစေရေးနှင့် အရည်အသွေးပြည့်မီ ကောင်းမွန်စေရေးအတွက် တာဝန်ရှိသူများအားလိုအပ်သည်များ လမ်းညွှန်မှာကြားခဲ့သည်။

ဆက်လက်ပြီး ပြည်ထောင်စုဝန်ကြီးသည် မြားပစ်အားကစားလေ့ကျင့်ရေးကွင်းတွင် မြန်မာ့လက်ရွေးစင် မြားပစ် အားကစားသမားများနှင့် လူငယ်မြားပစ်အားကစားသမားများ၏လေ့ကျင့်နေမှုများအား သွားရောက်ကြည့်ရှု အားပေးခဲ့ပြီးနောက် အားကစားသမားများအား ကျန်းမာရေးအထူးဂရုစိုက်ကြရန်၊ မိမိတို့၏အရည်အချင်းများတိုးတက်ပြီး အောင်မြင်မှုရရှိစေရန်အတွက် မဆုတ်မနစ်သောဇွဲ၊ စိတ်ဓာတ်တို့ဖြင့် အစွမ်းကုန်ကြိုးစားလေ့ကျင့်ကြရန်နှင့် လိုအပ်ချက်များနှင့် အခက်အခဲများအား ဖြည့်ဆည်း ဆောင်ရွက်ပေးနိုင်ရေးအတွက် တာဝန်ရှိသူများအား လိုအပ်သည်များ လမ်းညွှန်မှာကြားခဲ့ကြောင်း သိရသည်။





# အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်း၏ (၅၀ကီလိုမီတာခရီးရှည်ပြိုင်ပွဲ)အရည်အချင်းစစ် မြင်းစီးပြိုင်ပွဲအား တက်ရောက်ကြည့်ရှုအားပေး















● နေပြည်တော်၊ ဩဂုတ်လ(၂၀)ရက်။

အိုလံပစ် အားကစားနည်းတစ်ခု ဖြစ်သည့် မြင်းစီးအားကစားနည်း ဖွံ့ဖြိုးတိုးတက်၍ နိုင်ငံတကာပြိုင်ပွဲများတွင် အောင်မြင်မှုရရှိစေရေး မြင်းစီးအားကစားသမားများစွာ ပေါ်ထွက်လာစေရေးနှင့် ၂၀၂၅ ခုနှစ်တွင် ထိုင်းနိုင်ငံ၌ ကျင်းပပြုလုပ်မည့် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်နိုင်စေရေးတို့အတွက် ရည်ရွယ်၍ မြန်မာနိုင်ငံမြင်းစီးအားကစားအဖွဲ့ချုပ်မှ ကြီးမှူးကျင်းပသည့် FEI One Star Endurance Qualification Round 1 (၅၀ ကီလို မီတာခရီးရှည်ပြိုင်ပွဲ) အရည်အချင်းစစ် မြင်းစီးပြိုင်ပွဲကို ယနေ့နံနက် (၆)နာရီတွင် နေပြည်တော်၊ ဥတ္တရသီရိမြို့နယ် မြင်းစီးအားကစားကွင်း၌ ကျင်းပခဲ့သည်။

ဦးစွာ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်း‌ဇံက (၅၀ ကီလိုမီတာခရီးရှည်ပြိုင်ပွဲ) အရည်အချင်းစစ် မြင်းစီးပြိုင်ပွဲအား တာလွှတ်၍ စတင်ယှဉ်ပြိုင်ခဲ့ကြပြီးနောက် ပြည်ထောင်စုဝန်ကြီးသည် မြင်းများထားရှိသည့် မြင်းဇောင်းနေရာများအား လိုက်လံကြည့်ရှုစစ်ဆေးခဲ့ပြီး မြင်းများအား စနစ်တကျထားရှိနိုင်ရေးနှင့် အဆောက်အဦများအား ပြန်လည်ပြုပြင်နိုင်ရေးအတွက် လိုအပ်သည်များကို တာဝန်ရှိသူများအားလမ်းညွှန်မှာကြားခဲ့သည်။

ပြိုင်ပွဲဝင် မြင်းစီးအားကစားသမား အသီးသီးတို့သည် (၂၅ကီလိုမီတာ) ယှဉ်ပြိုင်စီးနင်း၍ ပထမအကျော့ ပန်းဝင်ခဲ့ကြပြီး သတ်မှတ်ထားသည့် Water point နေရာများတွင် မြင်း၏ ခံနိုင်ရည်အားနှင့် နှလုံးခုန်နှုန်းအား စစ်ဆေးခဲ့ကြပြီးနောက် ဒုတိယအကျော့ တာလွှတ်၍ (၂၅ ကီလိုမီတာ) ထပ်မံ ယှဉ်ပြိုင်စီးနင်းခဲ့ကြသည်။

(၅၀ ကီလိုမီတာခရီးရှည်ပြိုင်ပွဲ) အရည်အချင်းစစ် မြင်းစီးပြိုင်ပွဲတွင် MEIkTILA RIDING CLUB, MO RIDING CLUB, NAY PYI TAW RIDING CLUB, YECC RIDING CLUB တို့မှ ပြိုင်ပွဲဝင် အားကစားသမားအတွဲ(၂၃)တွဲ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည်။

အဆိုပါပြိုင်ပွဲသို့ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်း၏၊ ဒုတိယဝန်ကြီးများဖြစ်ကြသည့် ဦးမျိုးလှိုင်၊ ဦးဇင်မင်းထက်၊ အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးထွန်းမြင့်ဦးနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ မြင်းစီးအားကစား

စာမျက်နှာ(၁၄)သို့ ▶

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က မြန်မာအီလက်ထရောနစ်မဲပေးစက်နှင့် စပ်လျဉ်းပြီး ဝန်ကြီးဌာနများအား ရှင်းလင်းပြသခြင်းနှင့် လက်တွေ့သရုပ်ပြ စမ်းသပ်မဲပေးခြင်းများဆောင်ရွက်





● နေပြည်တော်၊ ဩဂုတ်လ (၂၂)ရက်။

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်က မြန်မာအီလက်ထရောနစ်မဲပေးစက်နှင့်စပ်လျဉ်းပြီး ရှင်းလင်းပြသခြင်းနှင့် လက်တွေ့သရုပ်ပြ စမ်းသပ်မဲပေးခြင်းကို ယနေ့နံနက်ပိုင်းတွင် သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန အစည်းအဝေးခန်းမနှင့် မွန်းလွဲပိုင်းတွင် အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဝဏ္ဏသိဒ္ဓိအားကစားရုံ (ဘီ)တို့၌ ကျင်းပသည်။



အခမ်းအနားများသို့ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော်နှင့် ဦးမင်းသိန်းဇံ၊ ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျ၊ အရာထမ်း၊ အမှုထမ်းများ တက်ရောက်၍ လက်တွေ့မဲပေးခြင်းများကို ဆောင်ရွက်ကြသည်။

ဦးစွာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးအောင်လွင်ဦးနှင့် ဦးကိုကိုလွင်၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံးမှ တာဝန်ရှိသူများက မြန်မာအီလက်ထရောနစ်မဲပေးစက်နှင့်စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးပြီး စမ်းသပ်မဲပေးခြင်းများကို ဆောင်ရွက်ကြသည်။

ရှင်းလင်း ဆွေးနွေးခြင်းနှင့် သရုပ်ပြပွဲများသို့ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနမှ အရာထမ်း၊ အမှုထမ်း ၁၆၆ ဦး၊ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနမှ အရာထမ်း၊ အမှုထမ်း ၄၅၀ ဦးတက်ရောက်ပြီး မဲပေးစက်ဖြင့် လက်တွေ့ဆန္ဒမဲပေးကြသည်။

မဲဆန္ဒရှင် ပြည်သူတစ်ယောက်အနေဖြင့် Myanmar Electronic Voting Machine (MEVM) စက်အသုံးပြု၍ ဆန္ဒမဲပေးရာတွင် မိမိ မဲပေးရွေးချယ်ခဲ့သည့် ပါတီ/ကိုယ်စားလှယ်၏ တံဆိပ်အမှတ်အသားပါ ဆန္ဒမဲဖြတ်ပိုင်းသည် ပရင်တာမှ ထွက်ပေါ်လာမည်ဖြစ်ပြီး သုံးစက္ကန့်အကြာတွင် အောက်ဘက်ရှိ မဲပုံးအတွင်းသို့ အလိုအလျောက်ကျဆင်းသွားသည်ကို မြင်တွေ့နေရသည့်အတွက် ပွင့်လင်းမြင်သာ၍

▶▶






▶ စာမျက်နှာ(၁၃)...မှအဆက်

အဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးပြုံးမောင်မောင်နှင့် အဖွဲ့ချုပ်အမှုဆောင်များ၊ မြင်းစီးကလပ် အသီးသီးမှ တာဝန်ရှိသူများ၊ မြန်မာ့လက်ရွေးစင် မြင်းစီးအားကစားသမားဟောင်းများ တက်ရောက်ကြည့်ရှုအားပေးခဲ့ကြသည်။

ထို့နောက် အောင်လက်မှတ်ချီးမြှင့်ခြင်း အခမ်းအနားကို ဆက်လက်ကျင်းပခဲ့ရာ မြန်မာနိုင်ငံ မြင်းစီးအားကစားအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးပြုံးမောင်မောင်က အဖွင့်အမှာစကားပြောကြားခဲ့ပြီးနောက် (၅၀ ကီလိုမီတာ ခရီးရှည်ပြိုင်ပွဲ) အရည်အချင်းစစ် မြင်းစီးပြိုင်ပွဲတွင် အောင်မြင်ခဲ့သည့် မြင်းနှင့် အားကစားသမားအတွဲ (၁၄)တွဲတို့ကို တာဝန်ရှိသူများက အသီးသီး အောင်လက်မှတ်များ ပေးအပ်ချီးမြှင့်ခဲ့ပြီး အခမ်းအနားအား ရုပ်သိမ်းခဲ့သည်။



မြန်မာနိုင်ငံ မြင်းစီးအားကစားအဖွဲ့ချုပ်အနေဖြင့် မြင်းနှင့်အားကစားသမားများအား One Star အဆင့်ရရှိစေရေးအတွက် ခရီးရှည် မြင်းစီးပြိုင်ပွဲကို ယခုပြိုင်ပွဲ အပါအဝင် (၄) ကြိမ် ထပ်မံကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

■

# အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံ (၄)ကြိမ်မြောက်အာရှ မသန်စွမ်းအားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်မည့် အားကစားအဖွဲ့များအား သွားရောက်ကြည့်ရှု အားပေးစကားပြောကြား





● ရန်ကုန်၊ ဩဂုတ်လ(၂၉)ရက်။

အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံသည် ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့် ကာယပညာကော်မတီဥက္ကဋ္ဌ တိုင်းဒေသကြီးဥပဒေချုပ် ဦးဌေးအောင်နှင့် တာဝန်ရှိသူများ လိုက်ပါလျက် ယနေ့ နေ့လယ်(၂)နာရီအချိန်က ဒဂုံမြို့သစ်မြောက်ပိုင်းရှိ မြန်မာနိုင်ငံ မသန်စွမ်းအားကစားအဖွဲ့ချုပ်သို့ ရောက်ရှိလာရာ မြန်မာနိုင်ငံ မသန်စွမ်းအားကစားအဖွဲ့ချုပ် အတွင်းရေးမှူး ဦးထွန်းနိုင်ဦးနှင့် တာဝန်ရှိပုဂ္ဂိုလ်များက ကြိုဆိုခဲ့ကြသည်။

ရှေးဦးစွာ မြန်မာနိုင်ငံမသန်စွမ်း

စာမျက်နှာ(၁၆)သို့ ▶













▶▶

စိတ်ချယုံကြည်စွာ မဲပေးနိုင်မည်ဖြစ်သည်။

မဲပေးခြင်းလုပ်ငန်းစဉ် ပြီးဆုံးပြီး မဲလက်မှတ်များကို စိစစ်ရန်လိုအပ်ပါက မဲရလဒ်များဖော်ပြသည့် ဖြတ်ပိုင်းကို မဲဆန္ဒရှင်များ ဆန္ဒပြုခဲ့သည့် ဆန္ဒမဲဖြတ်ပိုင်းများနှင့် တိုက်ဆိုင်စစ်ဆေးနိုင်မည်ဖြစ်၍ ပွင့်လင်းမြင်သာမှုရှိရှိ ဆောင်ရွက်နိုင်မည်ဖြစ်သည်။ လက်တွေ့စမ်းသပ် ဆန္ဒမဲပေးသူများ၏ ဆန္ဒမဲပေးပြီး ပြန်လည်စစ်ဆေးကြည့်ရှုမှုများအရ ဆန္ဒမဲပေးမှုများမှာ ရာနှုန်းပြည့် မှန်ကန်မှုရှိကြောင်း တွေ့ရှိရသည့်အတွက် MEVM စက်ဖြင့် ဆန္ဒမဲပေးခြင်းသည် မသမာမှုမရှိနိုင်ကြောင်းနှင့် ယုံကြည်စိတ်ချရမှု အပြည့်အဝရှိကြောင်း တွေ့ရသည်။

ထို့ပြင် သက်ဆိုင်ရာဝန်ကြီးဌာနများမှ လက်တွေ့စမ်းသပ်မဲပေးခြင်းမှတစ်ဆင့် ကြုံတွေ့ရသည့် အခြေအနေများအပေါ် အကြံပြုဆွေးနွေးချက်များရှိပါက ယင်းအကြံပြုချက်များအပေါ် ပြန်လည်သုံးသပ်၍ ပိုမိုကောင်းမွန်သည့်စနစ်အဖြစ် အဆင့်မြှင့်တင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။





စာမျက်နှာ(၁၅)***မှအဆက်

အားကစားအဖွဲ့ချုပ်မှ အတွင်းရေးမှူး ဦးထွန်းနိုင်ဦးနှင့် တာဝန်ရှိသူတို့က (၄)ကြိမ်မြောက် အာရှမသန်စွမ်းအားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ရန်အတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှု အခြေအနေများ၊ သွားရောက်ယှဉ်ပြိုင်မည့် ပြေးခုန်ပစ်၊ ရေကူး၊ထိုင်လျက်ဘော်လီဘော အားကစားနည်းတို့မှ အုပ်ချုပ်/နည်းပြများ၊ အားကစားသမားများ စုစုပေါင်း (၂၆)ဦးတို့၏ လေ့ကျင့်နေမှုအခြေအနေများနှင့် အထွေထွေကိစ္စရပ်များအား အသေးစိတ် ရှင်းလင်းတင်ပြခဲ့ပါသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးမှ ပြောကြားရာတွင် ပြိုင်ပွဲသို့စံချိန်စံညွှန်းကောင်းမွန်ပြီး အရည်အသွေးအရည်အချင်းပြည့်ဝသည့် အားကစားသမားများဖြင့် သွားရောက်ယှဉ်ပြိုင်စေလိုကြောင်း၊ စိတ်ဓာတ်၊ ခံယူချက်အပြည့်အဝဖြင့် ကြိုးစားဆောင်ရွက်စေလိုပါကြောင်း၊ နိုင်ငံတော်အနေဖြင့် အားကစားကဏ္ဍကို အထူးအရေးပေးပြီး ဆုတံဆိပ်ရရှိခဲ့သည့် အားကစားသမားများကိုလည်းဘဝအာမခံချက် ရှိစေရန်အတွက် ထိုက်ထိုက်တန်တန် ဂုဏ်ပြုဆုကြေးငွေများချီးမြှင့်ပေးလျက်ရှိပါကြောင်း၊ အားကစားသမားများအနေဖြင့် ပြိုင်ပွဲယှဉ်ပြိုင်ရာတွင်လည်း နောက်ဆုံးအချိန်အထိ အကောင်းဆုံး ယှဉ်ပြိုင်ကြိုးစားသွားကြရန်၊ မိမိနိုင်ငံ၊ မိမိလူမျိုးအတွက် အားကစား အောင်မြင်မှုရရှိအောင် အစွမ်းကုန်ကြိုးစားကြရန်၊ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန၏ ဆောင်ပုဒ်ဖြစ်သည့် ကျန်းမာရေးသည် ပထမ၊ စည်းကမ်းသည် ဒုတိယ၊ စံချိန်စံညွှန်းသည် တတိယ ဆိုသည့်အတိုင်း အားကစားသမားများအနေဖြင့် ကျန်းမာရေးကို အထူးဂရုပြုကြရန် လိုအပ်ပါကြောင်း မှာကြားခဲ့ပြီးနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မြန်မာနိုင်ငံ မသန်စွမ်းအားကစားအဖွဲ့ချုပ်အတွင်းရှိ Synthetics ပြေးလမ်း ပျက်စီးချို့ယွင်းနေမှုများအား လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များအား လမ်းညွှန်မှာကြားခဲ့ကြောင်း သိရှိရသည်။

■













# နေပြည်တော် ဇမ္ဗူသီရိမြို့နယ် အ.ထ.က (၁၁) ၌ ဗလငါးတန်ဖွံ့ဖြိုးရေး လူငယ်အသိပညာပေးဟောပြောပွဲ ကျင်းပ









● နေပြည်တော်၊ ဩဂုတ်လ(၃၀)ရက်။

ပြန်ကြားရေးဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာနနှင့် အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနတို့ ပူးပေါင်းစီစဉ်ကျင်းပသည့် ဗလငါးတန်ဖွံ့ဖြိုးရေး အသိပညာပေး ဟောပြောပွဲကို ယနေ့နံနက်၈ နာရီက နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်ရှိ အမှတ်(၁၁)အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည်။



အခမ်းအနားသို့ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ ဒုတိယဝန်ကြီးများဖြစ်ကြသည့် ဦးရဲတင့်၊ ဒေါက်တာမိုးဇော်ထွန်း၊ ဦးမျိုးလှိုင်၊ ဦးဇင်မင်းထက်၊ နေပြည်တော်ကောင်စီဝင် ဦးမြင့်စိုး၊ အမြဲတမ်းအတွင်းဝန် ဦးမျိုးမြင့်မောင်၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ ကျောင်းအုပ်ဆရာမကြီး၊ ဆရာ/ ဆရာမများ၊ ကျောင်းသားမိဘများ၊ ကျောင်းသား/ ကျောင်းသူများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဗီယက်နမ်နိုင်ငံ၌ ကျင်းပမည့် (၁၃)ကြိမ်မြောက် အာဆီယံ ကျောင်းသားအားကစားပြိုင်ပွဲတွင် သွားရောက်ယှဉ်ပြိုင်ကြမည့် ဗိုဗီနမ်အားကစားမောင်မယ်များ၊ အားကစားနှင့် ကာယပညာသိပ္ပံ(ရန်ကုန်)နှင့် အခြေခံပညာကျောင်းများမှ အားကစားမောင်မယ်များက ဝူရှူး၊ အေရိုးဗစ်နှင့် ကျွမ်းဘားအားကစားတို့ကို သရုပ်ပြကစားပြကြသည်။

**ပေးအပ်ချီးမြှင့်**

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက အားကစားမောင်မယ်များအား ငွေကျပ်ငါးသိန်း ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ ဟာသပညာရှင်များဖြစ်ကြသည့် ဒိန်းဒေါင်၊ စိစိနှင့် ချစ်စုတို့က ရယ်ရွှင်ဖွယ်ရာ ဟာသပြက်လုံးများ၊ တေးသီချင်းများဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။

ထို့နောက် အမှတ်(၁၁)အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား/ ကျောင်းသူများက ပြည်မြန်မာ သီချင်းဖြင့် အခမ်းအနားကို စတင်ဖွင့်လှစ်သည်။

စာမျက်နှာ(၁၈)သို့ ▶















စာမျက်နှာ(၁၇)...မှအဆက်




ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက နှုတ်ခွန်းဆက်စကား ပြောကြားရာတွင် ကျောင်းသား/ကျောင်းသူများ မှန်ကန်သည့် အသိပညာများ ရရှိစေရေးအတွက် ယနေ့စာပေဟောပြောပွဲကို ကျင်းပရခြင်းဖြစ်ကြောင်း၊ ဆရာမကြီး ဒေါ်မေကျော့ရှင်း၏ ဟောပြောဆွေးနွေးချက်များကို စိတ်ဝင်စားစွာ နားထောင်မှတ်သားစေလိုကြောင်း၊ ကျောင်းသား/ကျောင်းသူများအနေဖြင့် မိမိကိုယ်မိမိ ယုံကြည်မှုနှင့် ရဲရင့်မှုရှိရန် လိုအပ်ကြောင်း၊ နိုင်ငံတော်ဝန်ကြီးချုပ်အနေဖြင့်လည်း အနာဂတ်ခေါင်းဆောင်များဖြစ်လာမည့် ကျောင်းသား/ကျောင်းသူများကို အလေးထားတန်ဖိုးထားပါကြောင်း၊ ကျောင်းသား/ကျောင်းသူများ ဗလငါးတန်နှင့်ပတ်သက်၍ ပိုမိုသိရှိနားလည်ပြီး မှန်ကန်သည့်အသိပညာများရရှိစေရန် ကျောင်းများသို့သွားရောက်၍ ဆွေးနွေးဟောပြောရန် လမ်းညွှန်ထားပါကြောင်း၊ နောင်တစ်ချိန်တွင် ကျောင်းသား/ကျောင်းသူများအနေဖြင့် နိုင်ငံ့တာဝန်ကို ထမ်းဆောင်ကြရမည်ဖြစ်ရာ ထိုသို့ထမ်းဆောင်ရာတွင် ရဲရင့်ယုံကြည်စွာဖြင့် အများအကျိုးကို သယ်ပိုးထမ်းဆောင်နိုင်သည့် သူများဖြစ်ရန်နှင့် နိုင်ငံတော်က အားထားရသည့် သားကောင်း၊ သမီးကောင်းများဖြစ်ကြပါစေဟု ဆန္ဒပြုပါကြောင်း ပြောကြားခဲ့ပါသည်။

ဆက်လက်၍ ဆရာမကြီးဒေါ်မေကျော့ရှင်းက ဆွေးနွေးပြောကြားရာတွင် မိမိဖတ်မှတ်ထားသမျှ၊ လေ့လာထားသမျှ၊ တရားတော်များ နာယူမှတ်သားထားသမျှထဲမှ မျှဝေဆွေးနွေးခြင်းသာဖြစ်ပြီး ဟောပြောသည်ဟု သဘောမထားပါကြောင်း၊ လူငယ်များအနေဖြင့် အသိဉာဏ်ရှိရန်နှင့် ကိုယ်ကျင့်တရားနှင့်ပတ်သက်၍ မျှဝေဆွေးနွေး ပြောကြားသွားမည်ဖြစ်ပါကြောင်း၊ အသိပညာနှင့် အတတ်ပညာဟူ၍ရှိရာတွင် စာများများဖတ်ရန်လိုပါကြောင်း၊ မည်သည့်စာကို မဆိုဖတ်ရန်လိုပြီး စာကိုမည်ကဲ့သို့ ဖတ်ရမလဲဆိုလျှင် စာကိုဖတ်ရူရာတွင် တွေးတောစဉ်းစားရန် လိုပါကြောင်း၊ ပညာထူးချွန်သူထံမှ စာမေးရာတွင် မရှက်ရန်လိုကြောင်း၊ အသိပညာကို ကိုယ်တိုင် ရှာဖွေရမည်ဖြစ်ကြောင်း၊ ကိုယ်ကျင့်တရားဟုဆိုရာတွင် ငါးပါးသီလကို လုံခြုံအောင် ထိန်းသိမ်းရန်လိုကြောင်း၊ မူးယစ်ဆေးဝါးကို ရှောင်ကြဉ်ရန်နှင့် ဆေးလိပ်မှအစပြု၍ မစမ်းသပ်ရန်လိုကြောင်း၊ မိန်းကလေးများအနေဖြင့် ခေတ်မီအောင်နေထိုင်ကျင့်ကြံရန်လိုအပ်သော်လည်း ခေတ်ဆန်ခြင်းကို ရှောင်ကြဉ်ရမည်ဖြစ်ကြောင်း၊ မြန်မာ့ယဉ်ကျေးမှုကို ထိန်းသိမ်းစောင့်ရှောက်ရန် လိုကြောင်း၊ ချီးမွမ်းခြင်းနှင့် အကဲ့ရဲ့ခံခြင်းနှစ်မျိုး

>>>




















တွင် ချီးမွမ်းခြင်းကိုသာ အားလုံးလိုလားကြမည်ဖြစ်ကြောင်း၊ အလားတူ အကောင်းနှင့်အဆိုးတွင် အကောင်းကိုသာ ဖြစ်လိုကြမည်ဖြစ်ကြောင်း၊ ကျောင်းသား/ ကျောင်းသူများနှင့် အပြန်အလှန် ဆွေးနွေးပြောကြားပြီး ဆရာမကြီး ဒေါ်မေကျော့ရှင်း၏ မြန်မာ့အသံဓာတ်ပြားရ တေးသီချင်းဖြစ်သော "ကလေးတို့ရေ လာကြလာကြ"သီချင်းကို နောက်ခံတီးလုံးဖွင့်၍ သီဆိုပြခဲ့သည်။

**ပေးအပ်လှူဒါန်း**

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက ဆရာမကြီးအား အမှတ်တရလက်ဆောင် ပေးအပ်သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက ကျောင်းစာကြည့်တိုက်အတွက် စာအုပ်စာစောင်များကိုလည်းကောင်း၊ အားကစားနှင့်လူငယ်ရေးရာ ဝန်ကြီးဌာနဒုတိယဝန်ကြီး ဦးမျိုးလှိုင်က အားကစားပစ္စည်းများကို လည်းကောင်း ပေးအပ်လှူဒါန်းရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်သက်သက်သင်းက လက်ခံရယူသည်။

ဆက်လက်၍ MRTV – 4 ရုပ်သံမှ အနုပညာရှင်များဖြစ်ကြသည့် လူးကပ်စ်၊ နက်ရှိုင်းကို၊ သံစဉ်ဆည်းဆာနှင့် မေသင်းကိုတို့က မိတ်ဆက်စကားများ ပြောကြားကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက MRTV-4 ရုပ်သံမှအနုပညာရှင်များအား အမှတ်တရလက်ဆောင် ပေးအပ်သည်။

**ပျော်ရွှင်စွာဆင်နွှဲ**

ယင်းနောက် ခန်းမအပြင်ဘက်၌ မြန်မာနိုင်ငံ တစ်ဝန်းလုံးတွင်ရှိသည့် အထင်ကရနေရာများကို ကျောင်းသားလူငယ်များ ဗဟုသုတရရှိစေရန် "လှပသာယာ ပြည်မြန်မာ" ရောင်စုံဓာတ်ပုံပြပွဲ ခင်းကျင်းပြသခြင်း၊ ကျောင်းသားလူငယ်များ ဗလငါးတန်ဖွံ့ဖြိုးရေးနှင့်ပတ်သက်သည့် စာအုပ်၊ စာစောင်များ လေ့လာဖတ်ရှုနိုင်ရန် လူထုအခြေပြုဗဟိုဌာန (ပျဉ်းမနား) မှ ရွှေ့လျားစာကြည့်တိုက် မော်တော်ယာဉ် ထားရှိပေးထားခြင်း၊ စကားပုံဆက်၊ ရုပ်ပုံဆက်၊ ခွက်နင်းလမ်းလျှောက်ပြိုင်ပွဲများ စီစဉ်ပေးထားခြင်း၊ MRTV–4 ရုပ်သံမှ အနုပညာရှင်များက ကျောင်းသား/ကျောင်းသူများနှင့်အတူ ပျော်ရွှင်ဖွယ် Game များကစား၍ အနိုင်ရရှိသူများအား ဆုများချီးမြှင့်ခြင်း၊ဟာသပညာရှင် ဒိန်းဒေါင်၊ စိစိနှင့် ချစ်စုတို့က အမှတ်တရလက်မှတ်ရေးထိုးပေးခြင်း၊ ကလေးများနှင့်အတူ ဆော့ကစားခြင်း စသည့်အစီအစဉ်များကိုလည်း ထည့်သွင်းထားရှိရာ ကျောင်းသား/ကျောင်းသူများ စိတ်ပါဝင်စားပျော်ရွှင်စွာဖြင့် ပါဝင်ဆင်နွှဲကြည့်ရှု လေ့လာကြကြောင်း သိရှိရသည်။








# မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ၊ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံ (၇)ကြိမ်မြောက် အာဆီယံအားကစားဆိုင်ရာ ဝန်ကြီးများအဆင့် အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများသို့ တက်ရောက်ရန် ပြည်ပထွက်ခွာ





● ရန်ကုန်၊ ဩဂုတ်လ(၃၀)ရက်။

၂၀၂၃ ခုနှစ်၊ ဩဂုတ်လ(၃၀) ရက်နေ့မှ စက်တင်ဘာလ (၂)ရက်နေ့အထိ ထိုင်းနိုင်ငံ၊ ချင်းမိုင်မြို့တွင် ကျင်းပပြုလုပ်မည့် (၇)ကြိမ်မြောက် အာဆီယံ အားကစားဆိုင်ရာ ဝန်ကြီးများအဆင့် အစည်းအဝေးနှင့် ဆက်စပ် အစည်းအဝေးများ (Seventh ASEAN Ministerial Meeting on Sports AMMS-7 and Related Meetings)သို့ တက်ရောက်ရန် မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ၊ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံသည် ဒုတိယညွှန်ကြားရေးမှူး ဦးဝင်းထက်မွန်နှင့်အတူ ယနေ့ နေ့လယ် (၁၁း၂၅)နာရီအချိန်၌ လေယာဉ်အမှတ် TG- 302 ဖြင့် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်မှထွက်ခွာရာ အားကစားနှင့်ကာယပညာသိပ္ပံ(ရန်ကုန်) ကျောင်းအုပ်ကြီး ညွှန်ကြားရေးမှူး ဦးအောင်နိုင်ဆွေ၊ ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးအောင်မိုးနှင့် တာဝန်ရှိသူတို့က လိုက်လံပို့ဆောင်နှုတ်ဆက်ခဲ့ကြောင်း သိရှိရသည်။



# ကရင်ပြည်နယ်ဝန်ကြီးချုပ်ဖလား မြို့နယ်ပေါင်းစုံ အသက်(၂၅)နှစ်အောက် အမျိုးသား/အမျိုးသမီး ပြေးခုန်ပစ်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကျင်းပ





● ဘားအံ၊ ဩဂုတ်လ(၂)ရက်။

၂၀၂၃ ခုနှစ်၊ ကရင်ပြည်နယ် အစိုးရအဖွဲ့ ပြည်နယ်ဝန်ကြီးချုပ် ဖလား မြို့နယ်ပေါင်းစုံ အသက်(၂၅) နှစ်အောက် အမျိုးသား၊ အမျိုးသမီး ပြေးခုန်ပစ်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်(၈)နာရီက ဘားအံမြို့ လှာကမြင်ကွက်သစ်ရှိ ဇွဲကပင် အားကစားကွင်း၌ ကျင်းပသည်။

ဖွင့်ပွဲအခမ်းအနားတွင် ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးက အမှာစကားပြောကြား၍ ပြိုင်ပွဲကို ဖွင့်လှစ်ပေးပြီး အဆိုပါပြိုင်ပွဲသို့ ပြည်နယ်အတွင်းရှိ မြို့နယ် ခုနစ်မြို့နယ်မှ ပြိုင်ပွဲဝင်ပြေးခုန်ပစ်အသင်း ခုနစ်သင်း အမျိုးသား၊ အမျိုးသမီး အားကစားသမား စုစုပေါင်း ၂၁၀ ဦး ဝင်ရောက်ယှဉ်ပြိုင်ကြကာ ပြည်နယ် လူမှုရေးရာဝန်ကြီး ဦးစိုးလွင်က ဖွင့်ပွဲအခမ်းအနားတွင် ပါဝင်တီးခတ်ကူညီပေးသော ဘင်ခရာအဖွဲ့နှင့် ပန်းဖွားအဖွဲ့တို့အား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်သည်။

# ပြည်နယ်နှင့် တိုင်းဒေသကြီး အားကစားပြိုင်ပွဲများတွင် အောင်မြင်မှုရရှိခဲ့သော ရှမ်းပြည်နယ်ဂုဏ်ဆောင် အားကစားသမားများအား ဂုဏ်ပြုချီးမြှင့်ပွဲကျင်းပ






● တောင်ကြီး၊ ဩဂုတ်လ(၂)ရက်။

၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်အတွင်း ယှဉ်ပြိုင်ခဲ့သည့် ပြည်နယ်နှင့် တိုင်းဒေသကြီး အားကစားပြိုင်ပွဲများတွင် အောင်မြင်မှုရရှိခဲ့သည့် ရှမ်းပြည်နယ်ဂုဏ်ဆောင် အားကစားသမားများအား ဂုဏ်ပြုချီးမြှင့်ခြင်းကို ယနေ့ညနေ ၃ နာရီက တောင်ကြီးမြို့ ရှမ်းပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဂုဏ်ပြုချီးမြှင့်ပွဲတွင် ရှမ်းပြည်နယ် ဝန်ကြီးချုပ် ဦးအောင်ဇော်အေးက ရှမ်းပြည်နယ် ဖူဆယ်ဘောလုံးအသင်း အောင်မြင်မှု အသီးအပွင့် ခံစားလာရသည်မှာ ရှမ်းပြည်နယ်အတွင်း ဖူဆယ်

စာမျက်နှာ(၂၂)သို့ ▶




















▶▶

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ် တရားလွှတ်တော် တရားသူကြီးချုပ် ဒေါ်ခင်ဆွေထွန်း၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာများ၊ အားကစားဝါသနာရှင်များက အမျိုးသမီး မီတာ (၁၀၀×၄) လက်ဆင့်ကမ်း အပြေးပြိုင်ပွဲနှင့် အမျိုးသားမီတာ(၁၀၀×၄) လက်ဆင့်ကမ်းပြေးပြိုင်ပွဲ ဗိုလ်လုပွဲစဉ်များ ယှဉ်ပြိုင်ကစားမှုကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရှိရသည်။



















စာမျက်နှာ(၂၁)···မှအဆက်

အားကစားကွင်းများ များပြားလာခြင်း၊ ပြိုင်ပွဲများစွာကျင်းပပေးနိုင်ခြင်း၊ အားကစားသမားများနှင့် နည်းပြများမှ အားသွန်ခွန်စိုက် အရည်အချင်းများကို ကြိုးစားဖော်ထုတ် ပြသကစားနိုင်ခဲ့သောကြောင့် ရှမ်းပြည်နယ် ဖူဆယ်သမိုင်းတွင် ပထမဆုံး တံခွန်စိုက်ဒိုင်း ရရှိခဲ့ခြင်း ဖြစ်ပါကြောင်း၊ ဖူဆယ်အားကစားနည်းသည် အခြားအားကစားနည်းများလို ကိုယ်ခန္ဓာကြီးထွားမှုနှင့် အရပ်အမောင်း မြင့်မားမှုတို့ အဓိကမကျဘဲ သွက်လက်ဖျတ်လက်မှု၊ ခံနိုင်ရည်နှင့် သက်လုံကောင်းမွန်မှု၊ နည်းစနစ်ပိုင်း ကျွမ်းကျင်မှုတို့သည် အဓိကကျသော အားကစားနည်းဖြစ်ပါကြောင်း၊ ရှမ်းပြည်နယ်လက်ရွေးစင် အားကစားသမားများ အနေဖြင့် အားကစားစိတ်ဓာတ်ကို အရင်းခံပြီး အနိုင်မခံ အရှုံးမပေး ဇွဲစိတ်ဓာတ် အပြည့်ဖြင့် ယှဉ်ပြိုင်ကစား၍ ရှမ်းပြည်နယ်၏ဂုဏ်ကို ဆောင်နိုင်ခဲ့သည့်အတွက် များစွာ ဂုဏ်ယူဝမ်းမြောက်မိပါကြောင်း၊ ပြည်နယ်နှင့်တိုင်းဒေသကြီး ၁၈ နှစ်အောက် ပြေးခုန်ပစ်ပြိုင်ပွဲတွင် ရွှေ၊ ငွေ၊ ကြေးဆုတံဆိပ်၊ ၁၈ နှစ်အောက် အမျိုးသား ဘောလုံးပြိုင်ပွဲတွင် ဒုတိယဆု၊ ဗိုဗီနမ်ပြိုင်ပွဲတွင် ရွှေ၊ ငွေ၊ ကြေးဆုတံဆိပ်ရရှိခဲ့သည့် ရှမ်းပြည်နယ်အားကစားအသင်းတို့အား ဂုဏ်ပြုပွဲအခမ်းအနား ကျင်းပရခြင်းဖြစ်ကြောင်း ယခုလို အောင်မြင်မှုရရှိ







အောင် ဝိုင်းဝန်းကြိုးပမ်းပေးခဲ့ကြသော ရှမ်းပြည်နယ် အားကစားဆပ်ကော်မတီများ၊ ရှမ်းပြည်နယ် အားကစားနှင့်ကာယပညာဦးစီးဌာနမှ တာဝန်ရှိသူများ၊ အသင်းအုပ်ချုပ်သူ နည်းပြများနှင့် ပြိုင်ပွဲဝင် အားကစားသမားများအားလုံးကို ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ မှတ်တမ်းတင် ဂုဏ်ပြုပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်နယ်နှင့်တိုင်းဒေသကြီး ဖူဆယ်အားကစားပြိုင်ပွဲတွင် ပထမဆုရရှိခဲ့သော ရှမ်းပြည်နယ် အမျိုးသမီးအသင်းမှ ပထမဆုဖလားကို ရှမ်းပြည်နယ် ဝန်ကြီးချုပ် ဦးအောင်ဇော်အေးထံ အပ်နှံပြီး ပြည်နယ်ဝန်ကြီးချုပ်မှ ပထမဆုရရှိခဲ့သော အမျိုးသမီး ဖူဆယ်အသင်း အားကစားသမားများအား ဂုဏ်ပြုဆုငွေများကို ချီးမြှင့်ပေး၍လည်းကောင်း၊ ဒုတိယဆုရရှိခဲ့သော အမျိုးသား ဖူဆယ်အသင်းအား ဂုဏ်ပြုဆုငွေများကို ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် ဦးသန်းဦးလွင်မှ ချီးမြှင့်ပေး၍လည်းကောင်း၊ ဒုတိယဆုရရှိခဲ့သော U-18 အမျိုးသားဘောလုံးအသင်းအား ဂုဏ်ပြုဆုငွေများကို ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးမှ ချီးမြှင့်ပေး၍လည်းကောင်း၊ ပြေးခုန်ပစ်ပြိုင်ပွဲတွင် ရွှေတံဆိပ်ဆုရရှိခဲ့သော အားကစားသမားများအား ဂုဏ်ပြုဆုငွေကို ပြည်နယ်စီးပွားရေးရာဝန်ကြီးမှ ချီးမြှင့်ပေး၍ လည်းကောင်း၊ပြေးခုန်ပစ်ပြိုင်ပွဲတွင် ဒုတိယဆုရရှိခဲ့သော အားကစားသမားများအား ဂုဏ်ပြုဆုငွေကို ပြည်နယ်သယံဇာတရေးရာဝန်ကြီးမှ ချီးမြှင့်ပေး၍လည်းကောင်း၊ ပြေးခုန်ပစ်ပြိုင်ပွဲတွင် တတိယဆုရရှိခဲ့သော အားကစားသမားများအား ဂုဏ်ပြုဆုငွေကို ပြည်နယ်လူမှုရေးရာဝန်ကြီးမှ ချီးမြှင့်ပေး၍လည်းကောင်း၊ ဗိုဗီနမ်ပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိခဲ့သော အားကစားသမားများအား ဂုဏ်ပြုဆုငွေများကို ပြည်နယ်လမ်းပန်းဆက်သွယ်ရေးဝန်ကြီး၊ ပြည်နယ်တိုင်းရင်းသားရေးရာဝန်ကြီး၊ ပြည်နယ်ဥပဒေချုပ်တို့က ချီးမြှင့်ပေး၍လည်းကောင်း၊ ရှမ်းပြည်နယ်ဗိုဗီနမ်အသင်းနှင့် ပြေးခုန်ပစ် အသင်းအုပ်ချုပ်/နည်းပြများအား ဂုဏ်ပြုဆုငွေများကို ပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူးတို့က အသီးသီးချီးမြှင့်ပေးကြသည်။

ထို့နောက် ရှမ်းပြည်နယ် အောင်ပွဲရ အားကစားသမားများကိုယ်စား ဖူဆယ်အားကစားအသင်း အုပ်ချုပ်သူ ဦးသန်းလှိုင်မှ ကျေးဇူးတင်စကား ပြန်လည်ပြောကြားပြီး အောင်ပွဲရ ပြိုင်ပွဲဝင်အားကစားသမားများအား လက်ဖက်ရည်ဖြင့် တည်ခင်းဧည့်ခံ ကျွေးမွေးကြကြောင်း သိရှိရသည်။

# မွန်ပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးချုပ်ဖလားအတွက် ၁၀ မြို့နယ်မှ အသက်(၂၅)နှစ်အောက် အမျိုးသား/အမျိုးသမီး ပိုက်ကျော်ခြင်းပြိုင်ပွဲ ဖွင့်ပွဲကျင်းပ










● နေပြည်တော်၊ ဩဂုတ်လ(၃)ရက်။

၂၀၂၃ ခုနှစ်၊ မွန်ပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးချုပ်ဖလားအတွက် ၁၀ မြို့နယ်မှ အသက် ၂၅ နှစ်အောက် အမျိုးသား/အမျိုးသမီးပိုက်ကျော်ခြင်းပြိုင်ပွဲ ဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် မော်လမြိုင်မြို့ ပြည်နယ်အားကစားခန်းမ၌ ပြုလုပ်ရာ မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်း၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်စိုးမင်းနှင့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ အားကစားဝါသနာရှင်များနှင့် ပြိုင်ပွဲဝင်အားကစားသမားများ တက်ရောက်ကြသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်က အမှာစကား ပြောကြားသည်။ ထို့နောက်ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက အမျိုးသားနှစ်ယောက်တွဲ ပိုက်ကျော်ခြင်းပြိုင်ပွဲဖြစ်သော မုဒုံမြို့နယ်အသင်းနှင့်မော်လမြိုင်မြို့နယ်အသင်းတို့ ယှဉ်ပြိုင်ကစားနေမှုကို ကြည့်ရှုအားပေးကြသည်။

အဆိုပါပြိုင်ပွဲကို ဩဂုတ် ၇ ရက်အထိ ယှဉ်ပြိုင်ကစားသွားမည်ဖြစ်ကြောင်း သိရသည်။

# ကရင်ပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်ဝန်ကြီးချုပ်ဖလား မြို့နယ်ပေါင်းစုံ အသက်(၂၅)နှစ်အောက် အမျိုးသား/အမျိုးသမီး ပြေးခုန်ပစ်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားကျင်းပ





● ကရင်၊ ဩဂုတ်လ(၄)ရက်။

ကရင်ပြည်နယ် အစိုးရအဖွဲ့၊ ပြည်နယ်ဝန်ကြီးချုပ်ဖလား မြို့နယ်ပေါင်းစုံ အသက်(၂၅)နှစ်အောက် အမျိုးသား/အမျိုးသမီး ပြေးခုန်ပစ်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားအား ယနေ့မွန်းလွဲ (၁၅:၀၀) နာရီအချိန်တွင် ဘားအံမြို့(လှာကမြင်)ဇွဲကပင်အားကစားကွင်း၌ ကျင်းပပြုလုပ်ရာ ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးနှင့်ဇနီး၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် ဒေါ်ခင်ဆွေထွန်းနှင့် ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးနှင့် ဇနီးများ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာများ၊ အားကစားဝါသနာရှင်များ တက်ရောက်ခဲ့ကြပါသည်။

ထို့နောက် ဆုချီးမြှင့်ပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ ကြက်ခြေနီတပ်ဖွဲ့ ဂုဏ်ပြုငွေအား ကရင်ပြည်နယ် အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးစိုးနိုင်မှလည်းကောင်း ပေးအပ်ချီးမြှင့်ခဲ့ပါသည်။

ဆက်လက်၍ အားကစားနည်းအလိုက် ဆုရအားကစားသမားများအား ဆုချီးမြှင့်ကြရာ အမျိုးသမီး မီတာ(၁၀၀)ပြိုင်ပွဲ၊အမျိုးသမီး မီတာ

စာမျက်နှာ(၂၄)သို့

















စာမျက်နှာ(၂၃)···မှအဆက်

(၄၀၀)ပြိုင်ပွဲ၊ အမျိုးသမီး မီတာ(၁၅၀၀)၊ အမျိုးသမီး မီတာ(၃၀၀၀) ပြိုင်ပွဲ၊အမျိုးသမီး(အလျားခုန်)ပြိုင်ပွဲ၊ အမျိုးသမီး(လုံတံပစ်)ပြိုင်ပွဲ၊ အမျိုးသား မီတာ(၁၀၀)ပြိုင်ပွဲ၊ အမျိုးသား မီတာ(၄၀၀)ပြိုင်ပွဲ၊ အမျိုးသား မီတာ(၁၅၀၀) ပြိုင်ပွဲ၊ အမျိုးသား မီတာ(၁၀၀၀၀)ပြိုင်ပွဲ၊ အမျိုးသား ကျား(အလျားခုန်)ပြိုင်ပွဲ၊ အမျိုးသား ကျား(လုံတံပစ်) ပြိုင်ပွဲတို့တွင် ဆုရရှိခဲ့ကြ



သော ကစားသမားများအား တစ်ဦးချင်းဆုတံဆိပ်နှင့် ချီးမြှင့်ငွေများကို ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့်တာဝန်ရှိပုဂ္ဂိုလ်တို့မှ ဆုများအသီးသီး ပေးအပ်ချီးမြှင့်ခဲ့ပါသည်။

ဆက်လက်၍ ဆုပေးပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ အမျိုးသား တံခွန်စိုက် ဒိုင်းဆုကို ဘားအံမြို့နယ် အမျိုးသားအသင်းမှ ရရှိခဲ့ပြီး တံခွန်စိုက်ဒိုင်းနှင့် ဆုချီးမြှင့်

















ငွေများအား ကရင်ပြည်နယ် ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် ဒေါ်ခင်ဆွေထွန်းမှ ပေးအပ်ချီးမြှင့်ခဲ့၍ အမျိုးသမီး တံခွန်စိုက်ဒိုင်းဆုကို ဘားအံမြို့နယ် အမျိုးသားအသင်းမှ ရရှိခဲ့ပြီး တံခွန်စိုက်ဒိုင်းနှင့် ဆုချီးမြှင့်ငွေများအား ကရင်ပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်ဝန်ကြီးချုပ်၏ ဇနီး ဒေါ်နန်းဘောဘီမြင့်မှ ပေးအပ်ချီးမြှင့်ခဲ့ပါသည်။



ထို့နောက် အမျိုးသား/အမျိုးသမီး စုပေါင်းတံခွန်စိုက်ဒိုင်းဆုကြီးအား ဘားအံမြို့နယ် အသင်းမှရရှိခဲ့ရာ စုပေါင်းတံခွန်စိုက် ဒိုင်းဆုကြီးနှင့် ဆုချီးမြှင့်ငွေအား ကရင်ပြည်နယ် အစိုးရအဖွဲ့ ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးမှ ပေးအပ်ချီးမြှင့်ခဲ့ပြီးနောက် အားကစားသမားများအား ဝန်ကြီးချုပ်မှ လိုက်လံနှုတ်ဆက်ခဲ့ကြောင်း သိရှိရသည်။

# ၂၀၂၃ ခုနှစ်၊ မွန်ပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးချုပ်ဖလား (၁၀)မြို့နယ် အသက်(၂၅)နှစ်အောက် အမျိုးသား/အမျိုးသမီး ပိုက်ကျော်ခြင်းပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားကျင်းပ








● မော်လမြိုင်၊ ဩဂုတ်လ(၇)ရက်။

၂၀၂၃ ခုနှစ်၊ မွန်ပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးချုပ်ဖလား (၁၀)မြို့နယ် အသက်(၂၅)နှစ်အောက် အမျိုးသား/အမျိုးသမီး ပိုက်ကျော်ခြင်းပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့မွန်းလွဲပိုင်းက မော်လမြိုင်မြို့ ပြည်နယ်အားကစားခန်းမ၌ ကျင်းပရာ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ် ဦးညီညီစိုး၊ ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ အားကစားဝါသနာရှင်များ တက်ရောက်ခဲ့သည်။

ရှေးဦးစွာ ဗိုလ်လုပွဲစဉ်အဖြစ် ပိုက်ကျော်ခြင်းအမျိုးသား(၃)ယောက်တွဲ ပြိုင်ပွဲတွင် မော်လမြိုင်မြို့နယ်နှင့် မုဒုံမြို့နယ်တို့ ယှဉ်ပြိုင်ကစားနေမှုများကို ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်၊ ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးခဲ့သည်။

ထို့နောက် ဆုပေးပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ အမျိုးသား/အမျိုးသမီး(၂)ယောက်တွဲနှင့် (၃)ယောက်တွဲပြိုင်ပွဲတွင် ဒုတိယဆုနှင့် တတိယဆုရရှိသူများအား ပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးများက တစ်ဦးချင်းဆုတံဆိပ်နှင့် ငွေသားဆုများအားလည်းကောင်း၊ အမျိုးသား/အမျိုးသမီး (၂)ယောက်တွဲနှင့် (၃)ယောက်တွဲပြိုင်ပွဲတွင် ပထမဆုရရှိသူများအား ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်က တစ်ဦးချင်းဆုတံဆိပ်၊ ငွေသားဆုနှင့် တံခွန်စိုက်ဒိုင်းဆုများအား အသီးသီး ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရှိရသည်။

■

အားကစားလိုက်စား လူငယ်များ
တိုင်းကားပြည်ရွာ ဂုဏ်ထည်ဝါ

# ၂၀၂၃ ခုနှစ်၊ ပြည်နယ်နှင့် တိုင်းဒေသကြီး လှေလှော်ပြိုင်ပွဲ ဆုပေးပွဲအခမ်းအနားကျင်းပ













● ရန်ကုန်၊ ဩဂုတ်လ(၁၁)ရက်။

၂၀၂၃ခုနှစ်၊ ပြည်နယ်နှင့်တိုင်းဒေသကြီး လှေလှော်ပြိုင်ပွဲ ဆုပေးပွဲအခမ်းအနားကို ယနေ့ညနေ(၃)နာရီအချိန်တွင် ရန်ကုန်မြို့ အင်းလျားကန်ရှိ မြန်မာနိုင်ငံလှေလှော်အဖွဲ့ချုပ်၌ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးစိုးသိန်း၊ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ အားကစားနှင့် ကာယပညာဦးစီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ မြန်မာနိုင်ငံလှေလှော်အဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးသောင်းထိုက်မင်းနှင့် အဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ခဲ့ပါသည်။

ဦးစွာ ၂၀၂၃ ခုနှစ်၊ ပြည်နယ်နှင့် တိုင်းဒေသကြီး လှေလှော်ပြိုင်ပွဲ ဗိုလ်လုပွဲစဉ်များအဖြစ် မီတာ(၅၀၀) အမျိုးသား(၁၀)တက်လှော် ပြိုင်ပွဲနှင့် မီတာ(၅၀၀) အမျိုးသမီး (၁၀) တက်လှော်ပြိုင်ပွဲတို့ကို ကျင်းပပြုလုပ်ခဲ့ပါသည်။



ထို့နောက်ဆုချီးမြှင့်ခြင်း အခမ်းအနားကို ဆက်လက်ကျင်းပရာ ဒုတိယနေ့ပွဲစဉ်အဖြစ် မီတာ (၅၀၀) (၇)တက်လှော် (အမျိုးသမီး အသင်းလိုက်) ပြိုင်ပွဲတွင် ပထမဆုရရှိသော ရန်ကုန်တိုင်းဒေသကြီး အသင်းအား တစ်ဦးချင်းဆုတံဆိပ်နှင့် ငွေသားဆုကျပ်(၁၅)သိန်း၊ ဒုတိယဆုရရှိသော ရောဝတီတိုင်းဒေသကြီး အသင်းအား တစ်ဦးချင်း ဆုတံဆိပ်နှင့် ငွေသားဆုကျပ်(၁၀)သိန်း၊ တတိယဆုရရှိသော မန္တလေးတိုင်းဒေသကြီး အသင်းအား တစ်ဦးချင်းဆုတံဆိပ်နှင့် ငွေသားဆုကျပ်(၇)သိန်းတို့ကို ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ တိုင်းရင်းသားရေးရာဝန်ကြီး ဦးစောဂျက်ကော့ထူးမှလည်းကောင်း၊ မီတာ(၅၀၀) (၇)တက်လှော် (အမျိုးသားအသင်းလိုက်) ပြိုင်ပွဲတွင် ပထမဆုရရှိသော ရန်ကုန်တိုင်းဒေသကြီးအသင်းအား တစ်ဦးချင်း ဆုတံဆိပ်နှင့် ငွေသားဆုကျပ်(၁၅)သိန်း၊ ဒုတိယဆုရရှိသော ရောဝတီတိုင်းဒေသကြီး အသင်းအား တစ်ဦးချင်းဆုတံဆိပ်နှင့် ငွေသားဆုကျပ်(၁၀)သိန်း၊ တတိယဆုရရှိသော ကရင်ပြည်နယ်အသင်းအား တစ်ဦးချင်းဆုတံဆိပ်နှင့် ငွေသားဆုကျပ်(၇)သိန်းတို့ကို ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ရဲမှူးချုပ် မျိုးမင်းထိုက်မှလည်းကောင်း၊ မီတာ(၅၀၀) (၁၀)တက်လှော်(အမျိုးသမီးအသင်းလိုက်) ပြိုင်ပွဲတွင်ပထမဆုရရှိသော ရောဝတီတိုင်းဒေသကြီးအသင်းအား တစ်ဦးချင်းဆုတံဆိပ်နှင့် ငွေသားဆု ကျပ်သိန်း(၂၀)၊ ဒုတိယဆုရရှိသော ရန်ကုန်တိုင်းဒေသကြီး အသင်းအား တစ်ဦးချင်း ဆုတံဆိပ်နှင့် ငွေသားဆုကျပ်(၁၅)သိန်း၊ တတိယဆုရရှိသော မန္တလေးတိုင်းဒေသကြီး အသင်းအား တစ်ဦးချင်းဆုတံဆိပ်နှင့် ငွေသားဆုကျပ်(၁၀)သိန်းတို့ကို ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ လူမှုရေးရာဝန်ကြီး ဦးအောင်ဝင်းသိန်းမှ လည်းကောင်း၊ မီတာ(၅၀၀) (၁၀)တက်လှော်(အမျိုးသားအသင်းလိုက်)ပြိုင်ပွဲ

စာမျက်နှာ(၂၈)သို့

# ၂၀၂၃ခုနှစ်၊ အပြည်ပြည်ဆိုင်ရာလူငယ်များနေ့ အထိမ်းအမှတ် ပြေးခုန်ပစ်ပြိုင်ပွဲ၊ အခြေခံပညာကျောင်းပေါင်းစုံ အမျိုးသမီး ကိုယ်ကာယကြံ့ခိုင်မှု အေရိုးဗစ်ပြိုင်ပွဲများနှင့် ဆုပေးပွဲအခမ်းအနားကျင်းပ






● လွိုင်ကော်၊ ဩဂုတ်လ(၁၂)ရက်။

၂၀၂၃ခုနှစ်၊ အပြည်ပြည်ဆိုင်ရာလူငယ်များနေ့အထိမ်းအမှတ် ပြေးခုန်ပစ်ပြိုင်ပွဲ၊ အခြေခံပညာကျောင်းပေါင်းစုံ အမျိုးသမီး ကိုယ်ကာယကြံ့ခိုင်မှု အေရိုးဗစ်ပြိုင်ပွဲများနှင့် ဆုပေးပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက လွိုင်ကော်မြို့ ပြည်နယ်အားကစားကွင်း၌ ကျင်းပခဲ့ရာ ကယားပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ အားကစားနည်းပြများ၊ အားကစား မောင်/မယ် ကျောင်းသား၊ ကျောင်းသူများနှင့် ပြည်သူများ တက်ရောက်အားပေးခဲ့ကြသည်။



ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များနှင့် အခမ်းအနားသို့ တက်ရောက်လာကြသူများသည် အားကစားမောင်/မယ်ကျောင်းသား၊ ကျောင်းသူများက ပြေးခုန်ပစ်အားကစားနည်းများ ဖြစ်ကြသော မီတာ ၁၀၀၊ မီတာ ၂၀၀၊ မီတာ ၄၀၀၊ မီတာ ၁၅၀၀ အပြေး၊ သံလုံးပစ်၊ လုံတံပစ်၊ အလျားခုန်၊ အမြင့်ခုန်ပြိုင်ပွဲများနှင့် အေရိုးဗစ်ပြိုင်ပွဲတို့ကို လှည့်လည်ကြည့်ရှု အားပေးခဲ့ကြသည်။ ထို့နောက် ဆုပေးပွဲအခမ်းအနားကို ပြည်နယ် ကရာတေးအားကစားရုံ၌ ဆက်လက်ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်က အဖွင့်အမှာစကား ပြောကြားရာတွင် နိုင်ငံစဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာကို အဓိကမူတည်ပြီး တည်ဆောက်ထားသည့် လူသားအရင်းအမြစ်သည် အဓိကဖြစ်ကြောင်း၊ ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် ပြည်နယ်အတွင်းတွင် ဘက်စုံထူးချွန်သည့်လူတော်လူကောင်းများဖြစ်လာစေရန် လူငယ်များ၏ အခန်းကဏ္ဍ မြှင့်တင်ရေးကို ဘက်ပေါင်းစုံမှ ပံ့ပိုးကူညီထောက်ပံ့ပေးလျက်ရှိကြောင်း၊ အနာဂတ်နိုင်ငံတော်၏ တာဝန်များကို ပခုံးပြောင်းထမ်း

▶▶





▶ စာမျက်နှာ(၂၇)...မှအဆက်

တွင်ပထမဆုရရှိသော ရန်ကုန်တိုင်းဒေသကြီးအသင်းအား တစ်ဦးချင်းဆုတံဆိပ်နှင့် ငွေသားဆု ကျပ်သိန်း (၂၀)၊ ဒုတိယဆုရရှိသော ဧရာဝတီတိုင်းဒေသကြီးအသင်းအား တစ်ဦးချင်းဆုတံဆိပ်နှင့် ငွေသားဆု ကျပ်(၁၅)သိန်း၊ တတိယဆုရရှိသော ရှမ်းပြည်နယ်အသင်းအား တစ်ဦးချင်းဆုတံဆိပ်နှင့် ငွေသားဆုကျပ်(၁၀)သိန်းတို့ကို ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ စီးပွားရေးရာဝန်ကြီး ဦးမျိုးမြင့်အောင်မှလည်းကောင်း၊ မီတာ(၅၀၀)(၁၀)တက်လှော် (အမျိုးသား+ အမျိုးသမီးအသင်းလိုက်)ပြိုင်ပွဲတွင် ပထမဆုရရှိသော ရန်ကုန်တိုင်းဒေသကြီးအသင်းအား တစ်ဦးချင်းဆုတံဆိပ်နှင့်



ငွေသားဆုကျပ်သိန်း (၂၀)၊ ဒုတိယဆုရရှိသော ဧရာဝတီတိုင်းဒေသကြီးအသင်းအား တစ်ဦးချင်းဆုတံဆိပ်နှင့် ငွေသားဆု ကျပ်(၁၅)သိန်း၊ တတိယဆုရရှိသော မန္တလေးတိုင်းဒေသကြီးအသင်းအား တစ်ဦးချင်းဆုတံဆိပ်နှင့် ငွေသားဆုကျပ်(၁၀)သိန်းတို့ကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးဝန်ကြီး မြို့တော်ဝန် ဦးဗိုလ်ဌေးမှလည်းကောင်း၊ ရွှေ(၂)ခု၊ ငွေ(၂) ခုဖြင့် အမျိုးသမီးတံခွန်စိုက်ဆု ရရှိသွားသော ဧရာဝတီတိုင်းဒေသကြီးအသင်းအား ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးဝင်းတင့်မှ လည်းကောင်း၊ ရွှေ(၄)ခုဖြင့် အမျိုးသားတံခွန်စိုက်ဆုနှင့် ရွှေ(၈)ခု၊ ငွေ(၂)ခုဖြင့် စုပေါင်းတံခွန်စိုက်ဆု ရရှိသွားသော ရန်ကုန်တိုင်းဒေသကြီးအသင်းအား ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးစိုးသိန်းမှလည်းကောင်း ဆုများ အသီးသီးပေးအပ်ချီးမြှင့်ခဲ့သည်။

စုပေါင်းတံခွန်စိုက်ဆု ရရှိသွားသော ရန်ကုန်တိုင်းဒေသကြီးအသင်းမှ နည်းပြ(၅)ဦးနှင့် ကစားသမား(၃၂)ဦး၊ စုစုပေါင်း(၃၇)ဦးအား တစ်ဦးလျှင် ငွေကျပ် (၁)သိန်းနှုန်းဖြင့် စုစုပေါင်း ငွေကျပ်(၃၇)သိန်း ထပ်ဆောင်းချီးမြှင့်ခဲ့ပြီးနောက် စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကူးခဲ့ကြောင်း သိရှိရသည်။

# ၂၀၂၃ ခုနှစ်၊ မန္တလေးတိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် တိုင်းဒေသကြီး ဘောလုံးဆပ်ကော်မတီတို့ ပူးပေါင်းကျင်းပသည့် “ဗထူးကွင်းဖွင့်ဖလား ကလပ်အသင်းပေါင်းစုံဖိတ်ခေါ် အမျိုးသားဘောလုံးပြိုင်ပွဲ” ကျင်းပ





● မန္တလေး၊ ဩဂုတ်လ(၁၆)ရက်။

၂၀၂၃ ခုနှစ်၊ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် မန္တလေးတိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် တိုင်းဒေသကြီး ဘောလုံးဆပ်ကော်မတီတို့ ပူးပေါင်းကျင်းပသည့် “ဗထူးကွင်းဖွင့်ဖလား ကလပ်အသင်းပေါင်းစုံဖိတ်ခေါ် အမျိုးသားဘောလုံးပြိုင်ပွဲ” ကို ချမ်းအေးသာစံမြို့နယ် ဗထူးအားကစားကွင်း၊ အောင်မြေသာစံမြို့နယ် အောင်မြေမန္တလာ အားကစားကွင်းနှင့် ရွှေမန်းတောင် အားကစားကွင်းတို့တွင် (၂၆-၇-၂၀၂၃)ရက်နေ့မှ (၁၆-၈-၂၀၂၃) ရက်နေ့အထိ ကျင်းပပြု

စာမျက်နှာ(၃၀)သို့













ဆောင်ကြရမည့် လူငယ်များသည် စဉ်းစားဆင်ခြင်မှု အသိပညာများကို သာမက ကျန်းမာကြံ့ခိုင်စေရန် အတွက်လည်း ကြိုးစားအားထုတ်သွားရမည်ဖြစ်ရာ ပြည်နယ်ဂုဏ်ကို ဆောင်နိုင်ပြီး ဘက်စုံထူးချွန်သည့် လူငယ်များဖြစ်စေရန် မိမိကိုယ်ကို စနစ်တကျစီမံခန့်ခွဲရမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက အားကစားပြိုင်ပွဲများအလိုက် ဆုရရှိခဲ့ကြသည့် အားကစားမောင်/မယ်၊ကျောင်းသား၊ ကျောင်းသူများအား ဂုဏ်ပြုဆုတံဆိပ်နှင့် ဂုဏ်ပြုဆုငွေများ ချီးမြှင့်ပေးအပ်ခဲ့ကြပြီး အခြေခံပညာကျောင်းပေါင်းစုံမှ ကျောင်းသူလေးများက အမျိုးသမီးကိုယ်ကာယကြံ့ခိုင်မှု အေရိုးဗစ် သရုပ်ပြသခဲ့သည်။

၂၀၂၃ခုနှစ်၊ အပြည်ပြည်ဆိုင်ရာလူငယ်များနေ့ အထိမ်းအမှတ်အနေဖြင့် ကယားပြည်နယ်အစိုးရအဖွဲ့မှ ကြီးကြပ်၍ ပြည်နယ်အားကစားနှင့် ကာယပညာဦးစီးဌာန၊ အားကစားနှင့် ကာယပညာသိပ္ပံ(လွိုင်ကော်) နှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းပြီး ပြေးခုန်ပစ်ပြိုင်ပွဲအမျိုးအစား ၁၀ မျိုး၊ ပြိုင်ပွဲစုစုပေါင်း ၂၀ နှင့် အေရိုးဗစ်ပြိုင်ပွဲများကို အားကစားမောင်/မယ်၊ ကျောင်းသား၊ ကျောင်းသူများက ပျော်ရွှင်စွာဖြင့် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြောင်း သိရသည်။

■











(၁၇ ‧ ၈ ‧ ၂၀၂၃)ရက်နေ့တွင် ပြည်နယ်နှင့် တိုင်းဒေသကြီး U-19 အမျိုးသမီးဘောလုံးပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်မည့် ရောဝတီတိုင်းဒေသကြီး အမျိုးသမီး U-19 အသင်းအား အောင်နိုင်ရေးအလံပေးအပ်ပြီး ရောဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်မှ သြဝါဒအမှာစကားပြောကြား၍ ချီးမြှင့်ထောက်ပံ့ငွေကျပ်(၁၁)သိန်းအားပေးအပ်။









စာမျက်နှာ(၂၉)‧‧‧မှအဆက်

လုပ်ရာ အဆိုပါပြိုင်ပွဲသို့ ကလပ်အသင်း(၁၆)သင်း ပါဝင်ယှဉ်ပြိုင်ကစားခဲ့ကြပါသည်။

အဆိုပါဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို (၂၆‧၇‧၂၀၂၃)ရက်နေ့ ညနေ(၄း၀၀)နာရီချိန် ဗထူးအားကစားကွင်းတွင် ကျင်းပပြုလုပ်ခဲ့ရာ တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင်နှင့်တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ အားကစားအသင်းများမှ အုပ်ချုပ်သူ၊ နည်းပြ၊ ပြိုင်ပွဲဝင်အားကစားသမားနှင့် ပရိသတ်အင်အား စုစုပေါင်း(၈၀၀)ဦး တက်ရောက်ပြီး တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင်မှ အဖွင့်မိန့်ခွန်းပြောကြား၍ ပြိုင်ပွဲအားဖွင့်လှစ်ပေးပြီးနောက် အားကစားအသင်းများအားလိုက်လံနှုတ်ဆက်၍ အားကစားပစ္စည်းများ ထောက်ပံ့ပေးအပ်ခဲ့ပြီး ဖွင့်ပွဲ ပွဲစဉ်အဖြစ် APL FC အသင်းနှင့် Scorpions FC အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ပါသည်။

ဆက်လက်၍ ပြိုင်ပွဲများအား ကျင်းပပြုလုပ်ခဲ့ရာ တတိယလုပွဲကို (၁၅‧၈‧၂၀၂၃)ရက်နေ့တွင်Shining Star Fc အသင်းနှင့် နန်းရှေ့လူငယ်အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ Shining Star FC အသင်းမှ (၂း၁) ဖြင့်လည်းကောင်း၊ဗိုလ်လုပွဲစဉ်အဖြစ် (၁၆‧၈‧၂၀၂၃)ရက်နေ့ ညနေပိုင်းတွင် မန္တလာ FC အသင်းနှင့် ကြယ်စင်စု FC အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ မန္တလာ FC အသင်းမှ(၂း၁)ဖြင့်လည်းကောင်း အနိုင်ရဗိုလ်စွဲခဲ့ပြီး ဆုချီးမြှင့်ပွဲ အခမ်းအနားကို ဆက်လက်ကျင်းပခဲ့ပါသည်။

အဆိုပါ ဆုချီးမြှင့်ပွဲ အခမ်းအနားတွင် တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင်မှ ဗထူးကွင်းဖွင့်ဖလား ကလပ်အသင်းပေါင်းစုံ ဖိတ်ခေါ်အမျိုးသား ဘောလုံးပြိုင်ပွဲတွင် ပထမတံခွန်စိုက် ရရှိခဲ့သော မန္တလာ FC အသင်းအား တံခွန်စိုက်ဆုဖလားနှင့်ငွေသားဆုများကို လည်းကောင်း၊ တစ်ဦးချင်း ရွှေတံဆိပ်ဆုများကို လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးကျော်ကျော်မင်းမှ လည်းကောင်း၊ ဒုတိယဆုရရှိသော ကြယ်စင်စု FC အသင်းအား မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ သယံဇာတရေးရာဝန်ကြီး ဦးရွှေဇင်နှင့် လူမှုရေးရာဝန်ကြီး ဦးအောင်မင်းတို့မှ လည်းကောင်း၊တတိယဆုရရှိသော Shining Star Fc အသင်းအား တိုင်းဒေသကြီး အစိုးရအဖွဲ့ ဥပဒေချုပ် ဦးမြင့်အောင်နှင့် အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန၊ လူငယ်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဝင်းတို့မှလည်းကောင်း တစ်ဦးချင်း ဆုတံဆိပ်နှင့် ငွေသားဆုများကို အသီးသီး ချီးမြှင့်ပေးအပ်ခဲ့ကြောင်း သိရှိရသည်။

# မန္တလေးမြို့၌ အမျိုးသားတံခွန်စိုက် အမျိုးသား/အမျိုးသမီး ဘတ်စကက်ဘောပြိုင်ပွဲနှင့် (3x3)U-20 ဘတ်စကက်ဘောပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကျင်းပ










● မန္တလေး၊ ဩဂုတ်လ(၂၁)ရက်။

မြန်မာနိုင်ငံ ဘတ်စကက်ဘောအဖွဲ့ချုပ်နှင့် မန္တလေးတိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာနတို့ပူးပေါင်း၍ အမျိုးသားတံခွန်စိုက် အမျိုးသား/အမျိုးသမီး ဘတ်စကက်ဘောပြိုင်ပွဲနှင့် (3x3) U-20 ဘတ်စကက်ဘောပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့ညနေပိုင်းက ချမ်းအေးသာစံမြို့နယ် ဗထူး မိုးလုံလေလုံ အားကစားကွင်း၌ ကျင်းပသည်။



အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ တိုင်းဒေသကြီးဥပဒေချုပ်နှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ဘတ်စကက်ဘောအဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊အုပ်ချုပ်သူ/နည်းပြများနှင့် ပြိုင်ပွဲဝင်အသင်းများမှ အားကစားသမားများနှင့် ဖိတ်ကြားထားသည့်ဧည့်သည်တော်များ တက်ရောက်ကြသည်။

စာမျက်နှာ(၃၂)သို့









# တနင်္သာရီတိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးချုပ်ဖလား မြို့နယ်ပေါင်းစုံ အမျိုးသား/အမျိုးသမီး ဘော်လီဘောပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားကျင်းပ









● တနင်္သာရီ၊ ဩဂုတ်လ(၂၂)ရက်။

၂၀၂၂ ခုနှစ်၊ တနင်္သာရီတိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးချုပ်ဖလား မြို့နယ်ပေါင်းစုံ အမျိုးသား/အမျိုးသမီး ဘော်လီဘောပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့နံနက် (၉)နာရီအချိန်တွင် ထားဝယ်မြို့ ရွှေဝယ်သီရိ အားကစားခန်းမ၌ ကျင်းပပြုလုပ်ရာ အခမ်းအနားသို့ တနင်္သာရီတိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမြတ်ကို၊ တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ် ဒေါ်ပိုက်ပိုက်အေးနှင့်အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာအကြီးအကဲများ၊မြို့နယ်များမှ ဘော်လီဘောအားကစားသမားများနှင့် အားကစားဝါသနာရှင်များ တက်ရောက်ကြည့်ရှုအားပေးကြပါသည်။



အစီအစဉ်အရ အမျိုးသားဘော်လီဘောပြိုင်ပွဲ ဗိုလ်လုပွဲကို ကျင်းပပြုလုပ်ရာ သရက်ချောင်းမြို့နယ်အသင်းက မြိတ်မြို့နယ်အသင်းကို (၃)ပွဲပြတ်ဖြင့် အနိုင်ရရှိပြီး ပထမရရှိသွားသည်။

ဆက်လက်၍ ဆုချီးမြှင့်ပွဲအခမ်းအနားကို ကျင်းပပြုလုပ်ရာ ပြိုင်ပွဲတစ်လျှောက် ကူညီဆောင်ရွက်ပေးခဲ့သော ကြက်ခြေနီတပ်ဖွဲ့ဝင်များအား ဂုဏ်ပြုဆုငွေကို တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့ အတွင်းရေးမှူး ဦးခင်မောင်ချိုကလည်းကောင်း၊ အမျိုးသမီးအကောင်းဆုံး အားကစားသမား ▶▶

▶ စာမျက်နှာ(၃၁)...မှအဆက်

အခမ်းအနားတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်က အားကစားသည် နိုင်ငံတစ်နိုင်ငံ၏ ဂုဏ်သိက္ခာဖြစ်သည့်အတွက် ကမ္ဘာ့နိုင်ငံတိုင်းက အားကစားကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ရှေ့ရှုလုပ်ဆောင်လာကြပြီး မြန်မာနိုင်ငံအနေဖြင့်လည်း အားကစားကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် အမျိုးသားရေးတာဝန်အဖြစ် ခံယူပြီး ဘက်စုံထောင့်စုံမှ အကောင်းဆုံးဖြစ်အောင် ဆောင်ရွက်နေပါကြောင်း ပြောကြားပြီး ပြိုင်ပွဲကို စတင်ဖွင့်လှစ်ပေးသည်။ ထို့နောက် ပြိုင်ပွဲဝင် အားကစားသမားများက အားကစား သစ္စာအဓိဋ္ဌာန်ရွတ်ဆိုကြပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့က အားကစားသမားများကို လိုက်လံနှုတ်ဆက်ကာ အားကစားပစ္စည်းများပေးအပ်၍ အားကစားအသင်းအလိုက် ယှဉ်ပြိုင်ကစားနေမှုများကို ကြည့်ရှုအားပေးသည်။



မန္တလေးမြို့ ဗထူးမိုးလုံလေလုံခန်းမ၌ အိမ်ရှင်အဖြစ် လက်ခံကျင်းပသည့် ဘတ်စကက်ဘောပြိုင်ပွဲများ၌ မြန်မာတစ်နိုင်ငံလုံးမှ ပြိုင်ပွဲဝင်အားကစားသမားများ ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်ပြီး အမျိုးသား/အမျိုးသမီး အလွတ်တန်း (5x5) ဘတ်စကက်ဘောပြိုင်ပွဲတွင် ပြိုင်ပွဲဝင်အသင်း ၃၄ သင်းနှင့် အသက် ၂၀ အောက် အမျိုးသား/အမျိုးသမီး (3x3) (U-20)ဘတ်စကက်ဘောပြိုင်ပွဲတွင် ပြိုင်ပွဲဝင်အသင်း ၅၅ သင်းတို့က ဩဂုတ် ၂၉ ရက်အထိ အသင်းအလိုက် ယှဉ်ပြိုင်ကစားသွားကြမည်ဖြစ်ကြောင်း သိရသည်။

# ၂၀၂၃ ခုနှစ်၊ ကချင်ပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးချုပ်ဖလား(အလွတ်တန်း) အမျိုးသားဖူဆယ်ပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကျင်းပ










● ကချင်၊ ဩဂုတ်လ(၂၃)ရက်။

၂၀၂၃ ခုနှစ်၊ ကချင်ပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးချုပ်ဖလား (အလွတ်တန်း) အမျိုးသားဖူဆယ်ပြိုင်ပွဲ ဗိုလ်လုပွဲနှင့်ဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့နံနက်(၈း၃၀)နာရီအချိန်တွင် ငြိမ်းချမ်းသာယာဖူဆယ်အားကစားရုံ၌ ကျင်းပပြုလုပ်ခဲ့ပါသည်။

အဆိုပါအခမ်းအနားသို့ ကချင်ပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်ဝန်ကြီးချုပ်နှင့်ဇနီး၊ အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့်ဇနီးများ၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာ အကြီးအကဲများနှင့် အားကစားဝါသနာရှင်များတက်ရောက်ခဲ့ကြပြီး Htain Lin FC အသင်းနှင့် Du Du FC အသင်းတို့၏ ဗိုလ်လုပွဲ ယှဉ်ပြိုင်ကစားမှုကို ကြည့်ရှုအားပေးခဲ့ကြပါသည်။

ဆက်လက်၍ ဆုချီးမြှင့်ပွဲအခမ်းအနားကို ကျင်းပရာ ပထမဦးစွာ ဖူဆယ်ပြိုင်ပွဲ အောင်မြင်စွာကျင်းပပြုလုပ်နိုင်ရေးအတွက် ကူညီပံ့ပိုးပေးသူများအတွက် ဂုဏ်ပြုမှတ်တမ်းလွှာများအား စီးပွားရေးရာဝန်ကြီးမှ လည်းကောင်း၊ ပွဲစဉ်တစ်လျှောက် အကောင်းဆုံး အားကစားသမားဆုနှင့်

စာမျက်နှာ(၃၄)သို့ ▶





▶▶

ဆုရရှိသည့် သရက်ချောင်းမြို့နယ်မှ မဝါဝါအေးအား တိုင်းဒေသကြီးဥပဒေချုပ် ဦးအုန်းသန်းက လည်းကောင်း၊ အမျိုးသားအကောင်းဆုံး အားကစားသမားဆုရရှိသည့် သရက်ချောင်းမြို့နယ်မှ စောဝေ့စ်တာကြီးအား တိုင်းရင်းသားရေးရာဝန်ကြီး စောမာတင်လှူသာကလည်းကောင်း၊ အမျိုးသားပြိုင်ပွဲတွင် ဒုတိယဆုရရှိသည့် မြိတ်မြို့နယ် အမျိုးသားအသင်းအား တစ်ဦးချင်းဆုနှင့် ငွေသားဆုများကို လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ရဲမှူးကြီး ခင်ကျော်က လည်းကောင်း၊ အမျိုးသမီးပြိုင်ပွဲတွင် ဒုတိယဆုရရှိသည့် ထားဝယ်မြို့နယ်အသင်းအား တစ်ဦးချင်းဆုနှင့် ငွေသားဆုများကို လူမှုရေးရာဝန်ကြီး ဦးသန့်ဇင်က လည်းကောင်း၊ အမျိုးသားပြိုင်ပွဲတွင် ပထမဆုရရှိသည့် သရက်ချောင်းမြို့နယ် အသင်းအား တစ်ဦးချင်းဆုနှင့် ငွေသားဆုများကို သယံဇာတရေးရာဝန်ကြီး ဦးခင်မောင်မြင့်က လည်းကောင်း၊ အမျိုးသမီးပြိုင်ပွဲတွင် ပထမဆုရရှိသည့် သရက်ချောင်းမြို့နယ် အသင်းအား တစ်ဦးချင်းဆုနှင့် ငွေသားဆုများကို တရားသူကြီးချုပ် ဒေါ်ပိုက်ပိုက်အေးက လည်းကောင်း အသီးသီးပေးအပ်ချီးမြှင့်ခဲ့ပါသည်။

ဆက်လက်၍ အမျိုးသမီးပြိုင်ပွဲနှင့် အမျိုးသားပြိုင်ပွဲတို့တွင် ပထမဆုများရရှိခဲ့သည့် သရက်ချောင်းမြို့နယ်အသင်းတို့အား တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကိုက တံခွန်စိုက်ဆုဖလားများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရှိရသည်။

# မွန်ပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်ဝန်ကြီးချုပ်နှင့် အားကစားနှင့် ကာယပညာသိပ္ပံ(မော်လမြိုင်) သင်တန်းသား/သင်တန်းသူများ အထူးနေ့လယ်စာစားပွဲ အခမ်းအနားကျင်းပ










● မော်လမြိုင်၊ ဩဂုတ်လ(၂၃)ရက်။

မွန်ပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်ဝန်ကြီးချုပ်နှင့် အားကစားနှင့် ကာယပညာသိပ္ပံ(မော်လမြိုင်) သင်တန်းသား/သင်တန်းသူများ အထူးနေ့လယ်စာစားပွဲ အခမ်းအနားကို ယနေ့နံနက်(၁၁း၀၀)နာရီအချိန်တွင် အားကစားနှင့် ကာယပညာသိပ္ပံ (မော်လမြိုင်)စားရိပ်သာခန်းမ၌ ကျင်းပပြုလုပ်ခဲ့ပြီး မွန်ပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်း၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ကျော်စွာမြင့်၊ သယံဇာတရေးရာဝန်ကြီး ဒေါက်တာအောင်မြတ်ကျော်စိန်၊ လူမှုရေးရာဝန်ကြီး ဦးမြတ်သွင်၊ လမ်းပန်းဆက်



သွယ်ရေးဝန်ကြီး ရဲမှူးကြီးမျိုးဆွေ၊ တိုင်းရင်းသား လူမျိုးရေးရာဝန်ကြီး ဦးခင်မောင်ဦး၊ ဥပဒေချုပ် ဦးမြင့်အောင်၊ အတွင်းရေးမှူး ဦးတိုးဝင်းနှင့် ပြည်နယ်အဆင့် ဌာနဆိုင်ရာ အကြီးအကဲများ၊ အားကစားနှင့်ကာယပညာဦးစီးဌာနမှ တာဝန်ရှိသူများ၊ ကျောင်းအကျိုးတော်ဆောင် အဖွဲ့ဝင်များနှင့် အားကစားနှင့် ပညာရေး ပေါင်းစပ်အထက်တန်းကျောင်း ကျောင်းအုပ်ဆရာမကြီးတို့ တက်ရောက်ခဲ့ကြပါသည်။

အခမ်းအနားတွင် ကျောင်းအကျိုးတော်ဆောင်အဖွဲ့ နာယက၊ မွန်ပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်းမှ သင်တန်းသားများအား နှုတ်ခွန်းဆက်အမှာစကား ပြောကြားခဲ့ပြီးနောက် မွန်ပြည်နယ်အစိုးရအဖွဲ့မှ အားကစားနှင့် ကာယပညာသိပ္ပံ(မော်လမြိုင်) သင်တန်းသား/သင်တန်းသူများအား ထောက်ပံ့လှူဒါန်းငွေကျပ်(၁၀)သိန်းအား ပြည်နယ်ဝန်ကြီးချုပ်မှ ပေးအပ်ခဲ့ရာ အားကစားနှင့်ကာယပညာသိပ္ပံ (မော်လမြိုင်) ကျောင်းအုပ်ကြီး ▶▶





▶ စာမျက်နှာ(၃၃)...မှအဆက်

ဂိုးသမားအကောင်းဆုံးဆု ရရှိသူများအတွက် ငွေသားကျပ်(၁)သိန်းစီနှင့် အမှတ်တရ ဆုတံဆိပ်များအား လူမှုရေးရာဝန်ကြီးမှလည်းကောင်း၊ ဒုတိယရရှိသော Htain Lin FC အသင်းအတွက် ငွေသားဆု(၁၀)သိန်းနှင့် တစ်ဦးချင်း လည်ဆွဲပြားများအား ပြည်နယ်ဝန်ကြီးချုပ်၏ ဇနီးမှလည်းကောင်း၊ ပထမရရှိသော Du Du FC အသင်းအတွက် ငွေသားဆု(၁၅) သိန်းနှင့် တစ်ဦးချင်း လည်ဆွဲပြားများနှင့်တံခွန်စိုက်ဆုအား ကချင်ပြည်နယ်ဝန်ကြီးချုပ်မှလည်းကောင်း ဆုများအသီးသီး ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရှိရသည်။

# ရောဝတီတိုင်းဒေသကြီး လူငယ်ရေးရာကော်မတီနှင့် ပုသိမ်တက္ကသိုလ်တို့ ပူးပေါင်း၍ လူငယ်စကားဝိုင်းကျင်းပ













● ရောဝတီ၊ ဩဂုတ်လ(၂၄)ရက်။

ရောဝတီတိုင်းဒေသကြီး လူငယ်ရေးရာကော်မတီနှင့်ပုသိမ်တက္ကသိုလ်တို့ ပူးပေါင်းကျင်းပသော လူငယ်စကားဝိုင်းအား ယနေ့နံနက်(၁၀)နာရီအချိန် ပုသိမ်တက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပပြုလုပ်ရာ ရောဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးချုပ်၊ ရောဝတီတိုင်းဒေသကြီး လူငယ်ရေးရာကော်မတီဥက္ကဋ္ဌ ဦးတင်မောင်ဝင်း၊ အစိုးရအဖွဲ့ ဝန်ကြီးများ၊ လူငယ်ရေးရာ ကော်မတီဝင်များ၊ တက္ကသိုလ် ကျောင်းသား/ကျောင်းသူများတက်ရောက်ကြပြီး လူငယ်နှင့် အားကစား၊ လူငယ်နှင့် မူးယစ်ဆေး၊ လူငယ်နှင့်ယဉ်ကျေးမှု ခေါင်းစဉ်များအတိုင်း စကားဝိုင်းဆွေးနွေးခဲ့ကြပြီး ဝန်ကြီးချုပ်၊ တိုင်းရင်းသားရေးရာဝန်ကြီး၊ ဒုတိယပါမောက္ခချုပ်၊ ဌာနမှူးများ၊ ကျောင်းသား/သူများမှ အပြန်အလှန် မေးခွန်းများမေးခြင်း/ဖြေခြင်းများ ပြုလုပ်ခဲ့ကြကာ စကားဝိုင်းအပြီးတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်က စကားဝိုင်းတွင် ပါဝင်ဆွေးနွေးခဲ့သော ကျောင်းသား/သူ(၄)ဦးနှင့် ဦးဆောင်ဆွေးနွေးသူ ဆရာ(၁)ဦးအား အမှတ်တရလက်ဆောင် ပေးအပ်၍ ရောဝတီတိုင်းဒေသကြီး အားကစားနှင့်ကာယပညာ ဦးစီးဌာန ညွှန်ကြားရေးမှူးမှ အားကစားပစ္စည်း ကန်ဘော(၁) လုံး၊ ဘော်လီဘော(၁) လုံး၊ ပိုက်ကျော်ခြင်းခြင်းလုံး(၁) လုံးအား ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရှိရပါသည်။

■

▶▶

ညွှန်ကြားရေးမှူး ဦးနေမျိုးလွင်မှ လက်ခံရယူခဲ့ပါသည်။ ထို့နောက် သင်တန်းသား/ သင်တန်းသူများနှင့် အထူးနေ့လယ်စာအား အတူသုံးဆောင်ခဲ့ကြပြီး ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက် အားပေးစကားများ ပြောကြားခဲ့ပါသည်။

အဆိုပါ အထူးနေ့လယ်စာစားပွဲအခမ်းအနားသို့ မွန်ပြည်နယ် အစိုးရအဖွဲ့ ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ ဥပဒေချုပ်နှင့် ပြည်နယ်အဆင့် ဌာနဆိုင်ရာအကြီးအကဲများ၊ အားကစားနှင့်ကာယပညာသိပ္ပံ(မော်လမြိုင်) ကျောင်းအုပ်ကြီး၊ ညွှန်ကြားရေးမှူး ဦးနေမျိုးလွင်နှင့် တာဝန်ရှိသူများ၊ မွန်ပြည်နယ်အားကစားနှင့် ကာယပညာဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးခင်ဇော်၊ ကျောင်းအကျိုးတော်ဆောင် အဖွဲ့ဝင်များ၊ အားကစားနှင့် ပညာရေး ပေါင်းစပ်အထက်တန်းကျောင်းမှ ကျောင်းအုပ်ဆရာမကြီး၊ အားကစားနှင့်ကာယပညာသိပ္ပံ(မော်လမြိုင်)မှ နည်းပြများနှင့် သင်တန်းသား/သင်တန်းသူများ တက်ရောက်ခဲ့ကြကြောင်း သိရှိရပါသည်။

# [illegible]

ယနေ့ကမ္ဘာပေါ်တွင် လူဦးရေ ရှစ်ဘီလီယံကျော်ရှိသည့်အနက် အသက်(၁၅)နှစ်မှ (၂၄)နှစ်အတွင်းရှိ လူငယ်ဦးရေသည် ၁ ဒသမ ၂ ဘီလီယံခန့်ရှိပြီး ကမ္ဘာ့လူဦးရေစုစုပေါင်း၏ ၁၆ ရာခိုင်နှုန်းခန့်ရှိပါသည်။ ယင်းလူငယ်ဦးရေ၏ ၉၀ ရာခိုင်နှုန်းနီးပါးမှာ ဖွံ့ဖြိုးဆဲနိုင်ငံများတွင် နေထိုင်ကြသူများဖြစ်ကြောင်း တွေ့ရှိရပါသည်။

ဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံကြီးများတွင် မွေးဖွားနှုန်း ကျဆင်းလာခြင်းကြောင့် လုပ်သားအင်အားရှားပါးလာပြီး သက်ကြီးရွယ်အို များပြားလာသည့်အခြေအနေများနှင့် ရင်ဆိုင်ကြုံတွေ့နေရသကဲ့သို့ ဖွံ့ဖြိုးဆဲနိုင်ငံများတွင် လူဦးရေတိုးပွားနှုန်းမြန်ဆန်လာသည့်အတွက် တိုးပွားလာသောလူဦးရေအတွက် နေ့စဉ်လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရန် အခက်အခဲများနှင့် ကြုံတွေ့နေရပါသည်။ ကမ္ဘာ့လူဦးရေ၏ ၁၀ ရာခိုင်နှုန်းခန့်သည် တစ်ရက်လျှင် ဝင်ငွေ နှစ်ဒေါ်လာအောက်သာရရှိသည့် ဆင်းရဲနွမ်းပါးမှုမျဉ်းအောက်တွင် နေထိုင်လျက်ရှိကြကြောင်း ကုလသမဂ္ဂက ထုတ်ပြန်သည့် စာရင်းများအရ သိရှိရပါသည်။

တစ်ဖန် ကမ္ဘာ့လူငယ်ဦးရေ၏ ၆၀ရာခိုင်နှုန်းကျော်မှာ အာရှ-ပစိဖိတ်ဒေသမှဖြစ်ပြီး ဒေသတွင်းစုစုပေါင်းလူဦးရေး၏ ၁၉ ရာခိုင်နှုန်းကျော်ရှိကြောင်း သိရှိရပါသည်။ အာဆီယံဒေသတွင်း၌လည်း လူဦးရေစုစုပေါင်း၏ ၃၄ ရာခိုင်နှုန်းနီးပါးသည် အသက်(၁၅)နှစ်မှ (၃၅)နှစ်အတွင်းရှိ လူငယ်များဖြစ်ကြပါသည်။ မိမိတို့ မြန်မာနိုင်ငံတွင်လည်း ၂၀၁၉ ခုနှစ်ကြားဖြတ်လူဦးရေ သန်းခေါင်စာရင်း အစီရင်ခံစာအရ ၁၆ ဒသမ ၈၉ သန်းမှာ အသက်(၁၅)နှစ်မှ(၃၄)နှစ်အထိ လူငယ်များဖြစ်ကြပြီး နိုင်ငံစုစုပေါင်းလူဦးရေ၏ ၃၃ ရာခိုင်နှုန်းကျော်ရှိသည်ဖြစ်ရာ တန်ဖိုးမဖြတ်နိုင်သော အလားအလာကောင်းများနှင့် ပြည့်စုံသည့် လူ့စွမ်းအားအရင်းအမြစ်များကို ပိုင်ဆိုင်ထားခြင်းဖြစ်သည်။ ယင်းလူငယ်လူရွယ်များ၏ စုစည်းမှုစွမ်းအားဖြင့် ဒေသတွင်းနိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနှင့်ပတ်ဝန်းကျင်ထိန်းသိမ်းရေး ကဏ္ဍများတွင် ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်မှုရရှိအောင် ဖော်ဆောင်သွားရမည်ဖြစ်သည်။



## အနာဂတ်ကမ္ဘာကို ပုံဖော်ရေးဆွဲကြမည့် လူ့စွမ်းအားအရင်းအမြစ်များ

လူငယ်များသည် နောင်တစ်ချိန်တွင် နိုင်ငံ့တာဝန်များကို ပခုံးပြောင်း တာဝန်ယူကြရမည်ဖြစ်ပြီး အနာဂတ်ကမ္ဘာကို ပုံဖော်ရေးဆွဲကြမည့် လူ့စွမ်းအားအရင်းအမြစ်များ ဖြစ်ကြပါသည်။ နိုင်ငံတော်အတွက် တန်ဖိုးမဖြတ်နိုင်သော ကြီးမားသည့် လူ့စွမ်းအား အရင်းအမြစ်များဖြစ်ပြီး နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ထူးခြားသည့်အင်အားစုတစ်ရပ်ဖြစ်၍ အနာဂတ်ခေါင်းဆောင်များလည်း ဖြစ်ကြပါသည်။ ထို့အတွက် လူငယ်မျိုးဆက်သစ်များသည် တစ်ခေတ်ထက်တစ်ခေတ် ပိုမိုထူးချွန်ထက်မြက်ပြီး လက်ရှိ ရင်ဆိုင်ကြုံတွေ့နေရသည့် စိန်ခေါ်မှုများနှင့် အခက်အခဲများကို ကျော်လွှားနိုင်စွမ်းရှိရန် လွန်စွာအရေးကြီးလှပါသည်။ လူငယ်များ၏ အသံ၊ လူငယ်များ၏ သဘောထားများအပေါ် အလေးထားနားထောင်၍ အားကောင်းခိုင်မာ ထိရောက်သော ဖွံ့ဖြိုးတိုးတက်ရေးမူဝါဒ၊ မဟာဗျူဟာနှင့်လုပ်ငန်းစဉ်များ ရေးဆွဲဆောင်ရွက်သွားရမည်ဖြစ်သည်။

သို့ဖြစ်ရာ ကမ္ဘာတစ်ဝန်း လူငယ်များရင်ဆိုင်ကြုံတွေ့နေရသည့် အခက်အခဲများကို နိုင်ငံတကာအသိုက်အဝန်းမှ သိရှိနားလည်နိုင်စေရန်နှင့် ယနေ့ကမ္ဘာကြီးတွင် လူငယ်များ၏ အရေးပါသော အခန်းကဏ္ဍကို အသိအမှတ်ပြုရန် ၁၉၉၁ ခုနှစ်တွင် ဩစတြီးယားနိုင်ငံ Vienna မြို့၌ ကျင်းပခဲ့သည့် ပထမအကြိမ် ကမ္ဘာ့လူငယ်များဖိုရမ်သို့ တက်ရောက်ခဲ့သည့် လူငယ်များက အပြည်ပြည်ဆိုင်ရာ လူငယ်များနေ့ကျင်းပနိုင်ရန် အဆိုပြုခဲ့ရာမှ စတင်၍ ၁၉၉၈ ခုနှစ် ပေါ်တူဂီနိုင်ငံ လစ္စဘွန်းမြို့တွင် ကုလသမဂ္ဂနှင့်ပူးပေါင်း၍ ကျင်းပခဲ့သည့် ပထမအကြိမ် လူငယ်ဆိုင်ရာဝန်ကြီးများ၏ ကမ္ဘာ့ညီလာခံတွင် ဩဂုတ်လ ၁၂ ရက်နေ့ကို အပြည်ပြည်ဆိုင်ရာလူငယ်များနေ့အဖြစ် သတ်မှတ်ဆောင်ရွက်ရန် အကြံပြုခဲ့ပြီး ၁၉၉၉ ခုနှစ် ဒီဇင်ဘာလ ၁၇ ရက်နေ့တွင် ကုလသမဂ္ဂ အထွေထွေညီလာခံကြီးက ဆုံးဖြတ်ချက်အမှတ် (၅၄/၁၂၀)ဖြင့် ဩဂုတ်လ ၁၂ ရက်နေ့ကို "အပြည်ပြည်ဆိုင်ရာလူငယ်များနေ့" အဖြစ် သတ်မှတ်ခဲ့ခြင်းဖြစ်သည်။


အပြည်ပြည်ဆိုင်ရာ လူငယ်များနေ့ အခမ်းအနားများကို ကုလသမဂ္ဂကကြီးမှူး၍ ၂၀၀၀ ပြည့်နှစ် ဩဂုတ်လ ၁၂ ရက်နေ့တွင် ပထမဆုံးကျင်းပပြုလုပ်ခဲ့ပြီး နှစ်စဉ်အခမ်းအနားများ ကျင်းပခဲ့ရာ ယခုဆိုလျှင် ၂၃ နှစ်တိုင်ရှိခဲ့ပြီဖြစ်ပေသည်။ မြန်မာနိုင်ငံတွင်လည်း ရပ်ရွာအကျိုးပြုလုပ်ငန်းများ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများတွင် လူငယ်များ ပိုမိုပူးပေါင်းပါဝင်လာစေရန် အပြည်ပြည်ဆိုင်ရာ လူငယ်များနေ့ကို လူငယ်လူရွယ်များ ပိုမိုသိရှိကာ ပါဝင်ဆင်နွှဲလာကြစေရန်နှင့် လူငယ်များ၏အသံ၊ လိုလားချက်များအား တာဝန်ရှိသူများက သိရှိနားလည် ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရန် ရည်ရွယ်ချက်များဖြင့် ၂၀၁၈ ခုနှစ်မှ စတင်၍ အပြည်ပြည်ဆိုင်ရာ လူငယ်များနေ့ အခမ်းအနားများကို အခြားသော ကမ္ဘာ့နိုင်ငံများနည်းတူ နှစ်စဉ် ဩဂုတ်လ ၁၂ ရက်နေ့တွင် ကျင်းပပြုလုပ်ပေးလျက်ရှိပါသည်။




## နေပြည်တော်တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပရန် စီစဉ်

၂၀၂၃ ခုနှစ် အပြည်ပြည်ဆိုင်ရာလူငယ်များနေ့အတွက် ကုလသမဂ္ဂအဖွဲ့ကြီးက ချမှတ်ပေးထားသည့်ဆောင်ပုဒ်မှာ "Green Skills for Youth:

မောင်လူအေး(ရေစကြို)



Towards a Sustainable World" "ကမ္ဘာမြေ အရှည်တည်တံ့စေဖို့၊ လူငယ်များရဲ့ အစိမ်းရောင် ကျွမ်းကျင်မှုစွမ်းရည်ဖြင့် ဖော်ဆောင်စို့" ဖြစ်ပါသည်။ မြန်မာနိုင်ငံ လူငယ်ရေးရာဗဟိုကော်မတီက ကြီးမှူး၍ ၂၀၂၃ ခုနှစ် အပြည်ပြည်ဆိုင်ရာလူငယ်များနေ့ အခမ်းအနားကို လူငယ်ရေးရာ ကော်မတီဝင်များ၊ လူငယ်အဖွဲ့အစည်းများ၊ မသန်စွမ်းလူငယ်များ၊ နိုင်ငံ့ဝန်ထမ်း လူငယ်များနှင့် ဆက်စပ်ဌာနဆိုင်ရာများ၏ ပူးပေါင်းပါဝင်မှုဖြင့် နေပြည်တော် ဝဏ္ဏသိဒ္ဓိ အားကစားရုံတွင် စည်ကားသိုက်မြိုက်စွာ ကျင်းပပြုလုပ်သွားရန် စီစဉ်ဆောင်ရွက်လျက်ရှိပါသည်။

လူငယ်ဟူသည့် သဘာဝမှာ လျင်မြန်ခြင်း၊ နိုးကြားတက်ကြွခြင်း၊ ခွန်အား ရှိခြင်း၊ စူးစမ်းတတ်ခြင်း၊ စွန့်စားခြင်း၊ ရဲရင့်ခြင်း၊ တတ်မြောက်လွယ်ခြင်းနှင့် ဖန်တီးနိုင်စွမ်းအား ရှိသူများဖြစ်ကြရာ ၎င်းတို့၏ စွမ်းဆောင်ရည်များအပေါ် အသိအမှတ်ပြု၍ စနစ်တကျ ပြုစုပျိုးထောင်လေ့ကျင့်ပေးရန် အရေးတကြီး လိုအပ်လျက်ရှိပါသည်။ အနာဂတ်လူ့ဘောင်အားဦးဆောင်မည့် ဖန်တီးရှင် အနာဂတ်အရင်းအမြစ်များဖြစ်ကြသည့် လူငယ်များ၏ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူ့နီတိနှင့် ကျင့်ဝတ်၊ စံနှုန်းများကို လေးစားလိုက်နာသည့် နိုင်ငံ့သားကောင်းရတနာများ ဖြစ်လာစေရေးအတွက် လူငယ်များ၏ အရေးပါသောကဏ္ဍကို ချန်လှပ်မထားဘဲ အဘက်ဘက်မှ ဝိုင်းဝန်းပံ့ပိုးကူညီ ပြုစုပျိုးထောင်ပေးရန် လိုအပ်မည်ဖြစ်ပါသည်။

## ဗလငါးတန်ပြည့်ဝသော နိုင်ငံ့သားကောင်းများ ဖြစ်လာအောင် ပြုစုပျိုးထောင်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အစိုးရလက်ထက်တွင် နိုင်ငံတော်၏ လူ့စွမ်းအားအရင်းအမြစ်များဖြစ်ကြသည့် လူငယ်များ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် လူငယ်ရေးရာကိစ္စရပ်များကို စနစ်တကျ ထိထိရောက်ရောက် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်နှင့် လူငယ်များ ပညာသင်ယူခြင်းနှင့်အတူ အားကစားလိုက်စားပြီး ကျန်းမာကြံ့ခိုင်သည့် ဗလငါးတန်ပြည့်ဝသော နိုင်ငံ့သားကောင်းများဖြစ်လာအောင် ပြုစုပျိုးထောင်ပေးနိုင်ရန် ရည်ရွယ်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ (၁-၈-၂၀၂၁)ရက်စွဲပါ အမိန့်မှတ် (၁၅၁/၂၀၂၁) ဖြင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနကို ကျန်းမာရေးဝန်ကြီးဌာနနှင့် အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနဟု သီးခြားစီခွဲ၍ ပြင်ဆင်ဖွဲ့စည်းပေးခဲ့ပြီး (၂-၂-၂၀၂၂) ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့သည့် ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ်(၁/၂၀၂၂)အရ လူငယ်ရေးရာဦးစီးဌာနအား အင်အား ၁၈၈၀ ဖြင့် ဘဏ္ဍာရေးနှစ်အလိုက် တိုးချဲ့ဖွဲ့စည်းခွင့်ပြုခဲ့ပါသည်။

လူငယ်ရေးရာဦးစီးဌာနအနေဖြင့် ကုလသမဂ္ဂ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေး ပန်းတိုင်များ၊ မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်များနှင့်အညီ လူငယ်ကဏ္ဍ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် မူဝါဒ(၇)ရပ်၊ ရည်မှန်းချက်(၇)ရပ်နှင့် လုပ်ငန်းစဉ်(၁၀)ရပ်ချမှတ်ကာ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။

ထို့အတူ လူငယ်များ၏ ကာယ၊ ဉာဏ၊ စာရိတ္တ၊ မိတ္တ၊ ဘောဂ ဗလငါးတန်ဖွံ့ဖြိုးတိုးတက်စေရေးနှင့် မှန်ကန်သည့် လမ်းကြောင်းပေါ်သို့ ရောက်ရှိစေပြီး နိုင်ငံတော်ကိုအကျိုးပြုမည့် နိုင်ငံ့သားကောင်းများဖြစ်ပေါ်လာစေရေးအတွက် လူငယ်ရေးရာမူဝါဒအား အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်နှင့် လူငယ်ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး အစီအစဉ်များကို ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်ရန်အတွက် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် မြန်မာနိုင်ငံလူငယ်ရေးရာဗဟိုကော်မတီ၊ မြန်မာနိုင်ငံ လူငယ်ရေးရာလုပ်ငန်းကော်မတီနှင့် နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး/ ပြည်နယ် လူငယ်ရေးရာကော်မတီတို့ကို ဖွဲ့စည်းထားရှိပေးပြီးဖြစ်သည့်အတွက် လူငယ်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများကို ယခင်ကထက် ပိုမိုထိရောက်ကျယ်ပြန့်စွာ ဆောင်ရွက်လာနိုင်ခဲ့ပြီဖြစ်သည်။

လူငယ်တို့ ရင်ဆိုင်ကြုံတွေ့နေရသည့် စိန်ခေါ်မှုပြဿနာများကို ဖြေရှင်းကျော်လွှား၍ မြန်မာနိုင်ငံရှိ လူငယ်များ၏ လူမှုရေး၊ စီးပွားရေး၊ နိုင်ငံရေး၊ ပညာရေး၊ ယဉ်ကျေးမှု၊ ဖွံ့ဖြိုးမှု အနာဂတ်အလားအလာကောင်းများကို ရှေ့ဆောင်လမ်းပြပေးနိုင်ရန် လူငယ်ရေးရာမူဝါဒကို ၂၀၁၇ ခုနှစ်တွင် ရေးဆွဲပြဋ္ဌာန်းနိုင်ခဲ့ပြီး ယင်းမူဝါဒနှင့်အညီ လက်တွေ့ အကောင်အထည်ဖော် ဆောင်ရွက်သွားမည့် လူငယ်ရေးရာမူဝါဒဆိုင်ရာအမျိုးသားအဆင့် မဟာဗျူဟာစီမံချက်(၂၀၂၀-၂၀၂၄)ကိုလည်း ရေးဆွဲပြဋ္ဌာန်းနိုင်ခဲ့ပါသည်။ လူငယ်ရေးရာမူဝါဒတွင် လူ




စာမျက်နှာ(၃၈)သို့

စာမျက်နှာ(၃၇)ဆောင်းပါး•••မှအဆက်

ငယ်ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အဓိကကဏ္ဍ(၁၆) ရပ်ပါရှိပြီး ၎င်းကဏ္ဍ(၁၆)ရပ်မှာ -

- ပညာရေးကဏ္ဍ၊
- ကျန်းမာရေးကဏ္ဍ၊
- မူးယစ်ဆေးဝါးနှင့် အခြားဘေးဖြစ်စေတတ်သည့် အန္တရာယ်များကဏ္ဍ၊
- အားကစားနှင့် အပန်းဖြေခြင်းကဏ္ဍ၊
- အလုပ်အကိုင် အခွင့်အလမ်းကဏ္ဍ၊
- စီးပွားရေးကဏ္ဍ၊
- နိုင်ငံရေးကဏ္ဍ၊
- စာပေအနုပညာနှင့် ယဉ်ကျေးမှုကဏ္ဍ၊
- သုတေသနကဏ္ဍ၊
- သိပ္ပံနှင့်နည်းပညာကဏ္ဍ၊
- ပြည်သူ့နီတိနှင့် နိုင်ငံ့သားကောင်းဖြစ်မှုကဏ္ဍ၊
- သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးကဏ္ဍ၊
- ငြိမ်းချမ်းရေးနှင့် ဘဝလုံခြုံရေးကဏ္ဍ၊
- ကျား/မ ညီမျှမှုကဏ္ဍ၊
- လူ့အခွင့်အရေးကဏ္ဍ၊
- နိုင်ငံတကာဆက်ဆံရေးကဏ္ဍ

တို့ ဖြစ်ကြပါသည်။

လူငယ်ရေးရာမူဝါဒတွင် ပါဝင်သော လူငယ်ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အဓိကကဏ္ဍ(၁၆) ရပ်မှာ ပြည်ထောင်စုဝန်ကြီးဌာနများ၊ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၊ တိုင်းဒေသကြီး /ပြည်နယ်အစိုးရအဖွဲ့များက အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းရပ်များ၊ ဦးစားပေးကဏ္ဍများ၊ ဆောင်ရွက်ချက်များနှင့် ဆက်စပ်လျက်ရှိသည့် (cross-cutting) ကဏ္ဍများ ဖြစ်ပေရာ ယင်းမူဝါဒပါလုပ်ငန်းစဉ်များကို အကောင်အထည်ဖော်ရာတွင် လူငယ်များ၏ ပူးပေါင်းပါဝင်မှုဖြင့် ပြည်ထောင်စုအဆင့်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့်၊ ခရိုင်အဆင့်၊ မြို့နယ်အဆင့် လူငယ်ရေးရာကော်မတီများကဦးဆောင်ကာ ဆက်စပ်ဌာန/အဖွဲ့အစည်းများ၊ ကုလသမဂ္ဂအဖွဲ့အစည်းများပြည်တွင်းပြည်ပမှ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ အရပ်ဘက် လူမှုအဖွဲ့အစည်းများ၊ လူထုအခြေပြုအဖွဲ့အစည်းများ၊ ပုဂ္ဂလိကအဖွဲ့အစည်းများ၊ ကွန်ရက်များနှင့် ပြည်သူလူထု၏ အပြည့်အဝ ပူးပေါင်းပါဝင်မှုရှိမှသာ အောင်မြင်မှု ရရှိနိုင်မည်ဖြစ်သည်။



## လူငယ်ရေးရာ အသိပညာပေးဟောပြောပွဲများ

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေပုဒ်မ ၃၃ တွင် "နိုင်ငံတော်သည် လူငယ်များ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊ အတွေးအခေါ်မှန်ကန်ရေးနှင့် ဗလငါးတန် တိုးတက်ဖွံ့ဖြိုးရေးတို့အတွက် ဆောင်ရွက်ရမည်" ဟူသော နိုင်ငံတော်အခြေခံမူနှင့်အညီ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန၊ ပြန်ကြားရေးဝန်ကြီးဌာနနှင့် ပညာရေးဝန်ကြီးဌာနတို့ ပူးပေါင်းပြီး လူငယ်များ စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊ အမျိုးသားရေးစိတ်ဓာတ်ကို အခြေခံသည့် ကိုးကွယ်ယုံကြည်မှု၊ ယဉ်ကျေးမှု၊ အမျိုးသားရေး စရိုက်လက္ခဏာများအား ထိန်းသိမ်းစောင့်ရှောက်တတ်စေရေးနှင့် အသိပညာဗဟုသုတ ကြွယ်ဝစေရေးအတွက် လူငယ်ရေးရာ အသိပညာပေးဟောပြောပွဲများကို တိုင်းဒေသကြီး/ပြည်နယ်၊ ခရိုင်၊ မြို့နယ်အသီးသီးတွင် ကျင်းပဆောင်ရွက်လျက်ရှိရာ ၂၀၂၂ ခုနှစ် မတ်လမှ ၂၀၂၃ခုနှစ် ဇူလိုင်လအထိ လူငယ်ရေးရာအသိပညာပေး ဟောပြောပွဲ ၂၂၁၉ ကြိမ် ကျင်းပနိုင်ခဲ့ပြီး ကျောင်းသား/ကျောင်းသူ လူငယ်ပေါင်း ၄၁၉၃၇၁ ဦးကို အသိပညာများ မျှဝေပေးနိုင်ခဲ့ပါသည်။

ထို့အတူ လူငယ်ရေးရာမူဝါဒတွင်ပါရှိသည့် လူငယ်ဆိုင်ရာ အဓိကကဏ္ဍများနှင့် ပတ်သက်၍ လူငယ်စကားဝိုင်းများကို သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိရာ ၂၀၂၂ ခုနှစ် ဒီဇင်ဘာလမှ၂၀၂၃ ခုနှစ် ဇူလိုင်လအထိ နေပြည်တော်ကောင်စီအပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ခရိုင်၊ မြို့နယ်များတွင် လူငယ်စကားဝိုင်း အကြိမ် ၁၁၀ ကျင်းပပြုလုပ်နိုင်ခဲ့ပြီး ကျောင်းသား/ကျောင်းသူ စုစုပေါင်း ၂၁၃၃၀ ပါဝင်တက်ရောက်ခဲ့ပါသည်။

၂၀၂၃ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့တွင် ကျရောက်သော (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့အကြို ကျင်းပပြုလုပ်ခဲ့သည့် "လူငယ်နှင့်စာပေအနုပညာပြပွဲ"တွင် အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန လူငယ်ရေးရာဦးစီးဌာနအနေဖြင့် လူငယ်များ ဗဟုသုတရရှိစေမည့် သုတရသစာအုပ်စာပေများ ခင်းကျင်းပြသခြင်း၊ ဓာတ်ပုံမှတ်တမ်းများ



Video Clip မှတ်တမ်းများ ပြသခြင်းနှင့် ဗဟုသုတ ဉာဏ်စမ်းမေးခွန်းများ မေးမြန်းခြင်းနှင့် ဆုချီးမြှင့်ခြင်း၊ အမှတ်တရ အပျော်တမ်း ဓာတ်ပုံရိုက်ရန် Photo Booth များ ပြုလုပ်ပေးခြင်းဖြင့် လူငယ်များ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊ အတွေးအခေါ်မှန်ကန်ရေး၊ အသိပညာ ဗဟုသုတများ တိုးပွားစေရေးနှင့် ဗလငါးတန် ဖွံ့ဖြိုးတိုးတက်စေရေး အတွက် ဆောင်ရွက်ပေးနိုင်ခဲ့ပါသည်။

ငြိမ်းချမ်းရေးဖြစ်စဉ်နှင့် ဆောင်ရွက်ချက်များတွင် လူငယ်များ အပြည့်အဝပါဝင်ခွင့် ရရှိစေရန်နှင့် လူငယ်များ ငြိမ်းချမ်းရေးကို တန်ဖိုးထား ထိန်းသိမ်းတတ်စေရန်ရည်ရွယ်၍ မန္တလေးတိုင်းဒေသကြီး လူငယ်ရေးရာကော်မတီကဦးစီး၍ "သွေးချင်းညီနောင် ကောင်းကျိုးဆောင် ပြည်သစ်အောင်ဖို့ ဆွေးနွေးစို့"ဟူသည့်ဆောင်ပုဒ်ဖြင့် တက္ကသိုလ်၊ ဒီဂရီကောလိပ် ကျောင်းသား/ကျောင်းသူများ၏ ငြိမ်းချမ်းရေးဆိုင်ရာ စကားဝိုင်းကို ၂၈-၁-၂၀၂၃ ရက်နေ့တွင် မန္တလာသီရိအားကစားကွင်း၌ ကျင်းပပြုလုပ်ခဲ့ရာ အခြေခံပညာကျောင်းများ၊ တက္ကသိုလ်၊ ဒီဂရီကောလိပ်များမှ ကျောင်းသား /ကျောင်းသူ စုစုပေါင်း ၂၅၀၀၀ ပါဝင်တက်ရောက်ခဲ့ပါသည်။

## အားကစားကဏ္ဍသည် အရေးကြီး

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် "နိုင်ငံ၏ အခြေခံကျန်းမာရေး စောင့်ရှောက်မှုကို ပိုမိုခိုင်မာအောင် တည်ဆောက်၍ တစ်မျိုးသားလုံး သက်ရှည်ကျန်းမာသည့် ကျန်းမာရေးစနစ် ဖြစ်ပေါ်လာစေရေး"ဆိုသည့် လူမှုရေးဦးတည်ချက်ကို ချမှတ်ဆောင်ရွက်လျက်ရှိရာ တစ်မျိုးသားလုံး သက်ရှည်ကျန်းမာ ကြံ့ခိုင်ရေးအတွက် အားကစားကဏ္ဍသည် အရေးကြီးသည့် အခန်းကဏ္ဍတစ်ခု ဖြစ်ပါသည်။ လူငယ်များအား ငယ်ရွယ်စဉ်ကတည်းက ပညာသင်ယူခြင်းနှင့်အတူ အားကစားလိုက်စားပြီး ကျန်းမာကြံ့ခိုင်၍ ဗလငါးတန်ပြည့်ဝသည့် နိုင်ငံ့သားကောင်းများဖြစ်အောင် ပြုစုပျိုးထောင်ပေးသွားမည့် ရည်ရွယ်ချက်နှင့်အညီ လူငယ်များ ကျန်းမာကြံ့ခိုင်ရေးအတွက် အားကစားနှင့် ကာယပညာဖြင့် ပေါင်းစပ်အကောင်အထည်ဖော်ရန် လိုအပ်လျက်ရှိရာ အခြေခံပညာကျောင်းများနှင့် နည်းပညာကောလိပ်များ၊ တက္ကသိုလ်များသို့ သွားရောက်၍ အားကစားနှင့် လူငယ်ဆိုင်ရာ ဟောပြောပွဲများပြုလုပ်ခြင်း၊ အားကစားနည်းများ သရုပ်ပြသခြင်း၊ အားကစားနည်းအလိုက် သင်တန်းများဖွင့်လှစ်ခြင်း၊ အားကစားပြိုင်ပွဲများ ကျင်းပပေးခြင်းနှင့် အားကစားပစ္စည်းများ ထောက်ပံ့ပေးခြင်းတို့ကို ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။





အခြေခံ အားကစားနည်း တစ်ရပ်ရပ်ကို လေ့လာလိုက်စားခြင်းအားဖြင့် ကျန်းမာကြံ့ခိုင်၍ ဉာဏ်ရည်ထက်မြက်သောလူငယ်များ မွေးထုတ်ပေးနိုင်မည်ဖြစ်ပြီး စနစ်တကျ ဆက်လက်လေ့ကျင့်ပြုစုပျိုးထောင်ပေးနိုင်ပါက အားကစားဖြင့် နိုင်ငံ့ဂုဏ်ကို မြှင့်တင်ပေးနိုင်သည့် နိုင်ငံ့ဂုဏ်ဆောင် အားကစားသမားများ မွေးထုတ်ပေးနိုင်မည်ဖြစ်ပေသည်။ နွေရာသီကျောင်းပိတ်ရက်ကာလအတွင်း လူငယ်များ အချိန်ကို အကျိုးရှိစွာ အသုံးချနိုင်ရန်အတွက် နွေရာသီ အားကစားအခြေခံသင်တန်းများကို ဖွင့်လှစ်ပေးလျက်ရှိရာ ၎င်းသင်တန်းများမှ တစ်ဆင့် ကျန်းမာကြံ့ခိုင်သော လူငယ်လူရွယ်များ၊ ထူးချွန်ထက်မြက်သည့် မျိုးဆက်သစ် အားကစားလူရည်ချွန်များ ပေါ်ထွက်လာမည်ဖြစ်ပေသည်။

စာမျက်နှာ(၄၀)သို့



# ၂၀၂၃ ခုနှစ် မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံမြို့နယ် ဗထူးမိုးလုံလေလုံ အားကစားရုံသစ် ဖွင့်ပွဲအခမ်းအနားကျင်းပ









● မန္တလေး၊ ဩဂုတ်လ(၂၉)ရက်။

မန္တလေးတိုင်းဒေသကြီး၊ ချမ်းအေးသာစံမြို့နယ် ဗထူးအားကစားကွင်းတွင် ၂၀၂၂-၂၀၂၃ ခုနှစ် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေဖြင့် ဆောင်ရွက်ပြီးစီးခဲ့သော ဗထူးမိုးလုံလေလုံ အားကစားရုံသစ် ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်(၈း၀၀)နာရီချိန်တွင် ကျင်းပပြုလုပ်ခဲ့ရာ အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင်၊ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးလှိုင်နှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် ဌာနဆိုင်ရာ အကြီးအကဲများ၊ အားကစား သရုပ်ပြသမည့်အဖွဲ့များမှ အားကစားသမားများနှင့် ပရိသတ်အင်အား(၂၁၀၀) ဦးခန့် တက်ရောက်ခဲ့ပါသည်။

အဆိုပါ အခမ်းအနားတွင် မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင်၊ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးလှိုင်၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ကျော်ကျော်မင်းနှင့် လူမှုရေးရာဝန်ကြီး ဦးအောင်မင်းတို့မှ မိုးလုံလေလုံ အားကစားရုံအား ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်မှ အားကစားရုံ ကမ္ပည်းမော်ကွန်းအား စက်ခလုတ်နှိပ် ဖွင့်လှစ်ပေး၍ အမွှေးနံ့သာရည်ဖြင့် ပက်ဖျန်းပေးပြီးနောက် အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် ဝန်ကြီးများမှ ကမ္ပည်းမော်ကွန်းအား အမွှေးနံ့သာရည်ဖြင့် ပက်ဖျန်းပေးကာ အားကစားရုံအား ဖွင့်လှစ်ပေးခဲ့ပါသည်။

ဆက်လက်၍ ဒုတိယပိုင်းအစီအစဉ်အဖြစ် တိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင်မှ အားကစားရုံသစ်ဖွင့်ပွဲ အခမ်းအနားအား အဖွင့်အမှာစကားပြောကြား၍ ဖွင့်လှစ်ပေးပြီး မိုးလုံလေလုံအားကစားရုံအား တာဝန်ယူ တည်ဆောက်ခဲ့သည့် Art Wave Co.,Ltd. မှ အားကစားရုံ အချက်အလက်များအား တိုင်းဒေသကြီး အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးကျော်မင်းသန်းထံ လွှဲပြောင်းပေးအပ်ခဲ့ပြီးနောက် အားကစားသရုပ်ပြအဖွဲ့များမှ Myanmar Fitness Dance၊ မြန်မာ့သိုင်း၊ ကရာတေး၊ တိုက်ကွမ်ဒို၊ ရိုးရာခြင်းလုံး၊ ဝူရှူး၊ ကျွမ်းဘား စသည့် အားကစားနည်း (၇)နည်းဖြင့် သရုပ်ပြသခဲ့ရာ သရုပ်ပြအားကစားအဖွဲ့များအား မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်နှင့် အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီးတို့မှ ဂုဏ်ပြုဆုငွေများ အသီးသီး ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရှိရပါသည်။

---

▶ စာမျက်နှာ(၃၉)ဆောင်းပါး‥‥မှအဆက်

ထိုရည်မှန်းချက်နှင့်အညီ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန၊ အားကစားနှင့် ကာယပညာဦးစီးဌာနက ကြီးမှူး၍ နွေရာသီအားကစားသင်တန်းများကို ခရိုင်/မြို့နယ် အသီးသီးတွင် စဉ်ဆက်မပြတ် ဖွင့်လှစ်ပေးခဲ့ရာ ၂၀၂၂-၂၀၂၃ ပညာသင်နှစ် နွေရာသီအားကစားအခြေခံသင်တန်းများသို့ သင်တန်းသား/သင်တန်းသူ စုစုပေါင်း ၃၄၁၅၀ ပါဝင်တက်ရောက်ခဲ့ပါသည်။ ယင်းကဲ့သို့ စနစ်တကျ လေ့ကျင့်ပျိုးထောင်ပေးမှုများကြောင့်လည်း ၂၀၂၃ ခုနှစ် ကမ္ဘောဒီးယားနိုင်ငံ၌ ကျင်းပပြုလုပ်ခဲ့သည့် (၃၂)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲနှင့် (၁၂)ကြိမ်မြောက် အာဆီယံ မသန်စွမ်းသူများ အားကစားပြိုင်ပွဲများတွင် မြန်မာလူငယ် အားကစားသမားများသည် နိုင်ငံ့ဂုဏ်ဆောင် ရွှေတံဆိပ်ဆုများ ရယူပေးနိုင်ခဲ့သည်ကို တွေ့မြင်ရမည်ဖြစ်ပေသည်။

ကမ္ဘာ့နိုင်ငံများတွင် လူငယ်များဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်မှု နည်းလမ်းများအဖြစ် လူငယ်ဖလှယ်ရေးအစီအစဉ်များ (Youth Exchange Program)၊ လူငယ်ခေါင်းဆောင်မှုအစီအစဉ်များ(Youth Leadership Program)၊ လူငယ်စေတနာ့ဝန်ထမ်း အခွင့်အလမ်းများ(Youth Volunteer Opportunities)၊ ၂၁ ရာစုကျွမ်းကျင်မှု အတတ်ပညာများ အပါအဝင် ကျွမ်းကျင်မှုသင်တန်းများ (Skills Training) နှင့် လူမှုရေးဆိုင်ရာ စွမ်းဆောင်မှုအစီအစဉ်များ (Social Entrepreneurship Program)များကို ဦးစားပေးအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။

**(ဆက်လက်ဖော်ပြပါမည်)**

# မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ၂၀၂၃ ခုနှစ်၊ အမျိုးသားတံခွန်စိုက် အမျိုးသား၊ အမျိုးသမီး ဘတ်စကက်ဘောပြိုင်ပွဲနှင့် U-20 (3x3) ဘတ်စကက်ဘောပြိုင်ပွဲ ဗိုလ်လုပွဲနှင့်ဆုချီးမြှင့်ပွဲတက်ရောက်



















● မန္တလေး၊ ဩဂုတ်လ(၂၉)ရက်။

မြန်မာနိုင်ငံဘတ်စကက်ဘောအဖွဲ့ချုပ်နှင့် မန္တလေးတိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာနတို့ပူးပေါင်း၍ ကျင်းပသည့် ၂၀၂၃ ခုနှစ်၊ အမျိုးသားတံခွန်စိုက် အမျိုးသား၊အမျိုးသမီး ဘတ်စကက်ဘောပြိုင်ပွဲနှင့်U-20(3x3) ဘတ်စကက်ဘောပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကို ယနေ့မွန်းလွဲပိုင်းက ချမ်းအေးသာစံမြို့နယ် ဗထူးမိုးလုံလေလုံ အားကစားကွင်း၌ကျင်းပရာ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီး ဝန်ကြီးများ၊ တိုင်းဒေသကြီး ဥပဒေချုပ်နှင့် တာဝန်ရှိသူများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များတက်ရောက်ကြပြီး Foxes



အသင်းနှင့်Bana အသင်းတို့ ဗိုလ်လုပွဲ ယှဉ်ပြိုင်ကစားနေမှုကို ကြည့်ရှုအားပေးရာ Bana အသင်းကအနိုင်ရ ဗိုလ်စွဲသွားခဲ့သည်။

ယင်းနောက် ဆုချီးမြှင့်ခြင်းအခမ်းအနား ဆက်လက်ကျင်းပရာ တိုင်းဒေသကြီး ဝန်ကြီးများက U-20 (3x3) အမျိုးသား၊ အမျိုးသမီး ဘတ်စကက်ဘောပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိသည့်အသင်းများကိုလည်းကောင်း၊(5x5)အလွတ်တန်း အမျိုးသား၊ အမျိုးသမီး ဘတ်စကက်ဘောပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိသည့် အသင်းများကိုလည်းကောင်း၊ အကောင်းဆုံးဆုရရှိသူများကိုလည်းကောင်း၊ တိုင်းဒေသကြီး ဝန်ကြီးချုပ်က U-20 (3x3) အမျိုးသမီး ဘတ်စကက်ဘောပြိုင်ပွဲတွင် ပထမဆုရ အင်းတော်(က) အသင်း၊ U-20 (3x3) အမျိုးသား ဘတ်စကက်ဘောပြိုင်ပွဲတွင် ပထမဆုရ တောင်ကြီးအသင်း၊ (5x5) အလွတ်တန်း အမျိုးသမီးဘတ်စကက်ဘောပြိုင်ပွဲတွင် ပထမဆုရ MOHA အသင်းတို့အား ပထမတံခွန်စိုက်ဆုများကိုလည်းကောင်း၊(5x5) အလွတ်တန်း အမျိုးသားဘတ်စကက်ဘောပြိုင်ပွဲတွင် ဗိုလ်စွဲခဲ့သည့် Bana အသင်းအား ပထမတံခွန်စိုက်ဆုဖလားကိုလည်းကောင်း ချီးမြှင့်ပေးအပ်ကြောင်း သိရသည်။

# ၂၀၂၃ ခုနှစ်၊ ပြည်နယ်နှင့် တိုင်းဒေသကြီး ဖူဆယ်ပြိုင်ပွဲတွင် အောင်ပွဲရ ရှမ်းပြည်နယ် ဖူဆယ်အမျိုးသား/အမျိုးသမီး အသင်းအားကြိုဆို









● တောင်ကြီး၊ ဩဂုတ်လ(၁)ရက်။

၂၀၂၃ ခုနှစ်၊ ပြည်နယ်နှင့်တိုင်းဒေသကြီး ဖူဆယ်ပြိုင်ပွဲတွင် အမျိုးသားပြိုင်ပွဲဝင် အသင်း(၁၅)သင်း၊ အမျိုးသမီးပြိုင်ပွဲဝင် အသင်း(၁၁)သင်း ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြပြီးနောက် ရှမ်းပြည်နယ်မှ အမျိုးသမီးပထမ၊ အမျိုးသားဒုတိယဆုရရှိသဖြင့် ယနေ့ နေ့လယ်(၁၄း၀၀)အချိန်တွင် ပြည်နယ်ရုံးရှေ့၌ ကြိုဆိုဂုဏ်ပြုခဲ့ကြပါသည်။

၂၀၂၃ ခုနှစ်၊ ပြည်နယ်နှင့်တိုင်းဒေသကြီး ဖူဆယ်ပြိုင်ပွဲကို ဇူလိုင်(၂၄)ရက်နေ့မှစတင်၍ ဇူလိုင်(၃၁)ရက်နေ့ထိ အမျိုးသားပြိုင်ပွဲဝင်အသင်း(၁၅)သင်း၊ အမျိုးသမီးပြိုင်ပွဲဝင်အသင်း(၁၁)သင်းဖြင့် ကျင်းပခဲ့ရာ ရှမ်းပြည်နယ် အမျိုးသမီး ဖူဆယ်အသင်းက ဗိုလ်လုပွဲတွင် ပဲခူးတိုင်းဒေသကြီး ဖူဆယ် အမျိုးသမီးအသင်းကို (၆)ဂိုး၊ (၂) ဂိုးဖြင့်လည်းကောင်း အနိုင်ရရှိ ဗိုလ်စွဲခဲ့ပြီး၊ ရှမ်းပြည်နယ် အမျိုးသားဖူဆယ်အသင်းက ဗိုလ်လုပွဲတွင် မန္တလေးတိုင်းဒေသကြီး အမျိုးသား ဖူဆယ်အသင်းကို(၂)ဂိုး၊ (၄)ဂိုးဖြင့် ရှုံးနိမ့်ခဲ့၍ ဒုတိယဖြင့်သာကျေနပ်ခဲ့ရပါသည်။

အဆိုပါကြိုဆိုပွဲအခမ်းအနားကို ရှမ်းပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်လူမှုရေးရာဝန်ကြီး၊ ပြည်နယ်တိုင်းရင်းသားရေးရာဝန်ကြီး၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ် အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူး၊ တောင်ကြီးခရိုင် အုပ်ချုပ်ရေးမှူး၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ပညာရေးဒီဂရီကောလိပ်မှ ကျောင်းသား/ကျောင်းသူများ၊ အားကစားသမားများက သောင်းသောင်းဖြဖြ ကြိုဆိုခဲ့ကြကြောင်း သတင်းရရှိပါသည်။

# အခြေခံရေကူးသင်တန်း အမှတ်စဉ်(၁/၂၀၂၃) သင်တန်းဆင်းပွဲ ကျင်းပ





● တောင်ကြီး၊ ဩဂုတ်လ(၁၇)ရက်။

၂၀၂၃ ခုနှစ်၊ ရှမ်းပြည်နယ် လူငယ်ရေးရာကော်မတီ၏ ဦးဆောင်လမ်းညွှန်ကြီးကြပ်မှုဖြင့် ဖွင့်လှစ်ခဲ့သည့် အခြေခံရေကူးသင်တန်းအမှတ်စဉ်(၁/၂၀၂၃) သင်တန်းဆင်းပွဲကို ယနေ့မွန်းလွဲ(၂)နာရီက အား/ကာသိပ္ပံ(တောင်ကြီး)ရေကူးကန်၌ ကျင်းပသည်။

သင်တန်းဆင်းပွဲတွင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်လူမှုရေးရာဝန်ကြီး ဦးအေးလှိုင်က သင်တန်းကို ဖွင့်လှစ်ရသည့် ရည်ရွယ်ချက်မှာ ကျောင်းသား၊ ကျောင်းသူ လူငယ်များအနေဖြင့် အချိန်ကိုအကျိုးရှိစွာအသုံး

▶▶

# အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးလှိုင် ဇမ္ဗူသီရိမြို့နယ် ရွှေကြာပင်အားကစားကွင်းရှိ အထူးတန်းပွဲကြည့်စင်နှင့် မိုးလုံလေလုံအားကစားရုံ တည်ဆောက်နေမှု အခြေအနေများအား လိုက်လံကြည့်ရှုစစ်ဆေး





● နေပြည်တော်၊ ဩဂုတ်လ(၇)ရက်။

အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးလှိုင်နှင့်တာဝန်ရှိသူများသည် နေ့လယ်ပိုင်းတွင် နေပြည်တော် ဇမ္ဗူသီရိမြို့နယ်၊ ရွှေကြာပင်ရပ်ကွက်၊ ရွှေကြာပင်အားကစားကွင်း၌ ပြည်သစ်စံ ဆောက်လုပ်ရေးကုမ္ပဏီမှ တာဝန်ယူဆောင်ရွက်လျက်ရှိသည့် (၄၈၀ ပေ x ၆၀ ပေ) RC (၂)ထပ် အနောက်ဘက် အထူးတန်းပွဲကြည့်စင်နှင့် Greeco



ဆောက်လုပ်ရေးကုမ္ပဏီမှ တာဝန်ယူဆောင်ရွက်လျက်ရှိသည့် (၁၈၀ပေ x ၁၅၀ ပေ) မိုးလုံလေလုံအားကစားရုံ တည်ဆောက်နေမှု အခြေအနေများအား လိုက်လံကြည့်ရှု စစ်ဆေးခဲ့ပြီး အဆောက်အဦများ ရေရှည်တည်တံ့စေရေးနှင့် စံချိန်စံညွှန်း ပြည့်မီပြီး သတ်မှတ်ကာလအတွင်း အချိန်မီ ပြီးစီးစေရေးအတွက် တာဝန်ရှိသူများကိုလိုအပ်သည်များ လမ်းညွှန်မှာကြားခဲ့ကြောင်း သိရသည်။









>>

ပြုတတ်စေရန်၊ ကျန်းမာကြံ့ခိုင်ပြီး အရည်အသွေးမြင့်မားသည့်အားကစားမောင်မယ်များ ပေါ်ထွက်လာစေရန်၊ ရေကူးအားကစားနည်းမှ ထူးချွန်ထက်မြက်သည့် မျိုးဆက်သစ်ရေကူးအားကစားသမားများ ပေါ်ထွက်လာစေရန်နှင့် အရေးကြုံက သက်လုံကောင်းစေရန် ရည်ရွယ်၍ ဖွင့်လှစ်ပေးရခြင်းဖြစ်ပါကြောင်း၊ သင်တန်းတွင် ကျား(၂၁)ဦး၊ မ(၁၇)ဦး၊ စုစုပေါင်း သင်တန်းသား/သင်တန်းသူ (၃၈)ဦး တက်ရောက်ခဲ့ကြကြောင်းနှင့် လူငယ်၊ လူရွယ်များအချိန်ကိုအကျိုးရှိရှိအသုံးချပြီး ငယ်ရွယ်နုပျိုစဉ် တစ်ကိုယ်ရေကျန်းမာရေးအတွက် ကိုယ်လက်လှုပ်ရှားအားကစားကို လေ့လာလိုက်စားစေရန်အတွက် ဖွင့်လှစ်ပေးရခြင်းဖြစ်ကြောင်း၊ ပြည်နယ်အတွက် အားထားရသည့် ရေကူးအားကစားသမားများ ပေါ်ထွက်လာရန်မျှော်လင့်မိပါကြောင်း ပြောကြားသည်။

ဆက်လက်၍ သင်တန်းနည်းပြများ ဂုဏ်ပြုခြင်း၊ သင်တန်းဆင်းလက်မှတ်များ၊ သင်တန်းသား၊ သင်တန်းသူများမှထူးချွန်ဆု(၂)ဆုတို့ကို ရှမ်းပြည်နယ်အစိုးရအဖွဲ့ ပြည်နယ် လူမှုရေးရာဝန်ကြီး ဦးအေးလှိုင်မှ ချီးမြှင့်ပေးပြီး ရေကူးနည်းပြဆရာမှ ရေကူးနည်း(၄)မျိုးဖြစ်သည့် လိပ်ပြာကူး၊ ပက်လက်ကူး၊ ရင်ဘောင်တန်းကူး၊ အလွတ်ကူး(ခေါ်)လက်ပစ်ကူးခြင်းတို့ကို သရုပ်ပြကူးခတ်ခဲ့ပြီး သင်တန်းသား၊သင်တန်းသူများမှလည်း သရုပ်ပြကူးခတ်ခဲ့ကြပါသည်။

အဆိုပါသင်တန်းကို ဇူလိုင်လ(၂၆)ရက်နေ့မှ ဩဂုတ်လ (၁၇)ရက်နေ့အထိ သင်တန်းကာလအား(၂၃)ရက်ကြာ ဖွင့်လှစ်ခဲ့ကြောင်း သတင်းရရှိပါသည်။

# အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဇင်မင်းထက် လူငယ်ရေးရာ အသိပညာပေး ဟောပြောပွဲအခမ်းအနား တက်ရောက်















● နေပြည်တော်၊ ဩဂုတ်လ(၇)ရက်။

လူငယ်များ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊ အတွေးအခေါ် မှန်ကန်ရေးနှင့် ဗလငါးတန်ဖွံ့ဖြိုးတိုးတက်စေရန်ရည်ရွယ်၍ အားကစားနှင့် လူငယ်ရေးရာ ဝန်ကြီးဌာနမှ ကြီးမှူးသည့် လူငယ်ရေးရာအသိပညာပေးဟောပြောပွဲကို ယနေ့မွန်းလွဲ (၁) နာရီတွင် မန္တလေးတိုင်းဒေသကြီး၊ ရမည်းသင်းခရိုင်၊ ရမည်းသင်းမြို့ နည်းပညာတက္ကသိုလ်၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် မြန်မာနိုင်ငံ လူငယ်ရေးရာဗဟိုကော်မတီ အတွင်းရေးမှူး၊ အားကစားနှင့် လူငယ်ရေးရာ ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဇင်မင်းထက်က အဖွင့်အမှာစကားပြောကြားရာတွင် လူငယ်များ ကာယ၊ ဉာဏ၊ စာရိတ္တ၊ မိတ္တ၊ ဘောဂ စသည့် ဗလငါးတန်ဖွံ့ဖြိုးတိုးတက်ပြီး အသိပညာ ဗဟုသုတများနှင့်ပြည့်စုံသည့် လူတော်လူကောင်းများ ပေါ်ထွက်လာစေရန် ရည်ရွယ်၍ နေပြည်တော်ကောင်စီအပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ တက္ကသိုလ်များ၊ ကောလိပ်များနှင့် အခြေခံပညာကျောင်းများတွင် လူငယ်ရေးရာအသိပညာပေးဟောပြောပွဲများနှင့် လူငယ်စကားဝိုင်းများကိုလစဉ်ပြုလုပ်ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် အားကစားကဏ္ဍသည် အရေးကြီးသည့် အခန်းကဏ္ဍတစ်ခုဖြစ်ပါကြောင်း၊ လူငယ်လူရွယ်များသည် တိုင်းပြည်၏ အဖိုးတန်ရတနာများဖြစ်သည့်အတွက် နိုင်ငံတိုင်းနိုင်ငံတိုင်း၌ လူငယ်ပြုစုပျိုးထောင်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါကြောင်း၊ ကျောင်းသား/ကျောင်းသူ လူငယ်များအနေဖြင့် တိုင်းပြည်နှင့် လူမျိုးအပေါ် ချစ်ခင်မြတ်နိုး တန်ဖိုးထားစိတ်နှင့် ပြည်ထောင်စုစိတ်ဓာတ်တို့ဖြင့် အနာဂတ်နိုင်ငံတော်ကို ဦးဆောင်နိုင်သည့် လူငယ်များဖြစ်လာအောင် ကြိုးစားနေထိုင်သွားကြစေလို

>>>


















ကြောင်း တိုက်တွန်းပြောကြားခဲ့သည်။

ထို့နောက် လူငယ်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးနေဝင်းကလူငယ်ရေးရာဦးစီးဌာန၏ လုပ်ငန်းဆောင်ရွက်ချက်များနှင့် ပတ်သက်၍လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး၊ အားကစားနှင့် ကာယပညာဦးစီးဌာန၊ ညွှန်ကြားရေးမှူး ဦးကျော်မင်းသန်းက လူငယ်နှင့် အားကစားခေါင်းစဉ်ဖြင့်လည်းကောင်း၊ ရမည်းသင်းခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှလက်ထောက်ညွှန်ကြားရေးမှူး ဒေါ်သိမ့်သိမ့်မျိုးက လူငယ်နှင့်စာဖတ်ခြင်း ခေါင်းစဉ်ဖြင့်



လည်းကောင်း ဟောပြောဆွေးနွေးခဲ့ပြီးနောက် ကျောင်းသား/ကျောင်းသူများကို ဗဟုသုတ ဉာဏ်စမ်းမေးခွန်းများ မေးမြန်းခဲ့ပြီး အမှတ်တရဆုလက်ဆောင်ပစ္စည်းများ ပေးအပ်ချီးမြှင့်ခဲ့သည်။

ဆက်လက်၍ မြန်မာနိုင်ငံလူငယ်ရေးရာဗဟိုကော်မတီ အတွင်းရေးမှူး၊ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဇင်မင်းထက်က အားကစားပစ္စည်းများ ပေးအပ်လှူဒါန်းခဲ့ရာ နည်းပညာတက္ကသိုလ် (ရမည်းသင်း)မှ ဒုတိယပါမောက္ခချုပ် ဒေါက်တာမြတ်သူက လက်ခံရယူခဲ့ပြီး ကျေးဇူးတင်စကားပြောကြားကာ ဟောပြောပွဲအခမ်းအနားအား ရုပ်သိမ်းခဲ့ကြောင်း သိရသည်။

# အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးလှိုင် ပဲခူးတိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာန(တိုင်း/ရုံး)အရာထမ်း၊ အမှုထမ်းများ တွေ့ဆုံခြင်းနှင့် အားကစားနှင့် ကာယပညာသိပ္ပံ(ရန်ကုန်)ဝန်ထမ်းများနှင့် ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာန ဝန်ထမ်းများအား တွေ့ဆုံပွဲအခမ်းအနား တက်ရောက်









● ရန်ကုန်၊ ဩဂုတ်လ(၉)ရက်။

အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးလှိုင်သည်အားကစားနှင့် ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်ဦးနှင့်အတူ ပဲခူးတိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာန(တိုင်း/ရုံး) အစည်းအဝေးခန်းမ၌ တိုင်းရုံး၊ ခရိုင်၊ မြို့နယ်များမှ အရာထမ်း/အမှုထမ်းများနှင့် ယနေ့နံနက်ပိုင်းတွင် တွေ့ဆုံဆွေးနွေးလမ်းညွှန်မှုများ ပြုလုပ်ခဲ့ရာ တိုင်းဒေသကြီး ညွှန်ကြားရေးမှူးမှ တည်ဆောက်ရေးလုပ်ငန်းများ၊ ရုံးကိစ္စရပ်များအား ရှင်းလင်းတင်ပြခဲ့မှုအပေါ် ဒုတိယဝန်ကြီးမှ လိုအပ်သည်များအား လမ်းညွှန်မှုပြုခဲ့ကြောင်း သိရှိရသည်။



ဆက်လက်၍ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးလှိုင်သည် ယနေ့နေ့လယ် (၂း၃၀)နာရီအချိန်တွင် အားကစားနှင့် ကာယပညာသိပ္ပံ(ရန်ကုန်)ပြည်ထောင်စုခန်းမ၌ ကျင်းပပြုလုပ်သည့် အားကစားနှင့်ကာယပညာသိပ္ပံ(ရန်ကုန်) ဝန်ထမ်းများနှင့် ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာန ဝန်ထမ်းများအား တွေ့ဆုံပွဲအခမ်းအနားသို့ တက်ရောက်ခဲ့ရာ အားကစားနှင့်ကာယပညာသိပ္ပံ(ရန်ကုန်)ဆေးဘက်ဌာနစု၊ B.Sc (Sport)၊ အားကစားနှင့်ပညာရေး ပေါင်းစပ်သင်တန်းကျောင်းနှင့် ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာနတို့မှ ဝန်ထမ်းစုစုပေါင်းအင်အား(၃၁၉)ဦး တက်ရောက်ပြီး ဌာနစု/ဌာနစိတ်အလိုက် ဝန်ထမ်းများက လုပ်ငန်းလိုအပ်ချက်များကို တင်ပြရာ ဒုတိယဝန်ကြီးမှ ညှိနှိုင်း ဆောင်ရွက်ပေးပြီးနောက်

▶▶

# အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးလှိုင် ၂၀၂၃ ခုနှစ်၊ ပြည်နယ်နှင့် တိုင်းဒေသကြီးလှေလှော်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနား တက်ရောက်ခြင်းနှင့် အာရှမသန်စွမ်းသူများ အားကစားပြိုင်ပွဲ၊ အာရှလူငယ်အားကစားပြိုင်ပွဲ၊ အာရှအားကစားပြိုင်ပွဲများသို့ ဝင်ရောက်ယှဉ်ပြိုင်မည့် အားကစားအဖွဲ့များအား သွားရောက်ကြည့်ရှုအားပေး





● ရန်ကုန်၊ ဩဂုတ်လ(၁၀)ရက်။

၂၀၂၃ခုနှစ်၊ ပြည်နယ်နှင့်တိုင်းဒေသကြီး လှေလှော်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်(၈)နာရီအချိန်တွင် ရန်ကုန်မြို့ အင်းလျားကန်ရှိ မြန်မာနိုင်ငံလှေလှော်အဖွဲ့ချုပ်ဥ္ဆကျင်းပရာ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးလှိုင်၊ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ အားကစားနှင့်ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်ဦးနှင့်တာဝန်ရှိပုဂ္ဂိုလ်များ၊ မြန်မာနိုင်ငံ လှေလှော်အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးသောင်းထိုက်မင်းနှင့် အဖွဲ့ချုပ်မှတာဝန်ရှိသူများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ၊ ပြည်နယ်နှင့် တိုင်းဒေသကြီးများမှ အုပ်ချုပ်/နည်းပြများနှင့် အားကစားသမားများ တက်ရောက်ခဲ့ပါသည်။



ရှေးဦးစွာ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးလှိုင်မှ အဖွင့်အမှာစကားပြောကြားရာတွင် အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနအနေဖြင့် ပြည်နယ်နှင့်တိုင်းဒေသကြီး အားကစားပြိုင်ပွဲများ ကျင်းပပြုလုပ်ခြင်းရဲ့ ရည်ရွယ်ချက်များကတော့ တစ်မျိုးသားလုံးကျန်းမာကြံ့ခိုင်ရေးကို အထောက်အကူဖြစ်စေရေး၊ လူငယ်မျိုးဆက်သစ် လှေလှော်အားကစားသမားများ ပေါ်ထွက်လာစေရေး၊ လှေလှော်အားကစားနည်းအား ပြည်သူအများ စိတ်ဝင်စားလာစေရေး၊ ပြည်နယ်နှင့်တိုင်းဒေသကြီး အသီးသီးမှ လာရောက်ယှဉ်ပြိုင်ကြတဲ့ လှေလှော်အားကစားသမားများအချင်းချင်း ချစ်ကြည်ရင်းနှီးမှု ပိုမိုခိုင်မာလာစေရေးနဲ့ လှေလှော်အားကစားနည်း အဆင့်အတန်း တိုးတက်မြင့်မားလာစေရေးတို့အတွက် ဖြစ်ကြောင်း၊ Traditional Boat Race လှေလှော် အားကစားနည်းသည် ၁၉၉၁ ခုနှစ်၊ ဖိလစ်ပိုင်နိုင်ငံမှာကျင်းပပြုလုပ်ခဲ့သည့် (၁၆)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲမှစပြီး ယခုကျင်းပပြုလုပ်ခဲ့သည့် (၃၂)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲအထိ ရွှေ၊ ငွေ၊ ကြေးဆုတံဆိပ်ပေါင်းများစွာကို ဆွတ်ခူးရယူပေးနိုင်ခဲ့ပါကြောင်း၊ ဒါ့အပြင် ကမ္ဘာ့အဆင့်ပြိုင်ပွဲများ၊ အပြည်ပြည်ဆိုင်ရာ ဖိတ်ခေါ်ပြိုင်ပွဲများ၊ ASEAN University Games များတွင်လည်း နိုင်ငံတော်အတွက် ရွှေ၊ ငွေ၊

စာမျက်နှာ(၄၈)သို့





▶▶

လမ်းညွှန်အမှာစကား ပြောကြားရာတွင် နိုင်ငံတော်အနေဖြင့် အားကစားကဏ္ဍကို အားပေးလျက်ရှိကြောင်း၊ ပြည်နယ်နှင့် တိုင်းဒေသကြီးများတွင်လည်း အားကစားကွင်း/အားကစားရုံများ၊ ရေကူးကန်များ တည်ဆောက်ပေးလျက်ရှိကြောင်း၊ အားကစားအောင်မြင် တိုးတက်အောင်ဆောင်ရွက်ရာတွင် ဗလငါးတန်ဖွံ့ဖြိုးရေးနှင့် လူငယ်ရေးရာ ကဏ္ဍသည်လည်း ပါဝင်ပါကြောင်း၊ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ဖြစ်သည့်အတွက် အားကစား ဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ရာတွင် အားကစားနှင့်ကာယပညာဦးစီးဌာန အနေဖြင့် လူငယ်ရေးရာဦးစီးဌာန၏ လုပ်ငန်းဆောင်ရွက်ချက်များတွင်လည်း ဝိုင်းဝန်းပူးပေါင်း ကူညီဆောင်ရွက်ပေးရန်လိုကြောင်း၊ ရုံးစာရေးသားတင်ပြမှုများပေါ်တွင် အရေးအသား အတွေးအခေါ် ကောင်းမွန်စေရန်အတွက် ရုံးလုပ်ငန်းဆိုင်ရာကိစ္စရပ်များနှင့် ကွန်ပျူတာ၊ အင်္ဂလိပ်စာ တတ်ကျွမ်းရန်လိုအပ်ကြောင်း၊ ဝန်ထမ်းများအနေဖြင့် ဝန်ထမ်းကျင့်ဝတ်နှင့် မညီညွတ်သည့် ကိစ္စရပ်များကို အထူးရှောင်ကြဉ်ရန် လိုအပ်ပါကြောင်း ပြောကြားပြီးနောက် ဝန်ထမ်းများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်အားပေးစကား ပြောကြားခဲ့ကြောင်း သိရှိရသည်။













စာမျက်နှာ(၄၇)၊ ၊ ၊မှအဆက်

ကြေး ဆုတံဆိပ်များကို ဆွတ်ခူးရယူပေးခဲ့ပါကြောင်း၊ ယခု ၂၀၂၃ ခုနှစ်၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ဟန်ကျိုးမြို့မှာကျင်းပပြုလုပ်မယ့် (၁၉)ကြိမ်မြောက် အာရှအားကစားပြိုင်ပွဲမှာ ရိုးရာလှေပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်သွားမှာဖြစ်ကြောင်း၊ လှေလှော်အားကစားနည်းရဲ့ ရရှိထားသည့် အောင်မြင်မှုများကို ဆက်လက်ထိန်းသိမ်းပြီး အရှေ့တောင်အာရှအဆင့်မှ အာရှအဆင့်၊ အာရှအဆင့်မှကမ္ဘာ့အဆင့်ထိ တက်လှမ်းနိုင်အောင် ကြိုးစားသွားရန် လိုအပ်ကြောင်း၊ အားကစားသမားများအနေဖြင့် ပြိုင်ပွဲစည်းမျဉ်း/စည်းကမ်းဥပဒေများကို လေးစားလိုက်နာကြရန်၊ ဒိုင်လူကြီးများကလည်း သမာသမတ်ရှိရှိ တရားမျှတမှန်ကန်စွာ ဆုံးဖြတ်ဆောင်ရွက်ကြရန်၊ လှေလှော်အားကစားနည်း ဆောင်ပုဒ်ဖြစ်တဲ့"လှေခွက်ချည်းကျန်အလံမလှဲ သေသည့်တိုင်အောင် တက်ကိုဆောင်၊ တက်ညီလက်ညီ ရှေ့သို့ချီ"ဆိုတဲ့ဆောင်ပုဒ်အတိုင်း ကြိုးစားဆောင်ရွက်သွားရန် တိုက်တွန်း ပြောကြားခဲ့ပါသည်။

ဆက်လက်၍ ပြိုင်ပွဲဝင်အားကစားသမားများမှ အားကစားသစ္စာအဓိဋ္ဌာန်(၄)ချက် ရွတ်ဆိုပြီးနောက် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာသော အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနဒုတိယဝန်ကြီး ဦးမျိုးလှိုင်၊ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်ဝန်ကြီးများနှင့် တာဝန်ရှိပုဂ္ဂိုလ်များက ပြိုင်ပွဲဝင်အသင်းများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ပြီးနောက် ပြိုင်ပွဲဝင်အသင်းများက ကွင်းအတွင်းမှထွက်ခွာပြီး ပထမနေ့ပွဲစဉ်များအဖြစ် မီတာ(၂၀၀) အမျိုးသား/အမျိုးသမီး(၇)တက်လှေပြိုင်ပွဲ၊ မီတာ(၂၀၀)အမျိုးသား/ အမျိုးသမီး(၁၀)တက်လှေပြိုင်ပွဲ၊မီတာ(၂၀၀) Mixed (၁၀)တက်လှေပြိုင်ပွဲများကို ကြည့်ရှုအားပေးခဲ့ပါသည်။



ထို့နောက် အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးလှိုင်သည် တာဝန်ရှိသူများလိုက်ပါလျက် ဒဂုံမြို့သစ်မြောက်ပိုင်းရှိ မြန်မာနိုင်ငံ မသန်စွမ်းသူများအားကစားအဖွဲ့ချုပ်သို့ ရောက်ရှိပြီး အာရှမသန်စွမ်းသူများ အားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်မည့် ရေကူး၊ ပြေးခုန်ပစ်၊ ထိုင်လျှက်ဘော်လီဘော အားကစားအဖွဲ့များ၏ နေထိုင်၊ စားသောက်ရေးနှင့်လေ့ကျင့်နေမှုများအား သွားရောက်ကြည့်ရှုအားပေးပြီး အဖွဲ့ချုပ်မှ တာဝန်ရှိသူများနှင့် အားကစားသမားများ၏ တင်ပြချက်များအား ဖြည့်ဆည်းဆောင်ရွက်ပေးပြီး လိုအပ်သည်များအား လမ်းညွှန်မှာကြားခဲ့ပါသည်။

ဆက်လက်၍ တာမွေမြို့နယ်၊ အားကစားနှင့် ကာယပညာသိပ္ပံ (ရန်ကုန်) အားကစားဝင်းအတွင်းရှိ ဝူရှူး အားကစားလေ့ကျင့်ရေးရုံသို့ ရောက်ရှိပြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ မကာအိုမြို့တွင် ကျင်းပပြုလုပ်မည့် (၁၁)ကြိမ်မြောက် အာရှလူငယ်အားကစားပြိုင်ပွဲနှင့် ဟန်ကျိုးမြို့တွင် ကျင်းပပြုလုပ်မည့် (၁၉)ကြိမ်မြောက် အာရှ အားကစားပြိုင်ပွဲများသို့ သွားရောက်ယှဉ်ပြိုင်မည့် အားကစားသမားများ၏ လေ့ကျင့်နေမှုများကို ကြည့်ရှုအားပေးခဲ့ပြီးနောက်(၁၉)ကြိမ်မြောက် အာရှအားကစားပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်မည့် ရိုးရာလှေလှော် (Dragon boat) ကျား(၁၂) တက်လှော်နှင့် မ(၁၂)တက်လှော် အားကစားနည်းတို့မှ အားကစားသမားများအား တွေ့ဆုံအားပေးစကား ပြောကြားခဲ့ပြီး အားကစားသမားများ၏ လိုအပ်ချက်များအား ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

ဆက်လက်၍ ညနေပိုင်းတွင် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် မြန်မာနိုင်ငံလှေလှော်အဖွဲ့ချုပ်သို့ ပြန်လည်ရောက်ရှိလာရာ ပထမနေ့ပွဲစဉ်အဖြစ် မီတာ(၂၀၀) (၇)တက်လှော်(အမျိုးသမီးအသင်းလိုက်)ပြိုင်ပွဲတွင် ပထမဆုရရှိသော ရန်ကုန်တိုင်းဒေသကြီးအသင်းအား တစ်ဦးချင်းဆုတံဆိပ်နှင့် ငွေသားဆု ကျပ်(၁၅)သိန်း၊ ဒုတိယဆုရရှိသော ရေဝတီတိုင်းဒေသကြီးအသင်းအား တစ်ဦးချင်းဆုတံဆိပ်နှင့် ငွေသားဆုကျပ်(၁၀)သိန်း၊ တတိယဆုရရှိသော မန္တလေးတိုင်းဒေသကြီးအသင်းအား တစ်ဦးချင်းဆုတံဆိပ်နှင့် ငွေသားဆုကျပ်(၇)သိန်းတို့ကို အား

# အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးလှိုင် မြန်မာ့အားကစားလှုပ်ရှားမှုများပြခန်းအတွင်း ပြင်ဆင်ဆောင်ရွက်ထားရှိမှုများအား လိုက်လံကြည့်ရှုစစ်ဆေး









● နေပြည်တော်၊ ဩဂုတ်လ(၁၆)ရက်။ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးလှိုင်သည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်၊ ဝဏ္ဏသိဒ္ဓိ အားကစားကွင်း Social Zone ရှိ မြန်မာ့အားကစားလှုပ်ရှားမှုများပြခန်း၌ ခင်းကျင်းပြသထားသည့် ဓာတ်ပုံမှတ်တမ်းများအား လိုက်လံကြည့်ရှုစစ်ဆေးခဲ့ပြီး တာဝန်ရှိသူများကို လိုအပ်သည်များအား ထပ်မံပြင်ဆင် ဆောင်ရွက်သွားရန် လမ်းညွှန်မှာကြားခဲ့သည်။











ကစားနှင့် ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်ဦးမှလည်းကောင်း၊ မီတာ(၂၀၀) (၇) တက်လှော်(အမျိုးသားအသင်းလိုက်) ပြိုင်ပွဲတွင် ပထမဆုရရှိသော ရန်ကုန်တိုင်းဒေသကြီးအသင်းအား တစ်ဦးချင်းဆုတံဆိပ်နှင့် ငွေသားဆု ကျပ်(၁၅)သိန်း၊ ဒုတိယဆုရရှိသော ရောဝတီတိုင်းဒေသကြီးအသင်းအား တစ်



ဦးချင်းဆုတံဆိပ်နှင့် ငွေသားဆု ကျပ်(၁၀)သိန်း၊ တတိယဆုရရှိသော ပဲခူးတိုင်းဒေသကြီးအသင်းအား တစ်ဦးချင်းဆုတံဆိပ်နှင့် ငွေသားဆုကျပ်(၇) သိန်းတို့ကို မြန်မာနိုင်ငံလှေလှော်အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးသောင်းထိုက်မင်းမှလည်းကောင်း၊ မီတာ(၂၀၀) (၁၀) တက်လှော်(အမျိုးသမီးအသင်းလိုက်) ပြိုင်ပွဲတွင်ပထမဆုရရှိသော ရောဝတီ

စာမျက်နှာ(၅၁)သို့

# အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးလှိုင် ဇမ္ဗူသီရိမြို့နယ်၊ ရွှေကြာပင်အားကစားကွင်းရှိ အထူးတန်းပွဲကြည့်စင်နှင့် မိုးလုံလေလုံအားကစားရုံ တည်ဆောက်နေမှု အခြေအနေများအား လိုက်လံကြည့်ရှုစစ်ဆေးခြင်းနှင့် လူငယ်အားကစား လေ့ကျင့်ရေးစခန်း (Youth Camp)မှ အားကစားနည်းအလိုက် အုပ်ချုပ်/နည်းပြ အားကစားသမားများအား တွေ့ဆုံအမှာစကားပြောကြား









● နေပြည်တော်၊ ဩဂုတ်လ(၂၁)ရက်။

အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးလှိုင်သည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ဇမ္ဗူသီရိမြို့နယ်၊ ရွှေကြာပင်ရပ်ကွက်၊ ရွှေကြာပင်အားကစားကွင်း၌ ပြည်သစ်စံဆောက်လုပ်ရေး ကုမ္ပဏီမှ တာဝန်ယူဆောင်ရွက်လျက်ရှိသည့် (၄၈၀ ပေx၆၀ ပေ) RC (၂)ထပ် အနောက်ဘက် အထူးတန်းပွဲကြည့်စင်နှင့် Greeco ဆောက်လုပ်ရေးကုမ္ပဏီမှ တာဝန်ယူဆောင်ရွက်လျက်ရှိသည့် (၁၈၀ပေ x ၁၅၀ ပေ) မိုးလုံလေလုံ အားကစားရုံ တည်ဆောက်နေမှု အခြေအနေများအား လိုက်လံကြည့်ရှုစစ်ဆေးခဲ့ပြီး အဆောက်အဦများ ရေရှည်တည်တံ့စေရေးနှင့် စံချိန်စံညွှန်းပြည့်မီပြီး သတ်မှတ်ကာလအတွင်း အချိန်မီ ပြီးစီးစေရေးအတွက် တာဝန်ရှိသူများကို လိုအပ်သည်များ မှာကြားခဲ့သည်။

ထို့နောက် ဒုတိယဝန်ကြီးသည် နေပြည်တော် အားကစားလေ့ကျင့်ရေးစခန်းရှိ စားရိပ်သာအား သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ပြီးနောက် လူငယ်မျိုးဆက်သစ် အားကစားသမားများ၏ အရည်အချင်း တိုးတက်မြင့်မားလာစေရန်နှင့် မြန်မာ့လက်ရွေးစင်အားကစားသမားကောင်းများစွာ ပေါ်ထွက်လာစေရန် ရည်ရွယ်၍ စခန်းသွင်းလေ့ကျင့် သင်ကြားပေးလျက်ရှိသည့် လူငယ်အားကစားလေ့ကျင့်ရေးစခန်း (Youth Camp)မှ အားကစားနည်းအလိုက် အုပ်ချုပ်/နည်းပြ၊ အားကစားသမားများအား နေပြည်တော် အားကစားလေ့ကျင့်ရေးစခန်း (Gold Camp)ရှိ Multipurpose Hall ၌ ရင်းရင်းနှီးနှီး တွေ့ဆုံအမှာစကားပြောကြားရာတွင် လူငယ်အားကစားသမားများကို စခန်းသွင်းလေ့ကျင့်သင်ကြားပေးသည့်ကာလ (၁)နှစ်ခွဲကျော် ကြာမြင့်ပြီးဖြစ်သည့်အတွက် နည်းပြများအနေဖြင့် မိမိအားကစားသမားများ၏ တိုးတက်မှုမှတ်တမ်း စနစ်တကျထားရှိပြီး တိုးတက်မှု ရှိ/မရှိ ဆန်းစစ်၍ လိုအပ်ချက်များ၊ အားနည်းချက်များကို ပြုပြင်၍ သင်ကြားလေ့ကျင့်ပေးရန်လိုကြောင်း၊ အားကစားသမားများမှလည်း နည်းပြများ၏ သင်ကြားပြသလေ့ကျင့်ပေးသည့်အတိုင်း မိမိတို့၏ အရည်အသွေးများ တိုးတက်စေရန်အတွက် ဇွဲ၊ လုံ့လ၊ ဝီရိယစိုက်ထုတ်၍ အစွမ်းကုန် ကြိုးစားလေ့ကျင့်ကြရန်လိုကြောင်း၊ Youth Camp တွင် စခန်းသွင်းလေ့ကျင့်နေသည့် အားကစားသမားများ ဖြစ်သည့်အတွက် မျိုးဆက်သစ် အားကစားသမားများ၏ စံပြဖြစ်နေရန်လိုကြောင်း၊ နည်းပြများအနေဖြင့် ပြောင်းလဲတိုးတက်နေသည့် နည်းစနစ်များ၊ နည်းဥပဒေများနှင့် စည်းမျဉ်း/စည်းကမ်းများကို အမြဲတမ်း လေ့လာဆည်းပူးနေရန် လိုကြောင်း၊ မိမိအားကစားသမားများကိုလည်း စနစ်တကျပြန်လည်သင်ကြားလေ့ကျင့်ပေးရန်လိုကြောင်း၊ အားကစားသမားများ၏ တိုးတက်မှုအခြေအနေကို (၁)လအချိန်ပေးစောင့်ကြည့်

>>












သွားမည်ဖြစ်၍ ယခင်ရရှိထားသည့် စံချိန်/စံညွှန်းများထက် ပိုမိုတိုးတက်ကောင်းမွန်အောင် ကြိုးစားသွားကြရန် တိုက်တွန်းပြောကြားခဲ့သည်။

ဆက်လက်ပြီး ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်ဦးက အားကစားနည်းအလိုက် နည်းပြလိုအပ်ချက်များ၊ လေ့ကျင့်မှု၊ အုပ်ချုပ်မှုပိုင်းဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်ပြီး ရှင်းလင်းတင်ပြခဲ့ပြီးနောက် အခမ်းအနားတက်ရောက်လာကြသည့် အားကစားနည်းအလိုက်အုပ်ချုပ်/နည်းပြ၊ အားကစားသမားများမှ လေ့ကျင့်မှုနှင့် နေထိုင်စားသောက်မှုဆိုင်ရာ လိုအပ်ချက်များအားတင်ပြခဲ့ရာ ဒုတိယဝန်ကြီးက လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရေးအတွက် တာဝန်ရှိသူများကို မှာကြားခဲ့သည်။



အဆိုပါ အခမ်းအနားသို့ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးလှိုင်၊ အားကစားနှင့်ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်ဦး၊ ယှဉ်ပြိုင်ရေးနှင့် လေ့ကျင့်ရေးဌာနခွဲ(၂)ညွှန်ကြားရေးမှူး ဦးကျော်ဇင်မိုး၊ လူငယ်အားကစားလေ့ကျင့်ရေးစခန်းမှ တာဝန်ရှိသူများနှင့် အားကစားနည်းအလိုက် အုပ်ချုပ်/နည်းပြများနှင့် အားကစားသမားများ တက်ရောက်ခဲ့ကြောင်း သိရသည်။







စာမျက်နှာ(၄၉)...မှအဆက်

တိုင်းဒေသကြီးအသင်းအား တစ်ဦးချင်းဆုတံဆိပ်နှင့် ငွေသားဆု ကျပ်သိန်း(၂၀)၊ ဒုတိယဆုရရှိသော ရန်ကုန်တိုင်းဒေသကြီး အသင်းအား တစ်ဦးချင်းဆုတံဆိပ်နှင့် ငွေသားဆု ကျပ် (၁၅)သိန်း၊ တတိယဆုရရှိသော မန္တလေးတိုင်းဒေသကြီး အသင်းအား တစ်ဦးချင်းဆုတံဆိပ်နှင့် ငွေသားဆု ကျပ်(၁၀)သိန်းနှင့်မီတာ(၂၀၀) (၁၀)တက်လှော်(အမျိုးသားအသင်းလိုက်) ပြိုင်ပွဲတွင် ပထမဆုရရှိသော ရန်ကုန်တိုင်းဒေသကြီးအသင်းအား တစ်ဦးချင်းဆုတံဆိပ်နှင့် ငွေသားဆု ကျပ်သိန်း(၂၀)၊ဒုတိယဆုရရှိသော ဧရာဝတီတိုင်းဒေသကြီးအသင်းအား တစ်ဦးချင်းဆုတံဆိပ်နှင့် ငွေသားဆု ကျပ်(၁၅)သိန်း၊ တတိယဆုရရှိသော ပဲခူးတိုင်းဒေသကြီးအသင်းအား တစ်ဦးချင်းဆုတံဆိပ်နှင့် ငွေသားဆု ကျပ်(၁၀)သိန်းတို့ကို အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးလှိုင်မှလည်းကောင်း၊ မီတာ(၂၀၀) (၁၀)တက်လှော် (အမျိုးသား+ အမျိုးသမီး အသင်းလိုက်) ပြိုင်ပွဲတွင် ပထမဆုရရှိသော ရန်ကုန်တိုင်းဒေသကြီးအသင်းအား တစ်ဦးချင်း ဆုတံဆိပ်နှင့် ငွေသားဆုကျပ်သိန်း(၂၀)၊ ဒုတိယဆုရရှိသော ဧရာဝတီတိုင်းဒေသကြီးအသင်းအား တစ်ဦးချင်းဆုတံဆိပ်နှင့် ငွေသားဆု ကျပ်(၁၅)သိန်း၊ တတိယဆုရရှိသော မန္တလေးတိုင်းဒေသကြီး အသင်းအား တစ်ဦးချင်းဆုတံဆိပ်နှင့် ငွေသားဆု ကျပ်(၁၀)သိန်းတို့ကို ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့် ကာယပညာကော်မတီ ဥက္ကဋ္ဌ တိုင်းဒေသကြီးဥပဒေချုပ် ဦးဌေးအောင်မှ လည်းကောင်း ဆုများ အသီးသီးပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

# အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးလှိုင် ရှမ်းပြည်နယ်အတွင်းရှိ အားကစားကွင်း/အားကစားရုံများအား သွားရောက်ကြည့်ရှုစစ်ဆေးခြင်းနှင့် အားကစားနှင့် ကာယပညာသိပ္ပံ(တောင်ကြီး)မှ အရာထမ်း/အမှုထမ်းများနှင့် သင်တန်းသား/သင်တန်းသူများအား တွေ့ဆုံအမှာစကားပြောကြား












● နေပြည်တော်၊ ဩဂုတ်လ(၂၂)ရက်။

အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးလှိုင်သည် တာဝန်ရှိသူများနှင့်အတူ ယနေ့ နံနက်ပိုင်းတွင် ရှမ်းပြည်နယ်အတွင်းရှိ ကလောမြို့နယ်နှင့် အောင်ပန်းမြို့တို့ရှိ ဘောလုံးအားကစားကွင်းနှင့် မိုးလုံလေလုံ အားကစားရုံတို့အား သွားရောက်ကြည့်ရှု စစ်ဆေးခဲ့ပြီး အားကစားကွင်းရှိမြက်များ စိမ်းလန်းစိုပြေစေရေး၊ အားကစားရုံ ရေရှည်

>>>












တည်တံ့စေရေး၊ သန့်ရှင်းသာယာမှု ရှိစေရေးနှင့် ပြည်သူများ လာရောက်လေ့ကျင့်ကစားနိုင်စေရေးတို့အတွက် တာဝန်ရှိသူများကို လိုအပ်သည်များ စီစဉ်ဆောင်ရွက်သွားရန် မှာကြားခဲ့သည်။

ဆက်လက်ပြီး ဒုတိယဝန်ကြီးသည် အေးသာယာမြို့နယ်ရှိ အားကစားနှင့်ကာယပညာ(သီပွံ)ကျောင်း အတွင်းရှိ ရေကူးကန်၊ အမျိုးသမီး အိပ်ဆောင်၊ စာသင်ကျောင်းနှင့် လေ့ကျင့်မှုပြုလုပ်သည့် အားကစားကွင်း/အားကစားရုံတို့အား လိုက်လံကြည့်ရှုစစ်ဆေးခဲ့ပြီးနောက် သင်တန်းသား/သင်တန်းသူများ၏ နေ့လယ်စာစားသုံးနေမှုအား လိုက်လံကြည့်ရှုစစ်ဆေးခဲ့ပြီး တောင်ကြီး(သီပွံ)မှ အရာထမ်း/အမှုထမ်းများနှင့် သင်တန်းသား/သင်တန်းသူများအား တွေ့ဆုံအမှာစကားပြောကြားခဲ့ကာ လိုအပ်ချက်များအား ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ပါသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် ရှမ်းပြည်နယ်ဝန်ကြီးချုပ်မှ တည်ခင်းဧည့်ခံသည့် ၂၀၂၃ ခုနှစ်၊ ပြည်နယ်နှင့်တိုင်းဒေသကြီး U-19 ဘောလုံး (အမျိုးသမီး) ပြိုင်ပွဲဝင် အသင်းများအား ကြိုဆိုနှုတ်ဆက်သည့် ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်ခဲ့ကြောင်း သိရသည်။

# အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးလှိုင် ၂၀၂၃ခုနှစ်၊ ပြည်နယ်နှင့် တိုင်းဒေသကြီး အသက်(၁၉)နှစ်အောက် ဘောလုံး(အမျိုးသမီး)ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနား တက်ရောက်

















● နေပြည်တော်၊ ဩဂုတ်လ (၂၃)ရက်။

ရှမ်းပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ဇော်အေး၊ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးလှိုင်နှင့် တာဝန်ရှိသူများသည် ယနေ့နံနက်ပိုင်းတွင် ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့ရှိ ပြည်နယ်အားကစားကွင်း၌ကျင်းပသည့် ပြည်နယ်နှင့်တိုင်းဒေသကြီး အသက်(၁၉)နှစ်အောက် ဘောလုံး(အမျိုးသမီး)ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားအား တက်ရောက်ခဲ့ပြီး



နောက် သရုပ်ပြအဖွဲ့များကို ဂုဏ်ပြုဆုငွေများ ပေးအပ်ခဲ့သည်။

ဖွင့်ပွဲအခမ်းအနား အပြီးတွင် အသက်(၁၉)နှစ်အောက် ဘောလုံး(အမျိုးသမီး)ပြိုင်ပွဲ ပထမနေ့ပွဲစဉ်အဖြစ် ရှမ်းပြည်နယ်(အမျိုးသမီး)အသင်းနှင့် မွန်ပြည်နယ်(အမျိုးသမီး)အသင်းတို့၏ ယှဉ်ပြိုင်ကစားနေမှုများအား ကြည့်ရှုအားပေးခဲ့သည်။

ဆက်လက်ပြီး ဒုတိယဝန်ကြီးသည် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဥက္ကဋ္ဌ ဦးခွန်ရဲထွေးနှင့်အတူ ပအိုဝ်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့သို့ သွားရောက်ခဲ့ပြီး ဒေသအတွင်း အားကစားကဏ္ဍများဖွံ့ဖြိုး

စာမျက်နှာ(၅၆)သို့ ▶

# အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးလှိုင် ဟိုပုံးမြို့ မြို့မအားကစားကွင်း ဆောက်လုပ်ပြီးစီးမှုအား ကြည့်ရှုစစ်ဆေး၊ အားကစားပစ္စည်းများ ထောက်ပံ့ပေးအပ်













● ရှမ်း၊ ဩဂုတ်လ(၂၃)ရက်။

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ဟိုပုံးမြို့နယ်တွင် ဟိုပုံးမြို့ မြို့မအားကစားကွင်းဆောက်လုပ်ပြီးစီးမှုအား ကြည့်ရှုစစ်ဆေးခြင်းနှင့် အားကစားပစ္စည်းများ ထောက်ပံ့ပေးအပ်ခြင်းကိုယနေ့နံနက်(၁၀း၄၀)နာရီအချိန်က ဆောင်ရွက်ခဲ့ကြသည်။



ထိုသို့ ကြည့်ရှုစစ်ဆေးရာတွင် အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးလှိုင်က ပအိုဝ်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် မြို့နယ်အားကစားနှင့်ကာယပညာဦးစီးဌာန ဝန်ထမ်းများနှင့်တွေ့ဆုံကာ လိုအပ်သည်များ လမ်းညွှန်မှာကြားပြီးနောက် အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးလှိုင်နှင့်တာဝန်ရှိသူများ၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးခွန်ရဲထွေးနှင့် အဖွဲ့ဝင်များ၊ မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမြင့်ထွန်းနှင့် အဖွဲ့ဝင်များက ဟိုပုံးမြို့ မြို့မအားကစားကွင်းဆောက်လုပ်ပြီးစီးမှု အခြေအနေအားလှည့်လည်ကြည့်ရှု စစ်ဆေးခဲ့ပါသည်။

ထို့နောက် အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးလှိုင်နှင့် တာဝန်ရှိသူများသည် လုံခုတ်ကျေးရွာအုပ်စုရှိ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ အားကစားကွင်း ဆောက်လုပ်မည့်မြေနေရာအား ပအိုဝ်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးခွန်ရဲထွေးက တင်ပြဆွေးနွေးရာ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးလှိုင်က လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ပါသည်။

ယင်းနောက် အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးလှိုင်နှင့် တာဝန်ရှိသူများသည် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ အစည်းအဝေးခန်းမသို့ ရောက်ရှိ၍ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးခွန်ရဲထွေးနှင့် အဖွဲ့ဝင်များ၊ တပ်မတော်ကွန်ပျူတာနှင့် နည်းပညာသိပ္ပံကျောင်း ကျောင်းအုပ်ကြီး ဗိုလ်မှူးချုပ်သိန်းနိုင်တို့နှင့် တွေ့ဆုံကာ အားကစားပစ္စည်းများ ထောက်ပံ့ပေးအပ်ခဲ့ပြီး ပအိုဝ်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ အားကစားနှင့် ကာယပညာဦးစီးဌာနရုံး ဆောက်လုပ်မည့် မြေနေရာအား ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

# အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးလှိုင် နေပြည်တော် အားကစားလေ့ကျင့်ရေးစခန်း Gold Camp ရှိ စားရိပ်သာတွင် အားကစားသမားများ၏ နေ့လယ်စာ စားသောက်နေမှုအား ကြည့်ရှုစစ်ဆေး










● နေပြည်တော်၊ ဩဂုတ်လ(၂၅)ရက်။

အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးလှိုင်သည် အားကစားနှင့် ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်ဦးနှင့် တာဝန်ရှိသူများ လိုက်ပါလျက် ယနေ့နံနက်ပိုင်းတွင် နေပြည်တော် အာကစားလေ့ကျင့်ရေးစခန်း Gold Camp ရှိ စားရိပ်သာ၌ အားကစားသမားများ၏ နေ့လယ်စာ စားသောက်နေမှုအား လိုက်လံကြည့်ရှုစစ်ဆေးခဲ့ပြီး အားကစားသမားများ စားသောက်မှု အဆင်ပြေစေရေးအတွက် ကျန်းမာရေးနှင့်ညီညွတ်မျှတ၍ သန့်ရှင်းလတ်ဆတ်ပြီး အာဟာရပြည့်ဝသော ဟင်းလျာများအား အရသာရှိစွာ ပြောင်းလဲပြင်ဆင်ချက်ပြုတ်ကျွေးမွေးသွားရန်အတွက် တာဝန်ရှိသူများအားမှာကြားခဲ့ပြီးနောက် အားကစားသမားများအားလုံး ကျန်းမာရေးအထူးဂရုစိုက်ကြရန်နှင့်တစ်ကိုယ်ရေသန့်ရှင်းမှု ရှိစေရန်အတွက် အုပ်ချုပ်/နည်းပြများမှ အမြဲတမ်းစစ်ဆေးကြပ်မတ်ဆောင်ရွက်သွားရန် မှာကြားခဲ့သည်။

■






▶ စာမျက်နှာ(၅၄)⋯မှအဆက်

တိုးတက်စေရန်အတွက် တာဝန်ရှိသူများကို အားကစားအထောက်အကူပြုပစ္စည်းများအား ထောက်ပံ့ပေးအပ်ခဲ့ပြီးနောက် ပအိုဝ်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ အားကစားနှင့်ကာယပညာဦးစီးဌာန(၂)ထပ်ရုံး တည်ဆောက်မည့်မြေနေရာ၊ အဆင့်မြင့်အားကစားကွင်း/အားကစားရုံနှင့် ရေကူးကန်တည်ဆောက်ရန် လျာထားသည့် မြေနေရာများအား လိုက်လံကြည့်ရှုစစ်ဆေးခဲ့ပြီး လိုအပ်သည်များဆောင်ရွက်သွားရန် မှာကြားခဲ့သည်။



ထို့နောက် ဒုတိယဝန်ကြီးသည် ညောင်ရွှေမြို့နယ်ရှိ အားကစားကွင်း/အားကစားရုံတို့အား လိုက်လံကြည့်ရှုစစ်ဆေးခဲ့ပြီး သန့်ရှင်းသာယာမှုရှိစေရေးအတွက် တာဝန်ရှိသူများကို လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

# အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးလှိုင် ဒက္ခိဏသီရိမြို့နယ် အားကစားကွင်း၊ လယ်ဝေးမြို့နယ် အားကစားကွင်းနှင့် Training Center (TC-2) ရှိ အားကစားကွင်း/အားကစားရုံများအား လိုက်လံကြည့်ရှုစစ်ဆေး





● နေပြည်တော်၊ ဩဂုတ်လ(၃၁)ရက်။

အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးလှိုင်သည် တာဝန်ရှိသူများလိုက်ပါလျက် ယနေ့နံနက် (၉)နာရီခွဲတွင် ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်အတွင်းရှိ ဒက္ခိဏသီရိမြို့နယ် အားကစားကွင်း၊ လယ်ဝေးမြို့နယ် အားကစားကွင်းနှင့် Training Center (TC-2) ရှိ အားကစားကွင်း/ အားကစားရုံများအား လိုက်လံကြည့်ရှုစစ်ဆေးခဲ့ပြီး အားကစားကွင်း/ အားကစားရုံများအား ရေရှည်တည်တံ့စေရေးနှင့် သန့်ရှင်းသပ်ရပ်မှု ရှိစေရေးအတွက် လိုအပ်သည်များ ဆောင်ရွက်သွားရန် တာဝန်ရှိသူများအား မှာကြားခဲ့ကြောင်း သိရသည်။ ■

# နေပြည်တော် ဇမ္ဗူသီရိမြို့နယ် အ•ထ•က(၆)၌ ဗလငါးတန်ဖွံ့ဖြိုးရေး လူငယ်အသိပညာပေး ဟောပြောပွဲကျင်းပ











● နေပြည်တော်၊ ဩဂုတ်လ(၃၁)ရက်။

ပြန်ကြားရေးဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာနနှင့် အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနတို့ ပူးပေါင်းစီစဉ်ကျင်းပသည့် ဗလငါးတန်ဖွံ့ဖြိုးရေး အသိပညာပေး ဟောပြောပွဲကို ယနေ့နံနက် ၈ နာရီတွင် နေပြည်တော် ဇမ္ဗူသီရိမြို့နယ်ရှိ အမှတ်(၆) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည်။

အခမ်းအနားသို့ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးရဲတင့်၊ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဇင်မင်းထက်၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ကျောင်းအုပ် ဆရာမကြီး၊ ဆရာ၊ ဆရာမများ၊ ကျောင်းသားမိဘများ၊ ကျောင်းသား/ ကျောင်းသူများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**သရုပ်ပြသ**

ရှေးဦးစွာ ဗီယက်နမ်နိုင်ငံ၌ ကျင်းပမည့် (၁၃)ကြိမ်မြောက် အာဆီယံ ကျောင်းသားအားကစားပြိုင်ပွဲတွင် သွားရောက်ယှဉ်ပြိုင်ကြမည့် ဗိုဗီနမ်အားကစားမောင်မယ်များ၊ အားကစားနှင့် ကာယပညာသိပ္ပံ (ရန်ကုန်)နှင့် အခြေခံပညာကျောင်းများမှ အားကစားမောင်မယ်များက ဝူရှူး၊ အေရိုးဗစ်နှင့် ကျွမ်းဘားအားကစားတို့ကို သရုပ်ပြသကြသည်။

ဆက်လက်၍ ဟာသပညာရှင်များဖြစ်ကြသည့် ဒိန်းဒေါင်၊ စိစိနှင့် ချစ်စုတို့က ရယ်ရွှင်ဖွယ်ရာ ဟာသပြက်လုံးများ၊ တေးသီချင်းများဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။

ထို့နောက် အမှတ်(၆)အခြေခံပညာ အထက်တန်းကျောင်းမှ ကျောင်းသား/ကျောင်းသူများက ဇာတိမာန်သီချင်းဖြင့် အခမ်းအနားကို စတင်ဖွင့်လှစ်သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးကိုယ်စား ဒုတိယဝန်ကြီး ဦးရဲတင့်က နှုတ်ခွန်းဆက်စကား

စာမျက်နှာ(၅၈)သို့ ▶





စာမျက်နှာ(၅၇)···မှအဆက်

ပြောကြားရာတွင် လူငယ်များသည် နိုင်ငံ၏ အနာဂတ်ဖြစ်သည့်အတွက် အသိပညာ၊ အတတ်ပညာများပြည့်စုံနေရန်လိုကြောင်း၊ ထို့ကြောင့် အသိပညာ အတတ်ပညာ အပါအဝင် ဗလငါးတန်ဖွံ့ဖြိုးစေမည့် ပညာရေးစနစ် တစ်နည်းအားဖြင့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်နေပါကြောင်း၊ ဘက်စုံပညာရေးသည် ကျယ်ပြန့်ပါကြောင်း၊ ဘက်စုံပညာရေးတွင် ထူးချွန်ရမည့်၊ ရှိရမည့် အရည်အသွေးများ များစွာပါဝင်ပါကြောင်း။





## ပြုစုပျိုးထောင်

လူငယ်များ စာပေအတတ်ပညာ သာမက ဘဝအတွက်လိုအပ်သည့် အသိပညာများပါ တိုးတက်အောင် ဆောင်ရွက်နိုင်ရန်ရည်ရွယ်၍ ယခုကဲ့သို့ ဟောပြောပွဲ၊ ဆွေးနွေးပွဲများ ဆောင်ရွက်နေခြင်း ဖြစ်ပါကြောင်း၊ ထို့ကြောင့် ကျောင်းသားလူငယ်များ အနေဖြင့်လည်း ဘက်စုံထူးချွန်သည့် ဗလငါးတန်နှင့် ပြည့်စုံသည့် ကျောင်းသား/ကျောင်းသူများဖြစ်အောင် ကြိုးစားကြစေလိုကြောင်း၊ ဆရာ/ဆရာမများကလည်း တပည့်သား/သမီးများကို ဘက်စုံထူးချွန်သည့် နိုင်ငံတော်က အားထားရမည့် လူငယ်များဖြစ်အောင် ပြုစုပျိုးထောင်ပေးကြစေလိုပါကြောင်း ပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီး ဦးရဲတင့်က ဆရာမကြီးဒေါ်မေကျော့ရှင်းအား အမှတ်တရလက်ဆောင်ပေးအပ်ပြီး ကျောင်းစာကြည့်တိုက်အတွက် စာအုပ်စာစောင်များကိုလည်းကောင်း၊ ဒုတိယဝန်ကြီး ဦးဇင်မင်းထက်က အားကစားပစ္စည်းများကိုလည်းကောင်း ပေးအပ်လှူဒါန်းကြရာ ကျောင်းအုပ်ဆရာကြီး ဦးဝင်းခိုင်က လက်ခံရယူသည်။

## ဆွေးနွေးပြောကြား

ယင်းနောက် ဆရာမကြီး ဒေါ်မေကျော့ရှင်းက အသိပညာနှင့် ကိုယ်ကျင့်တရား ခေါင်းစဉ်ဖြင့် ဆွေးနွေးပြောကြားရာတွင် မင်္ဂလာပါဆိုသည်မှာ အင်မတန်တန်ဖိုးရှိသည့် မြန်မာ့ယဉ်ကျေးမှု နှုတ်ခွန်းဆက်စကားဖြစ်ကြောင်း၊ လူကြီးလူငယ်၊ နံနက်၊ ညနေ အချိန်အခါမရွေး မင်္ဂလာပါ တစ်လုံးတည်းနှုတ်ဆက်ရုံဖြင့် မင်္ဂလာရှိသွားကြောင်း၊ ထို့ကြောင့် မင်္ဂလာပါ ဆိုသည့်စကားကို အမြဲတမ်း မမေ့မလျော့ဘဲ သုံးစွဲပေးရန် မှာကြားလိုကြောင်း၊ ကလေးများအနေဖြင့် မသိတာကိုမေးမြန်းစေလိုကြောင်း၊ ဆရာ/ဆရာမများကို ရိုသေလေးစားပြီး မေးမြန်းချင်သည့်ဆန္ဒရှိပါက မေးမြန်းစေလိုကြောင်း၊ လောကတွင် ကောင်းခြင်းနှင့်ဆိုးခြင်း နှစ်မျိုးတည်းသာရှိကြောင်း၊ ထို့ကြောင့် မိမိ၏ပတ်ဝန်းကျင်ကိုကြည့်ရှုလေ့လာပြီး ကောင်းခြင်း ဆိုးခြင်းကို သိအောင်စဉ်းစားရမည်ဖြစ်ပါကြောင်း။

ပညာတွင် အသိပညာနှင့် အတတ်ပညာဟူ၍ နှစ်မျိုးရှိပါကြောင်း၊ ကလေးတို့အနေဖြင့် အသိပညာရရန်အတွက် စာများများဖတ်ရန် လိုအပ်ကြောင်း၊ စာဖတ်ခြင်းအားဖြင့် ကောင်းခြင်း ဆိုးခြင်းကိုလည်း ခွဲခြားနိုင်ကြောင်း၊လောကတွင် စိတ်သည်လည်း အဓိက အရေးကြီးကြောင်း၊ စိတ်ကိုဖြူစင်အောင် ထားရမည်ဖြစ်ကြောင်း၊ ကိုယ်ကျင့်တရားဟု ဆိုရာတွင် ဗုဒ္ဓဘာသာတွင် ငါးပါးသီလရှိကြောင်း၊ မူးယစ်ဆေးဝါးကို လုံးဝရှောင်ကြဉ်ရန် လိုအပ်ကြောင်း၊ ကိုယ်ကျင့်တရားအပြင် ကိုယ်ပိုင်အကျင့်တရားလည်းရှိကြောင်း၊ ကိုယ်

▶▶











# ၂၀၂၃ ခုနှစ်၊ အာဆီယံနေ့ အထိမ်းအမှတ် ပြေးခုန်ပစ်အားကစားပြိုင်ပွဲကျင်းပ













● နေပြည်တော်၊ ဩဂုတ်လ(၁၈)ရက်။

၂၀၂၃ခုနှစ်၊ အာဆီယံနေ့အထိမ်းအမှတ်ပြေးခုန်ပစ် အားကစားပြိုင်ပွဲကိုယနေ့နံနက်(၇)နာရီတွင် နေပြည်တော်၊ ဝဏ္ဏသိဒ္ဓိအားကစားကွင်း လေ့ကျင့်ရေးကွင်းအမှတ်(၁)၌ ကျင်းပခဲ့သည်။

ပြိုင်ပွဲ ပွဲစဉ်များအဖြစ် အမျိုးသား/အမျိုးသမီး မီတာ(၁၀၀)၊ မီတာ(၂၀၀)၊ မီတာ(၄၀၀)၊ မီတာ(၈၀၀) အပြေးပြိုင်ပွဲများ၊ အမျိုးသား/အမျိုးသမီး မီတာ(၁၀၀x ၄) လက်ဆင့်ကမ်း အပြေးပြိုင်ပွဲနှင့် အမျိုးသား/အမျိုးသမီး(Mix) မီတာ(၁၀၀ x ၄) လက်ဆင့်ကမ်း အပြေးပြိုင်ပွဲများကို ယှဉ်ပြိုင်ကစားခဲ့ကြပြီးနောက် အာဆီယံနေ့အထိမ်းအမှတ်နှင့်ပတ်သက်သည့် ဗဟုသုတ ဉာဏ်စမ်းအမေးအဖြေ မေးခွန်းမေးမြန်းခြင်းများ ပြုလုပ်ခဲ့သည်။



ထို့နောက် ဆုပေးပွဲအခမ်းအနားအား ဆက်လက်ကျင်းပခဲ့ရာ အမျိုးသမီး မီတာ(၈၀၀) အပြေးပြိုင်ပွဲတွင် ပထမဆုရရှိသည့် မကိမ်ရှန်းဒိတ်ဆာန်၊ ဒုတိယဆုရရှိသည့် မချယ်ဇင်ဝင်းနှင့် တတိယဆုရရှိသည့် မသင်းသင်းခိုင်တို့ကို အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးစန်းချိုကလည်းကောင်း၊ အမျိုးသား မီတာ(၈၀၀)အပြေးပြိုင်ပွဲတွင် ပထမဆုရရှိသည့် မောင်မြတ်သူကို၊ ဒုတိယဆုရရှိသည့် မောင်သန့်ဇင်လင်းနှင့် တတိယဆုရရှိသည့် မောင်ချစ်ရအောင်စိုးတို့ကို အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူး

စာမျက်နှာ(၆၀)သို့

▶▶

ပိုင်အကျင့်တရားဆိုသည်မှာ ကိုယ့်ကိုယ်ကိုကောင်းအောင် ပြုမူပြုပြင်ရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် မကောင်းသည့်အရာများကို လုံးဝရှောင်ကြဉ်ပြီး ဘဝကိုအောင်မြင်အောင် ကြိုးစားရမည်ဖြစ်ကြောင်း စသည်ဖြင့် ကျောင်းသား/ကျောင်းသူများအား အကျယ်တဝင့် ဆွေးနွေးပြောကြားပြီး ဆရာမကြီး ဒေါ်မေကျော့ရှင်း၏ မြန်မာ့အသံဓာတ်ပြားရ တေးသီချင်းဖြစ်သော ဆရာမတို့ငယ်ငယ်တုန်းက・・・သီချင်းကို နောက်ခံတီးလုံးဖွင့်၍ သီဆိုပြသည်။

ဆက်လက်၍ MRTV-4 ရုပ်သံမှ အနုပညာရှင်များဖြစ်ကြသည့် လူးကပ်စ်၊ နက်ရှိုင်းကို၊ သံစဉ်ဆည်းဆာနှင့် မေသင်းကိုတို့က မိတ်ဆက်စကား ပြောကြားကြသည်။

**ပါဝင်ဆင်နွှဲ**

ထို့နောက် ခန်းမအပြင်ဘက်၌ မြန်မာနိုင်ငံ တစ်ဝန်းလုံးတွင်ရှိသည့် အထင်ကရ နေရာများကို ကျောင်းသား၊ လူငယ်များဗဟုသုတရရှိစေရန် "လှပသာယာ ပြည်မြန်မာ" ရောင်စုံဓာတ်ပုံပြပွဲ ခင်းကျင်းပြသခြင်း၊ ကျောင်းသားလူငယ်များ ဗလငါးတန်ဖွံ့ဖြိုးရေးနှင့်ပတ်သက်သည့် စာအုပ်စာစောင်များ လေ့လာဖတ်ရှုနိုင်ရန် လူထုအခြေပြုဗဟိုဌာန(ပျဉ်းမနား)မှ ရွေ့လျားစာကြည့်တိုက် မော်တော်ယာဉ်ထားရှိပေးထားခြင်း၊ စကားပုံဆက်၊ ရုပ်ပုံဆက်၊ ခွက်နင်းလမ်းလျှောက်ပြိုင်ပွဲများ စီစဉ်ပေးထားခြင်း၊ MRTV-4 ရုပ်သံမှ အနုပညာရှင်များက ကျောင်းသား၊ ကျောင်းသူများနှင့်အတူ ပျော်ရွှင်ဖွယ် Game များကစား၍ အနိုင်ရရှိသူများအား ဆုများချီးမြှင့်ခြင်း၊ဟာသပညာရှင် ဒိန်းဒေါင်၊ စိစိနှင့် ချစ်စုတို့က အမှတ်တရလက်မှတ်ရေးထိုးပေးခြင်း၊ ကလေးများနှင့်အတူ ဆော့ကစားခြင်း စသည့် အစီအစဉ်များကိုလည်း ထည့်သွင်းထားရှိရာ ကျောင်းသား/ကျောင်းသူများ စိတ်ပါဝင်စား ပျော်ရွှင်စွာဖြင့် ပါဝင်ဆင်နွှဲကြည့်ရှု လေ့လာကြကြောင်း သိရှိရသည်။

# ၂၀၂၃ ခုနှစ်၊ အမျိုးသမီး ကိုယ်ကာယကြံ့ခိုင်မှုနည်းပြနှင့် ဒိုင်သင်တန်းဖွင့်ပွဲ အခမ်းအနားကျင်းပ






● ရန်ကုန်၊ ဩဂုတ်လ(၂၁)ရက်။

အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန၏ ဦးဆောင်မှုဖြင့် မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ်မှ ကြီးမှူးဖွင့်လှစ်သည့် ၂၀၂၃ ခုနှစ်၊ အမျိုးသမီး ကိုယ်ကာယ ကြံ့ခိုင်မှုနည်းပြနှင့် ဒိုင်သင်တန်းဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်(၉)နာရီအချိန်တွင် ရန်ကုန်တိုင်းဒေသကြီး သဃ်န်းကျွန်းမြို့နယ်ရှိ အမျိုးသားအားကစားပြိုင်ပွဲရုံ(၁)သုဝဏ္ဏဥ္ဓကျင်းပရာ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန၊ အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးထွန်းမြင့်ဦး၊ အားကစားနှင့် ကာယပညာဦးစီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ မြန်မာနိုင်ငံ အမျိုးသမီး အားကစားအဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါ်ခင်လေး၊ ဒုတိယဥက္ကဋ္ဌများ၊ အမှုဆောင်များ၊ သင်တန်းနည်းပြ

▶▶

▶ စာမျက်နှာ(၅၉)···မှအဆက်

ဦးခွန်ဂျာအောင်က လည်းကောင်း၊ အမျိုးသမီး မီတာ(၁၀၀×၄) လက်ဆင့်ကမ်း အပြေးပြိုင်ပွဲတွင် ပထမဆုရရှိသည့် မခိုင်သဇင်ထွေးနှင့်အဖွဲ့၊ ဒုတိဆုရရှိသည့် မဒေးမြာနှင့်အဖွဲ့နှင့် တတိယဆုရရှိသည့် မဝင်းဝင်းခိုင်နှင့်အဖွဲ့၊ အမျိုးသမီး မီတာ(၁၀၀)အပြေးပြိုင်ပွဲတွင်ပထမဆုရရှိသည့် မခင်မိုးအေး၊ ဒုတိယဆုရရှိသည့် မတင်ဇာနွယ်နှင့် တတိယဆုရရှိသည့် မခင်သူဇာထွန်းတို့ကို အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးကျော်ဇင်မိုးက လည်းကောင်း၊ အမျိုးသား မီတာ(၁၀၀)အပြေးပြိုင်ပွဲတွင် ပထမဆုရရှိသည့် မောင်ဟိန်းထက်ငြိမ်း၊ ဒုတိယဆုရရှိသည့် မောင်စောဆဲကပေါ်စေးနှင့် တတိယဆုရရှိသည့် မောင်စတီးရတို့ကို အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်နှင်းစန္ဒာဦးက လည်းကောင်း၊ အမျိုးသား မီတာ(၁၀၀×၄) လက်ဆင့်ကမ်း အပြေးပြိုင်ပွဲတွင် ပထမဆုရရှိသည့် မောင်သက်ဝေဖြိုးနှင့်အဖွဲ့၊ ဒုတိယဆုရရှိသည့် မောင်တင်နိုင်ဝင်းနှင့်အဖွဲ့နှင့် တတိယဆုရရှိသည့် မောင်ခိုင်မြဲအောင်နှင့်အဖွဲ့တို့ကို အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန လက်ထောက်အတွင်းဝန် ဒေါ်ယဥ်ယဥ်နိုင်မှ လည်းကောင်း၊ အမျိုးသမီး မီတာ(၄၀၀)အပြေးပြိုင်ပွဲတွင် ပထမဆုရရှိသည့် မနန်းချယ်ရီခမ်း၊ ဒုတိယဆုရရှိသည့် မတင်ဇာနွယ်နှင့် တတိယဆုရရှိသည့် မနေခြည်နွေးတို့ကို အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန လက်ထောက်အတွင်းဝန် ဒေါ်ခင်မာမာသိန်းကလည်းကောင်း၊ အမျိုးသား မီတာ(၄၀၀) အပြေးပြိုင်ပွဲတွင် ပထမဆုရရှိသည့် မောင်သီဟဇော်၊ ဒုတိယဆုရရှိသည့် မောင်ဖြိုးမောင်မောင်ဟိန်းနှင့် တတိယဆုရရှိသည့် မောင်ချစ်ရအောင်စိုးတို့ကို အားကစားနှင့်ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်ဆန်းဦးက လည်းကောင်း၊ အမျိုးသား/အမျိုးသမီး (Mix) မီတာ(၁၀၀×၄) လက်ဆင့်ကမ်း အပြေးပြိုင်ပွဲတွင် ပထမဆုရရှိသည့် မောင်ခိုင်မြဲအောင်နှင့်အဖွဲ့၊ ဒုတိယဆုရရှိသည့် မောင်အောင်ထက်မြတ်နှင့်အဖွဲ့နှင့် တတိယဆုရရှိသည့် မောင်နေမျိုးအောင်နှင့်အဖွဲ့တို့ကို အားကစားနှင့်ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်ဦးကလည်းကောင်း၊ အမျိုးသမီး မီတာ(၂၀၀) အပြေးပြိုင်ပွဲတွင် ပထမဆုရရှိသည့် မခင်မိုးအေး၊ဒုတိယဆုရရှိသည့် မကိမ်ရှန်းဒိတ်ဆာန်နှင့် တတိယဆုရရှိသည့် မချယ်ဇင်ဝင်းတို့ကို အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယအမြဲတမ်းအတွင်းဝန် ဦးကျော်ဆန်းကလည်းကောင်း၊ အမျိုးသား မီတာ(၂၀၀) အပြေးပြိုင်ပွဲတွင် ပထမဆုရရှိသည့် မောင်စောဆဲကပေါ်စေး၊ ဒုတိယဆုရရှိသည့် မောင်ထူးဝဏ္ဏနှင့် တတိယဆုရရှိသည့် မောင်ဟိန်းထက်ငြိမ်းတို့ကို အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးထွန်းမြင့်ဦးကလည်းကောင်း ဆုကြေးငွေများအား အသီးသီး ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။















# (၁၄)ကြိမ်မြောက် အာဆီယံအားကစားဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများသို့ တက်ရောက်ရန် ပြည်ပထွက်ခွာ




● ရန်ကုန်၊ ဩဂုတ်လ(၂၇)ရက်။

၂၀၂၃ ခုနှစ်၊ ဩဂုတ်လ(၂၇) ရက်နေ့မှ စက်တင်ဘာလ (၂)ရက်နေ့အထိ ထိုင်းနိုင်ငံ၊ ချင်းမိုင်မြို့တွင် ကျင်းပပြုလုပ်မည့် (၁၄)ကြိမ်မြောက် အာဆီယံအားကစားဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများ (Fourteenth ASEAN Senior Officials Meeting on Sports SOMS-14 and Related Meetings)သို့ တက်ရောက်ရန် အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန၊ အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးထွန်းမြင့်ဦးနှင့် ညွှန်ကြားရေးမှူး ဦးခွန်ဂျာအောင်တို့သည် ယနေ့ နေ့လယ်(၁၁း၂၅)နာရီအချိန်၌ လေယာဉ်အမှတ် TG- 302 ဖြင့် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်မှထွက်ခွာရာ အားကစားနှင့် ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်ဦး၊ အားကစားနှင့် ကာယပညာသိပ္ပံ(ရန်ကုန်) ကျောင်းအုပ်ကြီး ညွှန်ကြားရေးမှူး ဦးအောင်နိုင်ဆွေ၊ ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးအောင်မိုးနှင့် တာဝန်ရှိသူတို့က လိုက်လံပို့ဆောင်နှုတ်ဆက်ခဲ့ကြောင်း သိရှိရသည်။














▶▶

ဆရာများနှင့် ပြည်နယ်နှင့် တိုင်းဒေသကြီးများမှ သင်တန်းသူများ တက်ရောက်ကြပါသည်။

အစီအစဉ်အရ ပြည်နယ်နှင့် တိုင်းဒေသကြီးများမှ တက်ရောက်လာသော သင်တန်းသူများမှ အဖွဲ့လိုက်ဂါရဝပြု မိတ်ဆက်ပြီးနောက် အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးထွန်းမြင့်ဦးမှ အဖွင့်အမှာစကား ပြောကြားရာတွင် ယခုသင်တန်း ဖွင့်လှစ်ရခြင်းသည် လူတစ်ဦးတစ်ယောက် ကစားခြင်းမှ တစ်နိုင်ငံလုံး ကျယ်ကျယ်ပြန့်ပြန့် ပါဝင်လှုပ်ရှားလာခြင်းဖြင့် ကျန်းမာရေးကောင်းမွန်ပြီး တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်လာစေရန်၊ သင်တန်းမှ သင်ကြားပို့ချမှုများကို ကျေကျေညက်ညက်ဖြစ်အောင် လေ့လာသင်ကြားပြီး မိမိတာဝန်ကျရာ ပြည်နယ်နှင့်တိုင်းဒေသကြီးများတွင် ဆင့်ပွားသင်တန်းများပြန်လည်ပို့ချရန်၊ ဥပဒေ၊ စည်းမျဉ်း/စည်းကမ်း၊ နည်းစနစ်များကို မိမိကိုယ်တိုင် သိရှိနားလည်ပြီး ပြည်နယ်နှင့်တိုင်းဒေသကြီး ပြိုင်ပွဲများကျင်းပပြုလုပ်ရာတွင် ပါလာသည့် သက်ဆိုင်ရာ အုပ်ချုပ်သူများမှလည်း သိရှိနားလည်ပြီး ငြင်းခုန်မှုများမဖြစ်ပွားအောင် ထပ်ဆင့်ပြောကြားဆောင်ရွက်သွားရန် လိုကြောင်း ပြောကြားသွားပါသည်။

ဆက်လက်၍ မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါ်ခင်လေးမှ သင်တန်းနှင့်ပတ်သက်၍ ထပ်မံဖြည့်စွက်ရှင်းလင်းပြောကြားခဲ့ပြီးနောက် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံ ရိုက်ကူးခဲ့ပါသည်။

အဆိုပါသင်တန်းသို့ ပြည်နယ်နှင့် တိုင်းဒေသကြီးများမှ သင်တန်းသူ စုစုပေါင်း(၅၂)ဦး တက်ရောက်ကြပြီး သင်တန်းအား ဩဂုတ်လ(၂၁)ရက်နေ့မှ(၂၇)ရက်နေ့အထိ ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရှိရသည်။

# ၂၀၂၃ ခုနှစ်၊ ပြည်နယ်နှင့် တိုင်းဒေသကြီး လှေလှော်ပြိုင်ပွဲအောင်မြင်စွာကျင်းပနိုင်ရေး အသင်းအုပ်ချုပ်သူများနှင့် ပေါင်းစပ်ညှိနှိုင်းအစည်းအဝေးကျင်းပ













● ရန်ကုန်၊ ဩဂုတ်လ(၉)ရက်။

အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန၊ အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံလှေလှော်အဖွဲ့ချုပ်တို့က ကြီးမှူးကျင်းပသည့် ပြည်နယ်နှင့် တိုင်းဒေသကြီး လှေလှော်ပြိုင်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး အသင်းအုပ်ချုပ်သူများနှင့် ပေါင်းစပ်ညှိနှိုင်းအစည်းအဝေး အခမ်းအနားကို ယနေ့ နေ့လယ်(၁)နာရီက ရန်ကုန်မြို့ အင်းလျားကန်ရှိ မြန်မာနိုင်ငံလှေလှော်အဖွဲ့ချုပ်၌ ကျင်းပရာ အားကစားနှင့် ကာယပညာဦးစီးဌာန၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်ဦးနှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ မြန်မာနိုင်ငံလှေလှော်အဖွဲ့ချုပ် အတွင်းရေးမှူးနှင့် အမှုဆောင်များ၊ ပြည်နယ်နှင့် တိုင်းဒေသကြီးမှ အသင်းအုပ်ချုပ်သူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်ဦးက အဖွင့်အမှာစကားပြောကြားရာတွင် ပြည်နယ်နှင့် တိုင်းဒေသကြီးအသီးသီးမှ အားကစားသမားများအချင်းချင်း ချစ်ကြည်ရင်းနှီးမှုခိုင်မာလာစေရေးနှင့် လှေလှော်အားကစားအဆင့်အတန်း တိုးတက်မြင့်မားလာစေရန်ရည်ရွယ်၍ ကျင်းပပြုလုပ်ပေးရခြင်း ဖြစ်ပါကြောင်း၊ ပြိုင်ပွဲဝင် အားကစားသမားများအနေဖြင့် သွားလာနေထိုင်ရေးနှင့် စားသောက်ရေးကိစ္စရပ်များတွင် အဆင်ပြေချောမွေ့စေရန် စီစဉ်ဆောင်ရွက်ပေးထားပါကြောင်း၊ ပြိုင်ပွဲကျင်းပရာတွင် ကျန်းမာရေးနှင့် လုံခြုံရေးကို အထူးဂရုစိုက်စေလိုကြောင်း ပြောကြားခဲ့ပါသည်။

ထို့နောက် စီမံကိန်းနှင့် သုတေသနဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါ်ခင်မိုးမိုးက ပြိုင်ပွဲတိုင်းတွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသော အားကစားသမားများ၏ ပြိုင်ပွဲဝင်ရလဒ်များ စံချိန်စံနှုန်းများနှင့် အနိုင်ရဆုကြေးငွေများအား မှတ်တမ်းတင် သုတေသနပြုရမည်ဖြစ်၍ လိုအပ်သည့် အချက်အလက်များအား စနစ်တကျပြုစုပေးရန် ပြောကြားခဲ့ပါသည်။

ဆက်လက်၍ မြန်မာနိုင်ငံလှေလှော်အဖွဲ့ချုပ်မှ တာဝန်ရှိသူများက ပြိုင်ပွဲစည်းမျဉ်း/စည်းကမ်းများကို ရှင်းလင်းပြောကြားပြီးနောက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ အုပ်ချုပ်သူများက သိလိုသည်များကို ဆွေးနွေးတင်ပြခဲ့ပါသည်။

ထို့နောက် အားကစားနှင့်ကာယပညာဦးစီးဌာန၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်ဦးက နိဂုံးချုပ်အမှာစကားပြောကြား၍ အစည်းအဝေးအား ရုပ်သိမ်းခဲ့ပါသည်။

အဆိုပါပြိုင်ပွဲကို ဩဂုတ်လ(၁၀)ရက်နေ့မှ (၁၁)ရက်နေ့အထိ ရန်ကုန်မြို့ အင်းလျားကန်ရှိ မြန်မာနိုင်ငံလှေလှော်အဖွဲ့ချုပ်၌ ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။ ချင်းပြည်နယ်၊ ကယားပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော် အသင်းတို့မှလွဲ၍ အမျိုးသားအသင်း(၁၁)သင်း၊ အမျိုးသမီးအသင်း(၇)သင်းတို့ ယှဉ်ပြိုင်သွားမည်ဖြစ်ရာ မည်သူမဆို အခမဲ့ဝင်ရောက်ကြည့်ရှုအားပေးနိုင်ပါကြောင်း သိရှိရသည်။

■

# အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန၊ အားကစားနှင့် ကာယပညာဦးစီးဌာန၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်ဦးသည် ကရင်ပြည်နယ်အားကစားနှင့် ကာယပညာဦးစီးဌာနရှိ အရာထမ်း/အမှုထမ်းများအား တွေ့ဆုံအမှာစကားပြောကြားခြင်းနှင့် အားကစားကွင်း/အားကစားရုံများအား သွားရောက်ကြည့်ရှုစစ်ဆေးခြင်း






● ကရင်၊ ဩဂုတ်လ(၁၁)ရက်။

အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန၊ အားကစားနှင့် ကာယပညာဦးစီးဌာန၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်ဦးသည် ယနေ့ နံနက်ပိုင်းတွင် ကရင်ပြည်နယ်အားကစားနှင့် ကာယပညာဦးစီးဌာနသို့ လာရောက်၍ ပြည်နယ်ရုံး၊ ခရိုင်၊ မြို့နယ်များရှိ အရာထမ်း၊ အမှုထမ်းများနှင့်တွေ့ဆုံခဲ့ရာ ကရင်ပြည်နယ် အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးစိုးနိုင်မှ အားကစားဆိုင်ရာ လုပ်ငန်းဆောင်ရွက်ထားရှိမှုအခြေအနေများအား ရှင်းလင်းတင်ပြပြီး ဘားအံခရိုင် အားကစားနှင့် ကာယပညာဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးသိန်းထိုက်မှ



ခရိုင် အားကစားလုပ်ငန်းများဆောင်ရွက်ထားရှိမှုတို့အား ရှင်းလင်းတင်ပြခဲ့ရာ ဒုတိယညွှန်ကြားရေးမှူးချုပ်တို့မှ လိုအပ်သည်များအား လမ်းညွှန်မှာကြားခဲ့ပါသည်။

ဆက်လက်၍ ဒုတိယညွှန်ကြားရေးမှူးချုပ်သည် ဖွဲ့ကပင်(လှာကမြင်) အားကစားကွင်းသို့ သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ပြီး အဆိုပါ အားကစားကွင်းအတွင်း စခန်းသွင်းလေ့ကျင့်လျက်ရှိသော ကရင်ပြည်နယ် အသက်(၁၉)နှစ်အောက် အမျိုးသမီးဘောလုံးအသင်းအား အားပေးကြည့်ရှု၍ ပြည်နယ်အဆင့်မှ မြန်မာ့အားကစားအဆင့်ထိ ရောက်ရှိအောင် ကြိုးစားကြရန် ပြောကြားခဲ့ပါသည်။

ထို့နောက် ဖွဲ့ကပင်ရေကူးကန်နှင့် တင်းနစ် အားကစားကွင်းများအား သွားရောက်ကြည့်ရှု စစ်ဆေးခဲ့ပြီး ပြည်နယ် တင်းနစ်ဆပ်ကော်မတီ အတွင်းရေးမှူးအား ပြည်နယ် တင်းနစ်ပြိုင်ပွဲများ စဉ်ဆက်မပြတ်ကျင်းပပေးစေလိုကြောင်းနှင့် လူငယ်မျိုးဆက်သစ် အားကစားသမားများ မွေးထုတ်ပေးစေလိုကြောင်း၊ ဆက်လက်၍ ဖွဲ့ကပင်ရေကူးကန်သို့ထပ်မံ သွားရောက်ခဲ့ပြီး ရေကူးကန်အတွင်းရှိ ရေများအား အမြဲတမ်းကြည်လင်သန့်ရှင်းဖို့လိုကြောင်း၊ လူငယ်မျိုးဆက်သစ်များ ထွက်ပေါ်လာစေရန်အတွက် ရေကူးသင်တန်းများအား ဖွင့်လှစ်ပေးစေလိုကြောင်း လမ်းညွှန်မှာကြားခဲ့ကြောင်း သိရှိရသည်။

# အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန၊ အားကစားနှင့် ကာယပညာဦးစီးဌာန၊ ဒုတိယညွှန်ကြားရေးမှူးချုပ်(၁)ဦးကျော်ဦးက အားကစားနှင့် ကာယပညာသိပ္ပံ(မော်လမြိုင်)ရှိ သင်တန်းသား/သင်တန်းသူများနှင့် အရာထမ်း/အမှုထမ်းများအား တွေ့ဆုံလမ်းညွှန်အမှာစကား ပြောကြား







● မော်လမြိုင်၊ ဩဂုတ်လ(၁၂)ရက်။

အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန၊ အားကစားနှင့် ကာယပညာဦးစီးဌာန၊ ဒုတိယညွှန်ကြားရေးမှူးချုပ်(၁)ဦးကျော်ဦးသည် ယမန်နေ့ညနေ (၁၆း၁၅)နာရီအချိန်တွင် အားကစားနှင့် ကာယပညာသိပ္ပံ(မော်လမြိုင်)သို့ရောက်ရှိပြီး သင်တန်းသား/သင်တန်းသူများ အားကစားလေ့ကျင့်နေမှုအား ကြည့်ရှုစစ်ဆေးပြီးနောက် နည်းပြများအား သင်တန်းသားများ လေ့ကျင့်သင်ကြားပေးရာတွင် အခြေခံကို ပိုင်နိုင်ကျွမ်းကျင်စွာ အဓိကထားလေ့ကျင့်ရန်၊ သင်တန်းသားများ၏ ယခုလက်ရှိအသက်အရွယ်တွင် စံချိန်သည် အဓိကမဟုတ်၊ နည်းစနစ်မှန်ကန်အောင် အထူးလေ့ကျင့်သင်ကြားပေးရန်လိုကြောင်း၊ အားကစားလေ့ကျင့်ရာတွင် အားကစား အောင်နိုင်ရေးအတွက် ကြိုးစားကြရန်၊ သင်တန်းသားများအနေဖြင့် ပြည်နယ်နှင့်တိုင်းဒေသကြီးပြိုင်ပွဲများတွင် ပါဝင်ယှဉ်ပြိုင်နိုင်ရေး ကြိုးစားကြရန်၊ Youth Camp နှင့် Gold Camp တို့မှ တစ်ဆင့် လက်ရွေးစင်ဖြစ်အောင် ကြိုးစားလေ့ကျင့်ကြရန်နှင့် ထိုမှ တစ်ဆင့် နိုင်ငံတကာအားကစားပြိုင်ပွဲများတွင် ဝင်ရောက်ယှဉ်ပြိုင်နိုင်ပြီး နိုင်ငံ့ဂုဏ်ဆောင်နိုင်ရန်အတွက် ဆုတံဆိပ်ရရှိအောင် ဆောင်ရွက်သွားရန် လမ်းညွှန် မှာကြားသွားပါသည်။

ယနေ့ နေ့လယ်(၁၂း၃၀)နာရီအချိန်တွင် စားရိပ်သာခန်းမ၌ သင်တန်းသား/ သင်တန်းသူများအား

စာမျက်နှာ(၆၄)သို့

# ၅၀ ကီလိုမီတာ ခရီးရှည်ပြိုင်ပွဲ အရည်အချင်းစစ် မြင်းစီးပြိုင်ပွဲ အောင်မြင်စွာ ကျင်းပပြုလုပ်နိုင်ရေးအတွက် TECHNICAL BRIEFING MEETING ကျင်းပပြုလုပ်





● နေပြည်တော်၊ ဩဂုတ်လ(၂၀)ရက်။

မြန်မာနိုင်ငံ မြင်းစီးအားကစားအဖွဲ့ချုပ်မှ ကြီးမှူးကျင်းပသည့် FEI 1* Endurance Qualification Round 1 (၅၀ ကီလိုမီတာ ခရီးရှည်ပြိုင်ပွဲ) အရည်အချင်းစစ် မြင်းစီးပြိုင်ပွဲ အောင်မြင်စွာ ကျင်းပပြုလုပ်နိုင်ရေး အတွက်TECHNICAL BRIEFING MEETING ကို ယမန်နေ့နံနက် (၁၀)နာရီတွင် နေပြည်တော်၊ ဥတ္တရသီရိမြို့နယ်၊ မြင်းစီးအားကစားကွင်း၌ ကျင်းပခဲ့သည်။

ဦးစွာ (၅၀ ကီလိုမီတာ ခရီးရှည်ပြိုင်ပွဲ) အရည်အချင်းစစ် မြင်းစီးပြိုင်ပွဲတွင် အသက်ကန့်သတ်ချက်၊ အမျိုးသား/အမျိုးသမီး ကန့်သတ်ချက်၊ မြင်းကန့်သတ်ချက် မရှိသည့် ပြိုင်ပွဲအမျိုးအစား ဖြစ်သည့်အတွက် မြန်မာနိုင်ငံမြင်းစီးအားကစားအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးပြုံးမောင်မောင်က မြင်းစီးအားကစားနည်းနှင့် သက်ဆိုင်သည့် နည်းဥပဒေများ၊ စည်းမျဉ်း/စည်းကမ်းများကို အသေးစိတ် ရှင်းလင်းပြောကြားခဲ့ပြီးနောက် တာဝန်ရှိသူများက အားကစားသမားများနှင့် ပတ်သက်သည့်ကိစ္စရပ်များနှင့် မြင်း၏ကျန်းမာရေးနှင့်ပတ်သက်သည့် ကိစ္စရပ်များအား အသေးစိတ်အသီးသီး ဆွေးနွေးတင်ပြခဲ့ကြရာ မြန်မာနိုင်ငံမြင်းစီးအားကစားအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးပြုံးမောင်မောင်က လိုအပ်သည်များဖြည့်

▶ စာမျက်နှာ(၆၃)…မှအဆက်

ရင်းရင်းနှီးနှီးတွေ့ဆုံ၍ လမ်းညွှန်အမှာစကားပြောကြားရာတွင် အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနမှ ဆောင်ပုဒ်ဖြစ်သည့် ကျန်းမာရေးသည်ပထမ၊ စည်းကမ်းသည် ဒုတိယ၊ စံချိန်သည် တတိယဆိုသည့်အတိုင်း သင်တန်းသားများ ကျန်းမာရေးကို အထူး ဂရုစိုက်နေထိုင်လေ့ကျင့်ကြရန်လိုကြောင်း၊ သင်တန်းသားများ၏ ပညာရေးနှင့်ပတ်သက်၍ တစ်နှစ်တစ်တန်းစာမေးပွဲ အောင်မြင်ရန်နှင့် တက္ကသိုလ်ဝင်တန်းစာမေးပွဲ အောင်မြင်ရန် ကြိုးစားကြရန်လိုကြောင်း၊ ပြည်ထောင်စုဝန်ကြီး လမ်းညွှန်မှာကြားထားသည့် Proud မဖြစ်ရန်နှင့် Pride ဖြစ်အောင် နေထိုင်ကြရန်လိုကြောင်း၊ သင်တန်းသားများအနေဖြင့် ပြင်ပရိုကလေးများထက် နိုင်ငံတော်မှ ထူးကဲစွာထောက်ပံ့မှုရရှိသည့်အတွက် နိုင်ငံတော်အပေါ် ကျေးဇူးသစ္စာစောင့်သိကြရန်၊ နိုင်ငံ့ဂုဏ်ဆောင် အားကစားသမားဖြစ်အောင် ကြိုးစားကြရန်လိုကြောင်း လမ်းညွှန်မှာကြားခဲ့ပြီး သင်တန်းသားများနှင့် အတူ နေ့လယ်စာသုံးဆောင်ခဲ့ပါသည်။ ဆက်လက်၍ နေ့လယ်(၁၃း၃၀) နာရီအချိန်တွင် အုပ်ချုပ်မှုရုံး စုပေါင်းခန်းမ၌ အရာထမ်း/အမှုထမ်းများနှင့် တွေ့ဆုံပွဲ အခမ်းအနား ဆက်လက်ကျင်းပခဲ့ရာ ပထမဦးစွာ အရာထမ်း/အမှုထမ်းများမှ တစ်ဦးချင်းမိတ်ဆက်ခဲ့ပါသည်။ ၎င်းနောက် ကျောင်းအုပ်ကြီး ညွှန်ကြားရေးမှူး ဦးနေမျိုးလွင်က အားကစားနှင့် ကာယပညာသိပ္ပံ (မော်လမြိုင်)၏ လုပ်ငန်းဆောင်ရွက်ချက်များကို Power Point ဖြင့် ရှင်းလင်းတင်ပြခဲ့ပြီး ဝန်ထမ်းများမှ တင်ပြစရာရှိသည်များ တင်ပြရန် ဒုတိယညွှန်ကြားရေးမှူးချုပ်မှ ရင်းရင်းနှီးနှီးမေးမြန်းခဲ့ပြီး အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန၏ အဓိကတာဝန်(၂)ရပ်ရှိကြောင်း၊(National Fitness) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် Excellent Sport တို့ဖြစ်ကြောင်း၊ မြန်မာ့အားကစား တိုးတက်ရေးအတွက် ဝိုင်းဝန်းဆောင်ရွက်ကြရန်လိုကြောင်း၊ ဝန်ထမ်းများအနေဖြင့် မိမိတာဝန် ထမ်းဆောင်သည့်နေရာ၊ ဌာနတွင် အကောင်းဆုံး တာဝန်ထမ်းဆောင်ရန် လိုကြောင်း၊ အားကစားနှင့် ကာယပညာသိပ္ပံ (မော်လမြိုင်)တိုးတက်အောင်မြင်အောင်လုပ်ဆောင်ရန် လိုကြောင်း၊ ဝန်ထမ်းများ ပြောင်းရွှေ့တာဝန်ထမ်းဆောင်ခြင်းနှင့်ပတ်သက်၍ ဝန်ထမ်းများအနေဖြင့် အလုပ်စတင်လျှောက်ထားရာတွင် မည်သည့်ဒေသမဆို တာဝန် ထမ်းဆောင်မည်ဖြစ်ကြောင်း ဝန်ခံကတိပြုလက်မှတ် ရေးထိုး၍ တာဝန်ထမ်းဆောင်ခြင်းအား မမေ့ရန်လိုကြောင်း၊ ဝန်ထမ်းများ ဘာသာတရား၊ အသိတရားလက်ကိုင်ထားပြီး မကောင်းမှုရှောင်၊ ကောင်းမှုဆောင်ရန် လိုကြောင်း၊ အားကစားနှင့်ကာယပညာသိပ္ပံ(မော်လမြိုင်)ကျောင်း တိုးတက်အောင် အားလုံးဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရန် လိုအပ်ကြောင်း၊ ဝန်ထမ်းများ၏ အခက်အခဲများအား ဖြေရှင်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း လမ်းညွှန်အမှာစကားပြောကြားသွားခဲ့ပါသည်။



ထို့နောက် အားကစားနှင့်ကာယပညာသိပ္ပံ(မော်လမြိုင်)၊ ကျောင်းအုပ်ကြီး ဦးနေမျိုးလွင်မှ နိုင်ငံတော်အကြီးအကဲ လာရောက်စစ်ဆေးသည့်ခရီးစဉ်များတွင် အကြီးအကဲထံသို့ ပြည့်စုံကောင်းမွန်စွာ တင်ပြနိုင်ရေးအတွက် ကြိုတင်ပြင်ဆင်ထားရှိမှုနှင့်ပတ်သက်၍ ကျောင်းမြေနေရာ (Google Map)၊ ကျောင်းမြေနေရာ (Layout Plan)၊ အားကစားကွင်း/ရုံရေကူးကန်များ၏ ရာဇဝင်တင်ပြချက်၊ အားကစားနှင့် ကာယပညာသိပ္ပံများ၏ အားကစားနည်းအလိုက် သင်တန်းသားအင်အားနှင့် နည်းပြအင်အားစာရင်း၊ပညာသင်နှစ်အလိုက် အောင်မြင်မှုများအား ဒုတိယညွှန်ကြားရေးမှူးချုပ်(၁)ထံသို့ ကားချပ်များဖြင့် ရှင်းလင်းတင်ပြ လမ်းညွှန်မှု ခံယူခဲ့ပါသည်။

အဆိုပါ သင်တန်းသားများနှင့် အရာထမ်း/အမှုထမ်းများအား တွေ့ဆုံလမ်းညွှန်ခြင်း အခမ်းအနားများသို့ ဒုတိယ ညွှန်ကြားရေးမှူးချုပ်(၁) ဦးကျော်ဦး၊ အားကစားနှင့်ကာယပညာသိပ္ပံ(မော်လမြိုင်)မှ ကျောင်းအုပ်ကြီး ညွှန်ကြားရေးမှူး ဦးနေမျိုးလွင်၊ ဒုတိယကျောင်းအုပ်ကြီးနှင့် လက်ထောက် ညွှန်ကြားရေးမှူးများ၊ မွန်ပြည်နယ် အားကစားနှင့် ကာယပညာဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးခင်ဇော်နှင့် ဒုတိယညွှန်ကြားရေးမှူး ဦးဝင်းခိုင်ထွန်း၊ အားကစားနှင့်ကာယပညာသိပ္ပံ(မော်လမြိုင်)မှ အရာထမ်း/အမှုထမ်းများနှင့် အားကစားနှင့် ကာယပညာသိပ္ပံ (မော်လမြိုင်) သင်တန်းသားများ တက်ရောက်ခဲ့ကြကြောင်း သိရှိရပါသည်။

# ၂၀၂၃ ခုနှစ်၊ ပြည်နယ်နှင့် တိုင်းဒေသကြီး U -19 ဘောလုံး(အမျိုးသမီး)ပြိုင်ပွဲ အောင်မြင်စွာ ကျင်းပပြုလုပ်နိုင်ရေးအတွက် အသင်းအုပ်ချုပ်သူများ အစည်းအဝေးကျင်းပ





● တောင်ကြီး၊ ဩဂုတ်လ(၂၂)ရက်။

၂၀၂၃ ခုနှစ်၊ ပြည်နယ်နှင့်တိုင်းဒေသကြီး U -19 ဘောလုံး(အမျိုးသမီး)ပြိုင်ပွဲ အောင်မြင်စွာကျင်းပပြုလုပ်နိုင်ရေးအတွက် အသင်းအုပ်ချုပ်သူများ အစည်းအဝေးနှင့် ပြိုင်ပွဲဝင်အားကစားသမားများ လူစစ်ဆေးခြင်းကို ယနေ့နံနက်(၁၀း၀၀) နာရီအချိန်တွင် ပြည်နယ်လေ့ကျင့်ရေးအားကစားရုံ၌ ကျင်းပပြုလုပ်ခဲ့ရာ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန၊ အားကစားနှင့် ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်ဆန်းဦး၊ အားကစားနှင့် ကာယပညာဦးစီးဌာန၊ ယှဉ်ပြိုင်ရေးနှင့်လေ့ကျင့်ရေးဌာနခွဲ(၁) ညွှန်ကြားရေးမှူး ဦးခွန်ဂျာအောင်၊ အားကစားစီမံကိန်းနှင့်သုတေသနဌာနခွဲ ဒုတိယညွှန်ကြားရေးမှူး ဒေါ်ခင်မိုးမိုး၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ ပြည်နယ်နှင့် တိုင်းဒေသကြီးများမှ အသင်းအုပ်ချုပ်သူ/ နည်းပြများ၊ ပြိုင်ပွဲကျင်းပရေးအဖွဲ့မှ တာဝန်ရှိသူများနှင့် ပြိုင်ပွဲဝင် အားကစားသမားများ တက်ရောက်ခဲ့ကြသည်။



ရှေးဦးစွာ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန၊ အားကစားနှင့် ကာယပညာဦးစီးဌာန၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်ဆန်းဦးမှ ယခုလို ပြည်နယ်နှင့်တိုင်းဒေသကြီးပြိုင်ပွဲများ ကျင်းပပြုလုပ်ခြင်းအားဖြင့် နိုင်ငံတော်အတွက် မျိုးဆက်သစ်အားကစားသမားများ ပေါ်ထွက်လာနိုင်မည်ဖြစ်ပါကြောင်း၊ ယခုပြိုင်ပွဲတွင် ပြိုင်ပွဲဝင်အသင်းများအနေဖြင့် သတ်မှတ်ထားသော စည်းမျဉ်း/စည်းကမ်းများနှင့်အညီ ပါဝင်ယှဉ်ပြိုင်ကြစေလိုကြောင်း၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်မှ တာဝန်ရှိသူများအနေဖြင့် အမှတ်ပေး စည်းမျဉ်း/စည်းကမ်းများနှင့်အညီ စနစ်တကျကူညီဆောင်ရွက်ပေးစေလိုပါကြောင်း၊ အုပ်ချုပ်သူ/ နည်းပြများအနေဖြင့်လည်း စည်းမျဉ်း/စည်းကမ်းများကို စနစ်တကျ နားလည်သဘောပေါက်ရန်လိုအပ်ပြီး အုပ်ချုပ်သူ/ နည်းပြများမှ အားလုံးဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသွားခဲ့ပါသည်။

ဆက်လက်ပြီး အားကစားစီမံကိန်းနှင့် သုတေသနဌာနခွဲ ဒုတိယညွှန်ကြားရေးမှူး ဒေါ်ခင်မိုးမိုးမှလည်းကောင်း၊ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်မှ တာဝန်ရှိသူများက လည်းကောင်း၊ ပြိုင်ပွဲနှင့်စပ်လျဉ်း၍ ကဏ္ဍအလိုက် လုပ်ဆောင်ရမည်များကို ရှင်းလင်းပြောကြားခဲ့ပါသည်။

ထို့နောက် အားကစားနှင့်ကာယပညာဦးစီးဌာန၊ ယှဉ်ပြိုင်ရေးနှင့် လေ့ကျင့်ရေးဌာနခွဲ(၁) ညွှန်ကြားရေးမှူး ဦးခွန်ဂျာအောင်က အစည်းအဝေးသို့ တက်ရောက်လာကြသော အသင်းအုပ်ချုပ်သူများအား အုပ်ချုပ်မှုဆိုင်ရာကိစ္စရပ်များ၊ စားသောက်နေထိုင်ရေးဆိုင်ရာကိစ္စရပ်များ၊ သယ်ယူပို့ဆောင်ရေးဆိုင်ရာ ကိစ္စရပ်များနှင့် ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ ကိစ္စရပ်များကို ဖြည့်စွက်ပြောကြားသွားကာ အစည်းအဝေးသို့ တက်ရောက်ကြသူများမှ အထွေထွေဆွေးနွေးချက်များကိုတင်ပြခဲ့ကြပြီးနောက် အုပ်စုမဲနှိုက်ခြင်းနှင့် ပွဲစဉ်ဇယားရေးဆွဲခြင်းများကို ပြုလုပ်ခဲ့ကြပါသည်။

စာမျက်နှာ(၆၆)သို့ ▶







▶▶ စွက်ပြောကြား၍ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

အဆိုပါ TECHNICAL BRIEFING MEETING သို့ အားကစားနှင့်လူငယ်ရေးရာ ဝန်ကြီးဌာန၊ အားကစားနှင့် ကာယပညာဦးစီးဌာန ဒုတိယ ညွှန်ကြားရေးမှူးချုပ်များဖြစ်ကြသည့် ဦးကျော်ဦး၊ ဦးကျော်ဆန်းဦးနှင့် ညွှန်ကြားရေးမှူးများ၊ မြန်မာနိုင်ငံ မြင်းစီးအားကစားအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးပြုံးမောင်မောင်နှင့် တာဝန်ရှိသူများ၊ ရန်ကုန်မြင်းစီးအသင်း ဥက္ကဋ္ဌ ဦးဇော်လွင်ဦးနှင့် တာဝန်ရှိသူများ မြန်မာ့လက်ရွေးစင် မြင်းစီးအားကစားသမားဟောင်းများ၊ MEIHTILA RIDING CLUB,MO RIDING CLUB, NAY PYI TAW RIDING CLUB, YECC RIDING CLUB တို့မှ ပြိုင်ပွဲဝင် အားကစားသမားများ တက်ရောက်ခဲ့ကြောင်း သိရသည်။

■

# ၂၀၂၃ ခုနှစ်၊ အာရှသက်ငယ်တန်း အားကစားပြိုင်ပွဲ (Asia Junior Sports Exchange Games 2023) သို့ မြန်မာအားကစားအဖွဲ့ ထွက်ခွာ















● ရန်ကုန်၊ ဩဂုတ်လ(၂၂)ရက်။

၂၀၂၃ ခုနှစ်၊ ဩဂုတ်လ(၂၃) ရက်နေ့မှ (၂၉)ရက်နေ့အထိ ဂျပန်နိုင်ငံ၊ တိုကျိုမြို့တွင် ကျင်းပပြုလုပ်မည့် ၂၀၂၃ ခုနှစ်၊ အာရှသက်ငယ်တန်း အားကစားပြိုင်ပွဲ (Asia Junior Sports Exchange Games 2023) သို့ မြန်မာအားကစားအဖွဲ့ ခေါင်းဆောင် အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန၊ အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဌေးအောင်နှင့် မြန်မာအားကစားအဖွဲ့သည် ယနေ့ည(၁၉း၀၀)နာရီအချိန်၌ လေယာဉ်အမှတ် TG- 304 ဖြင့် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်မှထွက်ခွာရာ အားကစားနှင့် ကာယပညာဦးစီးဌာန၊ အားကစားနှင့် ကာယပညာသိပ္ပံ(ရန်ကုန်) ကျောင်းအုပ်ကြီး ညွှန်ကြားရေးမှူး ဦးအောင်နိုင်ဆွေ၊ ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးအောင်မိုး၊ မြန်မာနိုင်ငံစားပွဲတင် တင်းနစ်အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးကျော်ကျော်နှင့် တာဝန်ရှိသူတို့က လိုက်လံပို့ဆောင်နှုတ်ဆက်ခဲ့ကြသည်။

အဆိုပါ အားကစားအဖွဲ့တွင် အသင်းအုပ်ချုပ်သူ မြန်မာနိုင်ငံကြက်တောင်အဖွဲ့ချုပ်မှ ဒုတိယဥက္ကဋ္ဌ ဦးထွန်းထွန်းဦးနှင့် နည်းပြ(၁)တစ်ဦး၊ စားပွဲတင် တင်းနစ် အားကစားနည်းမှ နည်းပြ(၁)ဦး၊ အားကစားသမား(၆)ဦး၊ ကြက်တောင်အားကစားနည်းမှ နည်းပြ(၂)ဦး၊ အားကစားသမား(၆)ဦး၊ မသန်စွမ်း စားပွဲတင်တင်းနစ် အားကစားနည်းမှ နည်းပြ(၁)ဦး၊ အားကစားသမား(၁)ဦးနှင့် မသန်စွမ်း ကြက်တောင်အားကစားနည်းမှ နည်းပြ(၁)ဦး၊ အားကစားသမား(၁)ဦး စုစုပေါင်း(၂၁)ဦးတို့ လိုက်ပါသွားကြောင်း သိရှိရသည်။






▶ စာမျက်နှာ(၆၅)◦◦◦မှအဆက်

၂၀၂၃ ခုနှစ်၊ ပြည်နယ်နှင့်တိုင်းဒေသကြီးများမှ ပြိုင်ပွဲဝင် အသင်း (၁၄)သင်းဖြင့် အုပ်ချုပ်သူ/နည်းပြနှင့် အားကစားသမား အင်အားစုစုပေါင်း (၂၅၂)ဦး ဝင်ရောက်ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်းနှင့် အဆိုပါပြိုင်ပွဲကို ပြည်နယ် အားကစားကွင်းနှင့် တောင်ကြီးတက္ကသိုလ်ကွင်းများတွင် (၂)ကွင်းခွဲကာ ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း သိရှိရပါသည်။

# ဂျပန်နိုင်ငံ တိုကျိုမြို့တွင်ကျင်းပခဲ့သော Asia Junior Sports Exchange Game 2023 Para ကြက်တောင်ရိုက်ပြိုင်ပွဲတွင် တတိယဆုရရှိ၍ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ပြန်လည်ရောက်ရှိ









● ရန်ကုန်၊ ဩဂုတ်လ(၂၉)ရက်။

ဂျပန်နိုင်ငံ၊တိုကျိုမြို့တွင် ၂၀၂၃ ခုနှစ်၊ ဩဂုတ်လ ၂၃ ရက်နေ့မှ ၂၉ ရက်နေ့အထိ ကျင်းပပြုလုပ်ခဲ့သော Asia Junior Sports Exchange Game 2023 Para ကြက်တောင်ရိုက်ပြိုင်ပွဲတွင် ယှဉ်ပြိုင်ခဲ့ရာ မြန်မာနိုင်ငံကိုယ်စားပြု Para ကြက်တောင် အားကစားသမား မောင်သူရအောင်သည် မြို့တော်အလိုက် အဆင့်(၃)ဖြင့် တတိယဆုရရှိခဲ့သည်။

ပြိုင်ပွဲအပြီးတွင် အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန၊ အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဌေးအောင် ခေါင်းဆောင်သည့်အဖွဲ့သည် ယနေ့ည ၆ နာရီအချိန်တွင် လေယာဉ်ဖြင့် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ရောက်ရှိရာ မြန်မာနိုင်ငံမသန်စွမ်း အားကစားအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးထွန်းနိုင်ဦးနှင့် အဖွဲ့ချုပ်မှ တာဝန်ရှိသူများက လာရောက်ကြိုဆိုခဲ့ကြောင်း သိရှိရသည်။

# အားကစားနှင့် ကာယပညာသိပ္ပံ(မုံရွာ) ကလေးသူငယ်အခွင့်အရေးဆိုင်ရာ ဥပဒေအသိပညာပေးဟောပြောပွဲ ကျင်းပ





● စစ်ကိုင်း၊ ဩဂုတ်လ(၂၃)ရက်။

စစ်ကိုင်းတိုင်းဒေသကြီး လူမှုဝန်ထမ်းရုံးမှ ကြီးမှူး၍ ကလေးသူငယ်အခွင့်အရေးဆိုင်ရာ ဥပဒေအသိပညာပေးဟောပြောပွဲကို အားကစားနှင့်ကာယပညာသိပ္ပံ(မုံရွာ)ကျောင်း စားရိပ်သာ အဆောက်အဦ၌ ယနေ့ နေ့လယ်(၁၄း၃၀) နာရီအချိန်တွင် ကျင်းပပြုလုပ်ခဲ့ရာ အဆိုပါအခမ်းအနားသို့ ကျောင်းအုပ်ကြီး၊ ဒုတိယကျောင်းအုပ်ကြီးများ၊ လက်ထောက်ညွှန်ကြားရေးမှူးများ နည်းပြများနှင့် သင်တန်းသား/သင်တန်းသူများ၊ စစ်ကိုင်းတိုင်းဒေသကြီး ဘေးအန္တရာယ် စီမံခန့်ခွဲမှုဆိုင်ရာဦးစီးဌာန ညွှန်ကြားရေးမှူး၊ လူမှုဝန်ထမ်းရုံး ညွှန်ကြားရေးမှူး၊ ဒုတိယညွှန်ကြားရေးမှူး၊ လက်ထောက် ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပါသည်။

အဆိုပါအခမ်းအနား၌ စစ်ကိုင်းတိုင်းဒေသကြီး ဘေးအန္တရာယ် စီမံခန့်ခွဲမှုဆိုင်ရာဦးစီးဌာန ညွှန်ကြားရေးမှူးမှ ဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးနှင့်ပတ်သက်သည့် အသိပညာများနှင့်လူမှုဝန်ထမ်းရုံးမှဒုတိယညွှန်ကြားရေးမှူး၊ လက်ထောက်ညွှန်ကြားရေးမှူးတို့မှ ကလေးသူငယ် အခွင့်အရေးဆိုင်ရာ ဥပဒေနှင့်ပတ်သက်သည့် အသိပညာများဟောပြောခဲ့ကြောင်း သိရှိရသည်။

# အားကစားနှင့် ကာယပညာသိပ္ပံ(လှိုင်ကော်) တွေ့ဆုံဆန္ဒဖော်ထုတ်ပွဲ(ဒါဘာ)အခမ်းအနားကျင်းပ







● လှိုင်ကော်၊ ဩဂုတ်လ(၂၄)ရက်။

အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန၊ အားကစားနှင့် ကာယပညာဦးစီးဌာန၊ အားကစားနှင့်ကာယပညာသိပ္ပံ (လှိုင်ကော်) ဝန်ထမ်းများ တွေ့ဆုံဆန္ဒဖော်ထုတ်ပွဲ(ဒါဘာ)အခမ်းအနားအား ယနေ့ နေ့လယ်(၁၄း၀၀) နာရီအချိန်၌ အားကစားနှင့် ကာယပညာသိပ္ပံ(လှိုင်ကော်) အစည်းအဝေးခန်းမတွင် ကျင်းပပြုလုပ်ခဲ့ရာ အားကစားနှင့် ကာယပညာသိပ္ပံ (လှိုင်ကော်)ကျောင်းအုပ်ကြီး၊ ဒုတိယကျောင်းအုပ်ကြီးများနှင့် အရာထမ်း(၁၄)ဦး၊အမှုထမ်း(၄၆)ဦး စုစုပေါင်း(၆၀)ဦး တက်ရောက်ခဲ့ပါသည်။

အခမ်းအနားတွင် ကျောင်းအုပ်ကြီးမှ အဖွင့်အမှာစကား ပြောကြားပြီး ဒုတိယ ကျောင်းအုပ်ကြီးများနှင့် လက်ထောက်ညွှန်ကြားရေးမှူးများမှ ရှင်းလင်းဆွေးနွေးပြီးနောက် ကျောင်းအုပ်ကြီးမှ နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သိရှိရပါသည်။

■

# မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ်နှင့် Country Club တို့ စုပေါင်းလှုပ်ရှားအားကစား ပြုလုပ်ခြင်း အခမ်းအနားကျင်းပ













● ရန်ကုန်၊ ဩဂုတ်လ(၁၉)ရက်။

မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ်နှင့် Country Club-တို့ စုပေါင်းလှုပ်ရှားအားကစားပြုလုပ်ခြင်းအခမ်းအနားကို ယနေ့နံနက်(၇)နာရီက ရန်ကုန်မြို့ ဒဂုံမြို့နယ် ဦးဝိစာရလမ်း အမျိုးသားရေကူးကန်ရှိ မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ် လေ့ကျင့်ရေးခန်းမတွင် ကျင်းပရာ မြန်မာနိုင်ငံအမျိုးသမီးအားကစားအဖွဲ့ချုပ်ဒုတိယဥက္ကဋ္ဌ ဒေါ်ချိုချိုလွင်၊ ဒေါ်ရီရီဝင်း၊ ဒေါ်အေးအေးညွန့်၊ ဒေါ်ခင်ညို၊ အထွေထွေအတွင်းရေးမှူး ဒေါ်အေးအေးရွှေနှင့် အလုပ်အမှုဆောင်များ၊ ကလပ်အသင်း ကစားသမားများ တက်ရောက်ကြသည်။

ဦးစွာ မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ရီရီဝင်းက အဖွင့်အမှာစကားပြောကြားပြီး Lighting နှင့် ပန်ကာများအတွက် Main Sponsor အဖြစ် လှူဒါန်းပေးသော ဦးမျိုးထိန်ဝင်းနှင့် ဒေါ်မီမီဆွေ (မြန်မာ့ရတနာ စိန်ရွှေရတနာဆိုင်)တို့အား ဒုတိယဥက္ကဋ္ဌများက ဂုဏ်ပြုမှတ်တမ်းလွှာအားပေးအပ်ခဲ့သည်။

ဆက်လက်၍ Club အသီးသီးမှ စုစုပေါင်းလူဦးရေ (၁၂၀)ဦးခန့်က Fit GYM ၏ Yoga Instructor ဖြင့်(၁၅)မိနစ် Demonstration ပြုလုပ်ခြင်း၊ Training Grounds Myanmar ၏ Body Combut Exercises ဖြင့်(၁၅)မိနစ် Demonstration ပြုလုပ်ခြင်း၊ Zumba Class ၏(၃၀)မိနစ် Demonstration များ ပြုလုပ်ကစားခဲ့သည်။

# (၁၁)ကြိမ်မြောက် အာရှသက်ငယ်တန်း ဝူရှူးချန်ပီယံရှစ်ပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည့် မြန်မာအားကစားအဖွဲ့ ငွေတံဆိပ်(၁)ဆု၊ ကြေးတံဆိပ်(၄)ဆုရရှိ










● ရန်ကုန်၊ ဩဂုတ်လ(၂၂)ရက်။

၂၀၂၃ ခုနှစ်၊ ဩဂုတ်လ(၁၄)ရက်နေ့မှ (၂၁)ရက်နေ့အထိ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ မကာအိုမြို့တွင် ကျင်းပပြုလုပ်သည့် (၁၁)ကြိမ်မြောက် အာရှသက်ငယ်တန်း ဝူရှူးချန်ပီယံရှစ်ပြိုင်ပွဲ (11th Asian Junior Wushu Championships) သို့ ဝင်ရောက်ယှဉ်ပြိုင်ခဲ့သော မြန်မာဝူရှူး အားကစားအဖွဲ့သည် ယနေ့နံနက်(၀၈း၀၀)နာရီအချိန်တွင် လေယာဉ်အမှတ် ST-251 ဖြင့် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ပြန်လည်ရောက်ရှိလာရာ အားကစားနှင့် ကာယပညာဦးစီးဌာန၊ အားကစားနှင့် ကာယပညာသိပ္ပံ (ရန်ကုန်)ကျောင်းအုပ်ကြီး ညွှန်ကြားရေးမှူး ဦးအောင်နိုင်ဆွေ၊ ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့်ကာယ

▶▶

# ၂၀၂၃ ခုနှစ်၊ အမျိုးသမီး ကိုယ်ကာယကြံ့ခိုင်မှုနည်းပြနှင့် ဒိုင်သင်တန်းဆင်းပွဲ အခမ်းအနားကျင်းပ

















● ရန်ကုန်၊ ဩဂုတ်လ(၂၇)ရက်။

အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန၏ ဦးဆောင်မှုဖြင့် မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ်မှ ကြီးမှူးဖွင့်လှစ်သည့် ၂၀၂၃ ခုနှစ်၊ အမျိုးသမီး ကိုယ်ကာယကြံ့ခိုင်မှုနည်းပြနှင့် ဒိုင်သင်တန်းဆင်းပွဲအခမ်းအနားကို ယနေ့နံနက်(၉)နာရီအချိန်တွင် ရန်ကုန်တိုင်းဒေသကြီး သင်္ဃန်းကျွန်းမြို့နယ်ရှိ အမျိုးသားအားကစားပြိုင်ပွဲရုံ(၁)သုဝဏ္ဏ၌ ကျင်းပရာ အားကစားနှင့် ကာယပညာဦးစီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ မြန်မာနိုင်ငံ အမျိုးသမီး အားကစားအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌများ၊ အမှုဆောင်များ၊ သင်တန်း နည်းပြဆရာများနှင့် ပြည်နယ်နှင့် တိုင်းဒေသကြီးများမှ သင်




တန်းသူများ တက်ရောက်ကြပါသည်။

အစီအစဉ်အရ မြန်မာနိုင်ငံ အမျိုးသမီး အားကစားအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ရီရီဝင်းမှသင်တန်းဆင်း အမှာစကားများ ပြောကြားပြီးနောက် သင်တန်းဆင်းလက်မှတ်ချီးမြှင့်ရာ သင်တန်းသူများကိုယ်စား တစ်ဦးမှ လက်ခံရယူခဲ့ပါသည်။

ထို့နောက် သင်တန်းထူးချွန်ဆုနှင့် နှစ်သိမ့်ဆုများချီးမြှင့်ရာ ပထမဆုရရှိသည့် ကသ-၃၈ မသျှားထက်နီ(ရန်ကုန်တိုင်းဒေသကြီး)၊ ဒုတိယဆုရရှိသည့် ကသ-၇ မသင်းမြမြနှင်း (ကရင်ပြည်နယ်)နှင့် တတိယဆုရရှိသည့် ကသ-၁၅ မကေသွယ်နှင်း (တနင်္သာရီတိုင်းဒေသကြီး) တို့အား မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်ညိုက လည်းကောင်း၊ နှစ်သိမ့်ဆုရရှိသူများအား မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ် အလုပ်အမှုဆောင် ဒေါ်ဂျနီဖာတင်လေးက လည်းကောင်း ဆုများ ချီးမြှင့်ခဲ့ပါသည်။

ဆက်လက်၍ သင်တန်းကြီးကြပ်သူများနှင့် နည်းပြဆရာများအား မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ် အတွင်းရေးမှူး ဒေါ်အေးအေးရွှေက အမှတ်တရ ဂုဏ်ပြုလက်ဆောင်များ ပေးအပ်ချီးမြှင့်ခဲ့ပါသည်။

ထို့နောက် သင်တန်းသူများက စုပေါင်းအားကစား သရုပ်ပြသခဲ့ကြပြီးစုပေါင်း မှတ်တမ်းတင်ဓာတ်ပုံရိုက်ကူးခဲ့ကြောင်း သိရှိရသည်။

---

▶▶

ပညာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးအောင်မိုးနှင့် တာဝန်ရှိသူတို့က ဂုဏ်ပြုကြိုဆိုကြပါသည်။

အဆိုပါ ပြန်လည်ရောက်ရှိလာသည့် မြန်မာဝူရှုးအားကစားအဖွဲ့တွင် တင်ထူးဝေက နန်းကွန့်အားကစားနည်း၌ ငွေတံဆိပ်(၁)ဆု၊ နန်းသောင်းနှင့် နန်းချွမ်အားကစားနည်း၌ ကြေးတံဆိပ်(၁)ဆုစီကို လည်းကောင်း၊ မျိုးထွယ်ရန်နှင့် မေသော်တာတို့က ချန်းစုအားကစားနည်း၌ ကြေးတံဆိပ်(၁)ဆုစီကိုလည်းကောင်း၊ ဝေယံမိုးဟိန်းက ချန်းစုနှင့် ကျန့်စု အားကစားနည်း၌ အဆင့်(၇)ကိုလည်းကောင်း၊ ဟန်စုန္ဒေးက သောင်းစုနှင့် ကွန်စုအားကစားနည်း၌ အဆင့်(၅)ကိုလည်းကောင်း ရရှိခဲ့ကြောင်း သိရှိရသည်။

























ကျောဖုံးသတင်း၊၊၊မှအဆက်

ချီးမြှင့်ပေးသွားမည်ဖြစ်ကြောင်း၊လူငယ်များဘက်စုံဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ဘက်ပေါင်းစုံမှဟန်ချက်ညီညီ ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ခြင်းဖြင့် အနာဂတ်တွင် တိုင်းချစ်ပြည်ချစ်စိတ်ရှိပြီး စိတ်ဓာတ်စည်းကမ်း ကောင်းမွန်သည့် လူကောင်းလူတော်များ မွေးထုတ်ပေးနိုင်မည်ဖြစ်ကြောင်း၊ လူငယ်များ၏ စွမ်းပကားဖြင့် လူမှုစီးပွားဘဝသာယာဖွံ့ဖြိုးတိုးတက်သော အနာဂတ်လူ့ဘောင်အဖွဲ့အစည်းအား ဖန်တီးပုံဖော်နိုင်မည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ဆက်လက်၍ ကုလသမဂ္ဂအထွေထွေ အတွင်းရေးမှူးချုပ် Mr.Antonio Guterresက အပြည်ပြည်ဆိုင်ရာ လူငယ်များနေ့အတွက် ပေးပို့လာသည့် သဝဏ်လွှာအား

▶▶












မြန်မာနိုင်ငံ လူငယ်ရေးရာလုပ်ငန်းကော်မတီ ဥက္ကဋ္ဌ၊ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဇော်မင်းထက်က ဖတ်ကြားခဲ့ပြီးနောက် ၂၀၂၃ ခုနှစ်၊ အပြည်ပြည်ဆိုင်ရာ လူငယ်များနေ့ အထိမ်းအမှတ် လူငယ်ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း ဆောင်ရွက်ချက်မှတ်တမ်း (Video Clip)အား ပြသခဲ့သည်။

ထို့နောက်ပြည်ထောင်စုဝန်ကြီးများက ထူးချွန်ဆုရ လူငယ်များအား ဂုဏ်ပြုဆုငွေများနှင့်ဂုဏ်ပြုမှတ်တမ်းလွှာများကို ပေးအပ်ချီးမြှင့်ခဲ့ပြီးနောက် လူငယ်များကိုယ်စား ထူးချွန်လူငယ်တစ်ဦးက ကျေးဇူးတင်စကား ပြောကြားခဲ့ပြီး စုပေါင်းမှတ်တမ်းဓာတ်ပုံရိုက်ကူး၍ အခမ်းအနားအားရုပ်သိမ်းခဲ့သည်။

အဆိုပါ အပြည်ပြည်ဆိုင်ရာ လူငယ်များနေ့ အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ မြန်မာနိုင်ငံလူငယ်ရေးရာ ဗဟိုကော်မတီအဖွဲ့ဝင်များ၊ မြန်မာနိုင်ငံလူငယ်ရေးရာ လုပ်ငန်းကော်မတီအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

# ထိုင်းနိုင်ငံသည် ၂၀၂၅ ခုနှစ် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲကို အောင်မြင်စွာ လက်ခံကျင်းပနိုင်မည်ဟုယုံကြည်

ထိုင်းအားကစားအာဏာပိုင်အဖွဲ့ အုပ်ချုပ်ရေးမှူး Gongsak Yodmani ကအောက်ပါအတိုင်း ပြောကြားခဲ့ပါသည်-

(၂)နှစ်တစ်ကြိမ် ကျင်းပလေ့ရှိသည့် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ၏ (၃၃)ကြိမ်မြောက်ပြိုင်ပွဲကို အဆင်ပြေချောမွေ့စွာ လက်ခံကျင်းပနိုင်စေရန် အဖက်ဖက်မှ ပြင်ဆင်ဆောင်ရွက်ထားပါကြောင်း။ ပြိုင်ပွဲအတွက် အားကစားကွင်း/ရုံအသစ်များ တည်ဆောက်ရန် မလိုအပ်ပါကြောင်း၊ အဓိက အားကစားရုံဖြစ်သည့် Rajamangala အားကစားရုံအပါအဝင် လက်ရှိအားကစားကွင်း/ရုံများကို ပြန်လည်မွမ်းမံပြင်ဆင်ရန် ဆုံးဖြတ်ထားပါကြောင်း။

အာဆီယံဒေသတွင်းမှ အားကစားသမားများ တည်းခိုနေထိုင်ရန် အားကစားရွာအသစ်တစ်ခုကိုလည်းပဲ ဆောက်လုပ်ရန် အစီအစဉ်မရှိပါကြောင်းနှင့် ပြည်နယ်(၃)ခုမှ တက္ကသိုလ်များ(သို့မဟုတ်) ဟိုတယ်များတွင် ၎င်းတို့ကို နေရာချထားရန်အတွက် စီစဉ်ထားရှိပါကြောင်း ထပ်လောင်းပြောကြားခဲ့ပါသည်။




အားကစားကွင်း/ရုံအသစ်များ ဆောက်လုပ်မည်မဟုတ်ပါကြောင်းနှင့် သတ်မှတ်ထားသည့်ဘဏ္ဍာရေးခွင့်ပြုငွေဖြင့် ပြန်လည်မွမ်းမံခြင်းလုပ်ငန်းများကို အဆင့်မီမီ လုပ်ဆောင်သွားမည်ဖြစ်ကြောင်း။ အာဆီယံနိုင်ငံတိုင်းအတွက် ယှဉ်ပြိုင်မှုသာမက ညှော့ဝတ်ကျေပွန်မှုနှင့် သာတူညီမျှဖြစ်နိုင်စေရန် အကောင်းဆုံး ဝန်ဆောင်မှုပေးနိုင်မည်ဟုယုံကြည်ထားကြောင်း ယနေ့ပြုလုပ်သည့်သတင်းစာရှင်းလင်းပွဲတွင် ၎င်းက ပြောကြားခဲ့ပါသည်။

ပါဝင်မည့် အားကစားနည်း အမျိုးအစားအရေအတွက်၊ ပြိုင်ပွဲကျင်းပမည့် နေရာများကို အပြီးသတ် မသတ်မှတ်ရသေးပါကြောင်း၊ နောက်ပိုင်းတွင် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ အဖွဲ့ချုပ်ကောင်စီနှင့် ညှိနှိုင်းဆွေးနွေးသွားမည်ဖြစ်ကြောင်း Gongsak ဆက်လက်ပြောကြားခဲ့ပါသည်။

သို့သော်လည်း အားကစားနည်းအများစုကို မြို့တော်ဘန်ကောက်တွင် လည်းကောင်း ရေနှင့်ပတ်သက်သည့် ပြိုင်ပွဲများကို Chonburi တွင်လည်းကောင်း၊ ဘောလုံးပြိုင်ပွဲနှင့် ပိုက်ကျော်ခြင်းပြိုင်ပွဲများကို Songkhla တွင်လည်းကောင်း ကျင်းပမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

(၃၃)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲသည် ထိုင်းနိုင်ငံအနေဖြင့် (၆)ကြိမ်မြောက် အိမ်ရှင်အဖြစ် လက်ခံကျင်းပခြင်းဖြစ်ပြီး နောက်ဆုံးအကြိမ်အဖြစ် ၂၀၀၇ ခုနှစ်တွင် Nakhon Ratchasima ၌ ကျင်းပခဲ့ဖူးပါသည်။

ဘာသာပြန် - ဦးအောင်သူ (ဌာနခွဲစာရေး)
ဒေါ်ဇင်ဖြူဖြူနှင်း (ဌာနခွဲစာရေး)
ဒေါ်အေးနန္ဒာအောင်၊ ဒု-ဦးစီးမှူး(ကွန်ပျူတာ)

# အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံ အပြည်ပြည်ဆိုင်ရာလူငယ်များနေ့ အခမ်းအနား တက်ရောက်




● နေပြည်တော်၊ ဩဂုတ်လ(၁၂)ရက်။

အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနမှ ကြီးမှူးသည့် ၂၀၂၃ ခုနှစ်၊ အပြည်ပြည်ဆိုင်ရာ လူငယ်များနေ့အခမ်းအနားကို ယနေ့နံနက်(၉)နာရီတွင် နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားရုံ(B)၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် မြန်မာနိုင်ငံလူငယ်ရေးရာ ဗဟိုကော်မတီဥက္ကဋ္ဌ၊ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံက အဖွင့်အမှာစကားပြောကြားရာတွင် တိုင်းပြည်တာဝန်များကို ပခုံးပြောင်း တာဝန်ထမ်းဆောင်မည့် လူငယ်များ ဘက်စုံဖွံ့ဖြိုးတိုးတက်စေရေးနှင့် နိုင်ငံ့သားကောင်းလူငယ်များ ပေါ်ထွက်လာစေရေးတို့အတွက် စနစ်တကျ ပြုစုပျိုးထောင်ပေးရန်လိုကြောင်း၊ မျိုးဆက်သစ်လူငယ်များရင်ဆိုင်ကြုံတွေ့နေရသည့် စိန်ခေါ်မှုများနှင့်အခက်အခဲများကိုနိုင်ငံတကာအသိုက်အဝန်းက သိရှိနားလည်စေရန်ရည်ရွယ်၍ ကုလသမဂ္ဂအထွေထွေညီလာခံ၏ ဆုံးဖြတ်ချက်ဖြင့် ဩဂုတ်လ(၁၂)ရက်နေ့ကို အပြည်ပြည်ဆိုင်ရာ လူငယ်များနေ့အဖြစ် သတ်မှတ်ခဲ့ပြီး နိုင်ငံတကာတွင် နှစ်စဉ်ကျင်းပ ပြုလုပ်လျက်ရှိကြောင်း၊ ၂၀၂၃ ခုနှစ် အပြည်ပြည်ဆိုင်ရာ လူငယ်များနေ့အတွက် "ကမ္ဘာကြီးရေရှည်တည်တံ့ဖို့ လူငယ့်စွမ်းအားဖြင့် ဖန်တီးစို့" ဆောင်ပုဒ်နှင့်အညီ မျိုးဆက်သစ်လူငယ်များ အချင်းချင်းပူးပေါင်း၍ လူငယ်များ၏ စွမ်းအားကိုအသုံးပြုပြီး ကမ္ဘာကြီးရေရှည်တည်တံ့နိုင်စေရေးအတွက် အရှိန်မြှင့်တင်ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီမှဦးတည်ချက်(၉)ရပ်အနက် လူမှုရေးဦးတည်ချက်(၃)ရပ်နှင့် မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်းတို့နှင့်အညီ လူငယ်များ ဘက်စုံဖွံ့ဖြိုးတိုးတက်စေရေးအတွက် ကဏ္ဍပေါင်းစုံမှ ဆောင်ရွက်လျက်ရှိကြောင်း၊ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနအနေဖြင့် လူငယ်များ ဗလငါးတန်နှင့်ပြည့်စုံပြီး ဘက်စုံဖွံ့ဖြိုးတိုးတက်စေရေးအတွက် လူငယ်ရေးရာကိစ္စရပ်များကို မူဝါဒ၊ ရည်မှန်းချက်နှင့်လုပ်ငန်းစဉ်များ စနစ်တကျ ထိထိရောက်ရောက် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ လူငယ်ရေးရာမူဝါဒကဏ္ဍ (၁၆)ရပ်သည် လူငယ်များအတွက် အလေးထားဆောင်ရွက်ရမည့် ကဏ္ဍများဖြစ်ကြောင်း၊ လူငယ်များကိုမှန်ကန်သည့် လမ်းကြောင်းပေါ်သို့ ရောက်ရှိစေပြီး နိုင်ငံတော်ကို အကျိုးပြုမည့် နိုင်ငံ့သားကောင်းများ ဖြစ်လာစေရေးအတွက် သက်ဆိုင်ရာဌာနများနှင့် အဖွဲ့အစည်းများမှ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း၊ နေပြည်တော်ကောင်စီ အပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် မြန်မာနိုင်ငံ လူငယ်ရေးရာဗဟိုကော်မတီ၊ မြန်မာနိုင်ငံလူငယ်ရေးရာလုပ်ငန်းကော်မတီနှင့် လူငယ်ရေးရာကော်မတီများကို ဖွဲ့စည်းပေးခဲ့ပြီးဖြစ်ကြောင်း၊ လူငယ်များ ဘက်စုံဖွံ့ဖြိုးတိုးတက်စေရေးအတွက် အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ဦးဆောင် ဝန်ကြီးဌာနများဖြစ်သည့် အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာန၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနများ အပါအဝင် ပြည်ထောင်စုဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များနှင့်အတူ ပြည်သူတစ်ရပ်လုံးက အမျိုးသားရေးအသိဖြင့် ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ ယနေ့အခမ်းအနားတွင် ထူးချွန်သည့် နိုင်ငံ့ဂုဏ်ဆောင်လူငယ်မောင်/မယ်များကို ဂုဏ်ပြုဆုငွေများ





စာမျက်နှာ(၇၀)သို့